ကြေးမုံ

The Mirror

Established in 1957

၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်၊ ကြာသပတေးနေ့၊ (28-8-2014) (၇၉၄၆)

ထကြွလုံ့လ ရှိရာ၏။ သတိမမေ့ရာ၊ သူတော်ကောင်း အကျင့်ကို ကောင်းစွာကျင့်ရာ၏။ တရားကျင့်သောသူသည် ဤဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌ လည်းကောင်း ချမ်းသာစွာ နေရ၏။ (ဓမ္မပဒ)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အရှေ့အာရှစီးပွားရေးဆိုင်ရာ စီးပွားရေးဝန်ကြီးများနှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အရှေ့အာရှစီးပွားရေးဆိုင်ရာ စီးပွားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးအေးမြင့်ကြူ၊ ဒေါက်တာကံဇော်၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး အာဆီယံနိုင်ငံများနှင့် ဩစတြေးလျ၊ ကနေဒါ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ နယူးဇီလန်၊ ရုရှား၊ ကိုရီးယား၊ အမေရိကန်နိုင်ငံတို့မှစီးပွားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာ လီယောင်မင်တို့တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အရှေ့အာရှစီးပွားရေးဆိုင်ရာ စီးပွားရေးဝန်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

လယ်ကေရှစ်သောင်းကျော် ရေပေးဝေနိုင်မည့် မဏိပူရရေလှောင်တမံ ဘက်စုံစီမံကိန်း

ကလေး ဩဂုတ် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်၏ တောင်ဘက် ကမ္ဘာ့နီတံတားအထက်ဘက် နှစ်မိုင်ခွဲခန့်အကွာ မဏိပူရမြစ်ပေါ်တွင် ဘက်စုံရေလှောင်တမံ စီမံကိန်းကြီးကို ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်မှစတင်ပြီး တည်ဆောက်နေရာ စီမံကိန်းအားလုံးပြီးစီးပါက လယ်ဧက ရှစ်သောင်းကျော်ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

မဏိပူရမြစ်သည် အိန္ဒိယနိုင်ငံမှ စတင်မြစ်ဖျားခံစီးဆင်းလာရာ ချင်းပြည်နယ် ဖလမ်းမြို့နယ်မှတစ်ဆင့် ကလေးမြို့နယ်အတွင်းသို့ ဝင်ရောက်လာသောချောင်းတစ်ခုဖြစ်ပြီး လယ်ယာမြေများကို နွေ၊ မိုး၊ ဆောင်း ဆည်ရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

မဏိပူရဆည်သည် ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာ ၆၇၈၅ ဧက ရှိကာ ကျောက်ဖြည့်တမံအမျိုးအစားဖြစ်ပြီး အမြင့် ၅၂၇ ပေ၊ အလျား ၂၄၄၄ ပေ ရှိကာ လယ်များဆည်ရေသောက်နိုင်ရေး စနစ်အနေဖြင့်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❑

ချင်းတွင်းမြစ်ရေ အခြေအနေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၂၇

ယနေ့ နံနက် ၁၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၂၂ စင်တီမီတာ (၀ ဒသမ ၇ ပေခန့်)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှနောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိ နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

ကြေးမုံစာတည်းရှုထောင့် **၂၈-၈-၂၀၁၄၊ ကြာသပတေးနေ့**

လျှပ်စစ်အန္တရာယ် အစဉ်သတိပြုဖွယ်

ဓာတ်လိုက်မှုအန္တရာယ်ရှိနိုင်သဖြင့် နေအိမ်၊ ဝင်းခြံစည်းရိုး၊ သံပန်း၊ သံတံခါး၊ သံဆန်ခါများတွင် မီးကြိုးများသွယ်တန်း ချည်နှောင်ခြင်းမပြုရ။

ဓာတ်အားလိုင်းကြိုးများ၊ အိမ်သုံးဆားဗစ်ဝါယာကြိုးများ ပြတ်ကျမှုများ တွေ့ရှိပါက ကိုင်တွယ်မှုလုံးဝ(လုံးဝ) မပြုလုပ်ရပါ။ အခြားသူများ မကိုင်မိအောင်လည်း စောင့်ကြည့်တားဆီးထားပါ။ လျှပ်စစ်လုပ်ငန်းကျွမ်းကျင်သူ လျှပ်စစ်ရုံးသို့ အမြန်ဆုံးအကြောင်းကြားပါ။

ဓာတ်အားလိုင်းကြိုးများ နိမ့်ကျနေခြင်း၊ ဓာတ်အားလိုင်းကြိုးများပေါ်တွင် မီးပွားများဖြစ်ပေါ်နေခြင်းများ တွေ့ရှိပါက လျှပ်စစ်ရုံးသို့ အမြန်အကြောင်းကြားပါ။

TV အင်တာနာတိုင် တပ်ဆင်ရာတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရန်အတွက် ဓာတ်အားလိုင်းကြိုးအနီးနှင့် ဓာတ်အားလိုင်းကြိုးများအောက်တွင် စိုက်ထူခြင်းမပြုလုပ်ရန် အထူးသတိပြုပါ။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းစာမှတစ်ဆင့် ပြည်သူများသို့ အသိ၊ သတိပေးထားချက်များ ဖြစ်ပါသည်။ ထို့နည်းတူ မြို့နယ်မှ တာဝန်ရှိသူများကလည်း လျှပ်စစ်အန္တရာယ်ကင်းဝေးရေး ပညာပေးဟောပြောပွဲများကို မြို့နယ်တိုင်းမှာ ကျင်းပအသိပေးလျက်ရှိနေသည်ကို တွေ့ရသည်။ ထိုသို့ သတိပေးထားသော်လည်း အသိအမြင်ဗဟုသုတ နည်းပါးခြင်း၊ သတိမမူမိခြင်းတို့ကြောင့် အသက်အန္တရာယ်ကြုံတွေ့ရမှုများ ရှိနေသည်။

ပြည်သူများသို့ လျှပ်စစ်အန္တရာယ်ကို ကြိုတင်အသိပေးသလို အခြားတစ်ဖက်တွင်လည်း တာဝန်ရှိသူများကိုယ်တိုင် မိမိတာဝန်ယူထားရာ မြို့နယ်အတွင်း ကွင်းဆင်းစစ်ဆေးမှုများ မကြာခဏပြုလုပ်နေသင့်ပါသည်။ မြို့ပြလျှပ်စစ်မီးတိုင်များဆိုလျှင် မနိုင်ဝန်ကို ထမ်းနေရသည်။ လျှပ်စစ်ကြိုးများ ပင့်ကူအိမ်သဖွယ် ရှုပ်ယှက်ခတ်လျက်ရှိနေသည်။ လိုင်းပူး၊ လိုင်းခွာအန္တရာယ်များ အချိန်မရွေးရှိနိုင်ပါသည်။ ကျွမ်းကျင်ရာလိမ္မာ ပညာရှင်များသာ အန္တရာယ်ရှိ၊ မရှိကို ကြိုတင်သိနိုင်၍ ကြိုတင်ကာကွယ်မှုပြုလုပ်ပေးကြရမည်ဖြစ်သည်။

အချို့ဓာတ်ကြိုးလိုင်းများမှာ နှစ်ပရိစ္ဆေဒကြာလှပြီ။ အိုမင်းဟောင်းနွမ်းနေပြီး ဓာတ်ကြိုးများကြံ့ခိုင်ရေးအတွက် အချိန်မီလဲလှယ်ပြုပြင်သင့်သည့် အချက်များဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် ဤလျှပ်စစ်ကြိုးများ အသစ်လဲလှယ်တပ်ဆင်ရေး အဆိုတင်သွင်းခဲ့သည်။ ဝိုင်းဝန်းထောက်ခံဆွေးနွေးကြသည်။ အထူးသဖြင့် အသစ်လဲလှယ်ပါက မြေအောက်ဓာတ်ကြိုးလိုင်းများ ဖြစ်သင့်ကြောင်း အထောက်အထားများနှင့် အကြံပြုကြသည်။ ရန်ကုန်မြို့ပြ၏ အချိန်မီလုပ်ဆောင်သင့်သည့်အချက်တစ်ရပ်ဖြစ်ပါသည်။ ထိုသို့ အသစ်လဲလှယ်ရန်အတွက် ငွေကြေးမြောက်မြားစွာ ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။ တစ်ပြိုင်တည်းမှာ အားလုံးကို မဆောင်ရွက်နိုင်၊ ကဏ္ဍလိုက်၊ အပိုင်းလိုက်ကို စနစ်တကျနှင့် အသစ်တပ်ဆင်ခြင်း၊ အဟောင်းများကို အန္တရာယ်ကင်းအောင် ယာယီပြုပြင်ပေးခြင်းများကို ဘဏ္ဍာရေးနှစ်အလိုက် ရေရှည်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ဤသို့ လုပ်ဆောင်သွားလျှင် မကြာမီ အားလုံးဆောင်ရွက်သွားနိုင်မည်ဖြစ်ပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းသွားနိုင်ပါသည်။ မြို့ပြနေ ပြည်သူများသာ အန္တရာယ်ကင်းဝေးမည်သာမကဘဲ မြို့ပြအကျိုးဆောင်၊ မြို့ပြအလှလမ်းဘေးသစ်ပင်ကြီးငယ်များသည်လည်း လျှပ်စစ်ကြိုးနှင့် မလွတ်၍ မကြာမကြာ ခုတ်ထစ်၊ ကိုင်းဖြတ်၊ ခုတ်လှဲခံနေရမှုများမှ လွတ်ကင်းသွားမည်ဖြစ်ပါသည်။ အကြောင်းမူ မြို့ပြ၏ လျှပ်စစ်ကြိုးများအားလုံး မြေအောက်ရောက်သွားမည်ဖြစ်ပါသည်။ ဤသို့ဖြင့် ရန်ကုန်မြို့ကြီးသည် လျှပ်စစ်အန္တရာယ်ကင်းရှင်းလျက် သစ်ပင်၊ သစ်တောများဖြင့်ဖွံ့ဖြိုးရှင်သန်မည့် ပန်းမန်ဥယျာဉ်မြို့တော်တစ်ခုဖြစ်လာပါလိမ့်မည်။

လျှပ်စစ်နှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် လူဦးရေ၏ ၃၀ ရာခိုင်နှုန်းကျော်သာ သုံးစွဲနိုင်ကြသေးသည်။ ယေဘုယျအားဖြင့် မြို့ပြတွင်ဦးစားပေး လျှပ်စစ်သုံးစွဲနိုင်သည်။ မိမိတို့နိုင်ငံတွင် ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းရှိရာ ၂၀၁၆ ခုနှစ်တွင် နိုင်ငံ့လူဦးရေ၏ ၆၀ ရာခိုင်နှုန်းထိ လျှပ်စစ်မီးရရှိရန် ရေတိုရေရှည်စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။

လျှပ်စစ်သုံးစွဲမှုများလာသည်နှင့်အမျှ အခြားတစ်ဖက်မှာ လျှပ်စစ်အန္တရာယ်ကလည်း လိုက်ပါလာနိုင်သည်။ သို့သော် အားသာချက်တစ်ရပ်မှာ အချိန်မီလဲလှယ်သုံးစွဲလာမည့် လျှပ်စစ်ကြိုးများ အသစ်ဖြစ်၍ ကြံ့ခိုင်မှုရှိနေမည် ဖြစ်ပါသည်။

မည်သည့်အရာမဆို လူကိုအကျိုးပြုသည်မှန်သော်လည်း မသုံးစွဲတတ်လျှင် အန္တရာယ်ရှိနိုင်သည်ကို သတိမူရမည်ဖြစ်ပါသည်။ ။

ကုန်သွယ်မှုမြှင့်တင်ရေး ဆွေးနွေး

နေပြည်တော် သြဂုတ် ၂၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် သြဂုတ် ၂၆ ရက် နံနက် ၉ နာရီခွဲတွင် သြစတြေးလျနိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီး H.E.Mr. Andrew Robb AO MP ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား အဆိုပါဝန်ကြီးရုံး အစည်းအဝေးဧည့်ခန်းမ၌ တွေ့ဆုံပြီး ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုလျင်မြန်ချောမွေ့ရေး၊ ကုန်သွယ်မှုဖြေလျှော့ရေး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ကုန်သွယ်မှုဆိုင်ရာ အသိပညာပေးရေးလုပ်ငန်းများ၊ ဘဏ္ဍာရေးကဏ္ဍအပါအဝင် အခြားကဏ္ဍများအတွက် ကျွမ်းကျင်သူများဖြင့် နည်းပညာများ ကူညီပံ့ပိုးပေးသွားမည်ကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငါးဖမ်းရေယာဉ်များ စောင့်ကြည့်ထိန်းချုပ်ရေးစနစ် သရုပ်ပြ

နေပြည်တော် သြဂုတ် ၂၇

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် သြဂုတ် ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ငါး၊ ပုစွန် မွေးမြူရေး၊ ရေထွက်ပစ္စည်းပို့ကုန်လုပ်ငန်းရှင်များပါဝင်သော အလုပ်အဖွဲ့ (Working Group)များမှ တာဝန်ရှိသူများ၊ ညီနောင်အသင်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ပုစွန်မွေးမြူရေးတိုးတက်ဖွံ့ဖြိုးရေးနှင့် ရေထွက်ပစ္စည်းပို့ကုန်များ၊ စီမံကိန်းလျာထားချက်အမီ ပိုမိုတင်ပို့နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းသည်။

ဒုတိယဝန်ကြီးသည် သြဂုတ် ၂၆ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံငါးဖမ်းလုပ်ငန်းအဖွဲ့ချုပ် အပတ်စဉ်ပုံမှန်အစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ဆက်လက်ပြီး ငါးဖမ်းလုပ်ငန်းအဖွဲ့ချုပ် အစည်းအဝေးခန်းမ(၁)တွင် ကျင်းပသော ပြင်သစ်နိုင်ငံ Collecte Localisation Satellite (CLS) ကိုယ်စားလှယ် Philippe Courrouyan မှ ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံပင်လယ်ကမ်းဝေးငါးဖမ်းလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများအား ငါးဖမ်းရေယာဉ်များ၌ ဂြိုဟ်တုစနစ်သုံး၊ ငါးဖမ်းရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးစနစ် (Vessel Monitoring System -VMS) တပ်ဆင်ခြင်း၊ သရုပ်ပြရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်၍ VMS စနစ်ဖြင့် ရှင်းလင်းသရုပ်ပြမှုများအား လေ့လာကြည့်ရှုသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် သရုပ်ပြပွဲသို့ လိုက်ပါလာသော မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံရုံးမှ Dominique causse (Head of the Economic Services) နှင့် French Development Agency (FDA) မှ ဌာနေကိုယ်စားလှယ် Julia De PIERREPONT တို့နှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရာထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၁/ ၂၀၁၄) ဖွင့်

နေပြည်တော် သြဂုတ် ၂၇

နိုင်ငံတော်၏ တတိယအဆင့် (Third Wave) ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်းသည့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးအဆင့် အရာထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၁၄) ဖွင့်ပွဲကို သြဂုတ် ၂၅ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့် တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးအဆင့် အရာထမ်းအင်အား ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် သြဂုတ် ၂၇

ရန်ကုန်	ရွှေဈေး	၆၆၉၄၀၀	-	၆၇၀၄၀၀
မန္တလေး	ရွှေဈေး	၆၆၉၃၀၀	-	၆၇၀၃၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၂၀၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၄၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၇၀. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၂၇၆. ၄
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၇. ၆၆
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၀. ၃၈၄
(င)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၆. ၈၆
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၆. ၀၅၀
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၃၁. ၇၁
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၅. ၅၆၂
(ဈ)	သြစတြေးလျ	တစ်ဒေါ်လာ	= ၉၀၃. ၅၀
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၆. ၇၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း



ပြည်တွင်းရေးရာ

မြန်မာနိုင်ငံ၏ လွှတ်တော်သုတေသနလုပ်ငန်းများ ကူညီထောက်ပံ့ပေးခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၇

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဗြိတိန်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးမှုဝန်ကြီးဌာနဝန်ကြီး H.E.Mr.Desmond Swayne ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဓာတ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ လွှတ်တော်သုတေသနလုပ်ငန်းများကို ကူညီထောက်ပံ့ပေးခြင်းနှင့်စပ်လျဉ်း၍ ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၇

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr.Giuseppe de-Vincentis သည် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုအား ဧည့်ခန်းမ၌ ယနေ့မွန်းလွဲ ၁ နာရီတွင် လာရောက်တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး စွမ်းရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး စွမ်းရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ မူးယစ်ပြတိုက်၌ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့ကကြီးမှူး၍ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) နှင့် ပူးပေါင်းကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူးက မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အချက်များ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ တိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရမည့် အချက်များကို အကျယ်တဝင့်ရှင်းလင်းဆွေးနွေးသည်။ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)က ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force- FATF) ၏ အကြံပြုချက်(၄၀)နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအောင်မြင်စွာ တိုက်ဖျက်နိုင်မှသာ နိုင်ငံတော်၏ ငွေကြေးစနစ်ခိုင်မာ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအောင်မြင်စွာ တိုက်ဖျက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၂၉ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် ရေးဆွဲဆောင်ရွက်လျက်ရှိသည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနည်းဥပဒေ၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးနည်းဥပဒေတို့နှင့် ပတ်သက်၍ နိုင်ငံတကာစံနှုန်းများနှင့်အညီ ပြဋ္ဌာန်းကျင့်သုံးနိုင်ရေးကိုလည်း ထည့်သွင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စိုက်ပျိုးထုတ်လုပ်ရောင်းချသူတောင်သူများနှင့် ပြည်တွင်းပြည်ပ ချိတ်ဆက်ရောင်းဝယ်နိုင်ရန်အတွက် လက်ကားဈေးကွက်ဖွံ့ဖြိုးရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၇

မန္တလေးတိုင်းဒေသကြီးသည် သရက်သီး၊ ဖရဲသီး၊ စပျစ်သီး၊ ငှက်ပျောသီး စသည့်သစ်သီးဝလံများ စီးပွားဖြစ်စိုက်ပျိုးထွက်ရှိပြီး ပြည်တွင်းဈေးကွက်သာမက ပြည်ပသို့ချိတ်ဆက်တင်ပို့ရောင်းချနိုင်သည့် အလားအလာရှိသော တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ ပန်းမန်အသင်းနှင့် သရက်သီးအစုအဖွဲ့၊ ဖရဲသီးအစုအဖွဲ့၊ စပျစ်သီးအစုအဖွဲ့၊ ကော်ဖီအစုအဖွဲ့၊ ပန်းမန်အစုအဖွဲ့ စသည့် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသည့် အဖွဲ့အစည်းအင်အားသည်လည်း အခြားတိုင်းဒေသကြီးများထက် ပိုမိုအင်အား ကောင်းမွန်ပါကြောင်း၊ တစ်နှစ်ထက်တစ်နှစ် စိုက်ပျိုးထုတ်လုပ်ရောင်းချမှု တိုးတက်လျက်ရှိရာ အရည်သွေး ကောင်းမွန်ရေး၊ ရိတ်သိမ်းချိန်လွန် နည်းပညာများဖြစ်သည့် အအေးခန်းဖြင့်သိုလှောင်ခြင်း၊ ထုပ်ပိုးခြင်း၊ ကုန်းကြောင်းသာမက လေကြောင်းဖြင့် ကူးသန်းရောင်းဝယ်ရေးနှင့် လက်ကားဈေးကွက် ဖွံ့ဖြိုးရန်အထူးလိုအပ်လျက် ရှိပါကြောင်း၊ သို့ဖြစ်၍ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်အဆင့်မြင့်လက်ကားဈေးကွက်ထူထောင်သွားရန် အစီအစဉ်ရှိသည့်အတွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသည့် တောင်သူများနှင့် ပြည်တွင်းပြည်ပ တင်ပို့ရောင်းချသူများပူးပေါင်း၍ ထုတ်လုပ်မှုကွင်းဆက်ခိုင်မာအောင် ဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်းတို့က မန္တလေးတိုင်းဒေသကြီး ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန် အသင်းနှင့် အစုအဖွဲ့များရှိ တာဝန်ရှိသူများအား ဆက်သွယ်ရေးရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၂၄ ရက် မွန်းလွဲပိုင်းတွင် တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့သည်။

မန္တလေးတိုင်းဒေသကြီး တိုင်းဒေသကြီးဝန်ကြီး ဦးမြင့်ကြူနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ တာဝန်ရှိသူတို့ကလည်း မကြာမီ ဟင်းသီးဟင်းရွက် ပန်းမန်ဈေးကွက် ထူထောင်သွားမည်ဖြစ်သဖြင့် စိုက်ပျိုးထုတ်လုပ်သူအားလုံးအတွက် ဈေးကွက်ကြီး တစ်ခုဖြစ်လာမည်ဖြစ်၍ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားခဲ့ရာ အသင်းနှင့်အစုအဖွဲ့များမှ တာဝန်ရှိသူများက လက်ရှိအခြေအနေတွင် သစ်သီးဝလံ ပွဲရုံများအနေဖြင့် ကျပ်တည်းလျက်ရှိကြောင်း၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ၊ ပန်းမန်များအတွက် အအေးခန်းနှင့် ထုပ်ပိုးမှုစနစ်လိုအပ်လာပြီဖြစ်ပြီး ယခုကဲ့သို့ လက်ကားဈေးကွက် ဖော်ဆောင်မည်ကို ကြားသိရသည့်အတွက် ကြိုဆိုဝမ်းမြောက်ပါကြောင်းနှင့် စုပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

□□

ပြင်ဆင်ဖတ်ရှုပါရန်

(၂၇-၈-၂၀၁၄)ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁)တွင် ဖော်ပြထားသော အမျိုးသားအဆင့် အင်္ဂလိပ်ဘာသာစကား စွမ်းရည်ပြိုင်ပွဲ ဆုရရှိသူများအား ဆုပေးအပ်ချီးမြှင့် သတင်းပုံစာတွင် **“ကျပန်းကစားပြောပြိုင်ပွဲ”** အစား **“ကျပန်းစကားပြောပြိုင်ပွဲ”** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

(စာတည်း)

ချင်းပြည်နယ်အတွင်း မြန်မာ-အိန္ဒိယနယ်စပ်ဈေးကွက် ထပ်မံဖွင့်လှစ်မည်

ဟားခါး ဩဂုတ် ၂၇

မြန်မာနိုင်ငံဘက်က အိန္ဒိယနိုင်ငံနှင့် နယ်မြေချင်းထိစပ်နေသည့် ချင်းပြည်နယ်ရှိနယ်စပ်ဒေသကျေးရွာများ၌ ဒေသတွင်းဖွံ့ဖြိုးမှုအားကောင်းလာစေရန်အတွက် နယ်စပ်ဈေးများအဖြစ် ယခုနှစ်အတွင်း ထပ်မံဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

“အိန္ဒိယနဲ့ထိစပ်နေတဲ့ ကျေးရွာတွေမှာ ဖွင့်သွားဖို့ရှိတယ်။ ဟိုဘက်ဒီဘက်ဒေသထွက် ကုန်ပစ္စည်းတွေ ဖလှယ်သွားမှာပါ။ အခွန်ကောက်ဖို့ မဟုတ်ဘဲ နယ်စပ်ဒေသဖွံ့ဖြိုးဖို့ ရည်ရွယ်တာပါ။ နယ်စပ်မှာရှိတဲ့ ဒေသခံတွေက ဆင်းရဲကြပါတယ်။ တောင်ပေါ်ဒေသတွေလည်းဖြစ်တော့ လမ်းပန်းဆက်သွယ်ရေးလည်း အတော်ခက်ခဲတယ်။ ဒေသခံတွေရဲ့ စားဝတ်နေရေးအတွက် အထောက်အကူပြုနိုင်အောင် နယ်စပ်ဈေးအဖြစ် အရင်ဖွင့်လှစ်လုပ်ကိုင်မယ်။ အဲဒီအခြေအနေကနေ တိုးတက်မှုရှိလာရင် နယ်စပ်ကုန်သွယ်ရေးစခန်းအဖြစ် တိုးမြှင့်ဖွင့်လှစ်သွားဖို့ အစီအစဉ်ရှိပါတယ်”ဟု ချင်းပြည်နယ် ဘဏ္ဍာရေးဝန်ကြီး ဦးနန်ဇမုန်က ပြောကြားသည်။

မြန်မာ-အိန္ဒိယနယ်စပ်ဈေးများအဖြစ် တီးတိန်တွင် ဖာရ်တာန်ကျေးရွာ၊ တွန်းဇံတွင် ဒါလ်ခိုင်းနှင့် နာလာလ်ကျေးရွာ၊ ကျီခါးတွင် ခင်မန်းနှင့် ဗဟယ်ကျေးရွာ၊ ဖလမ်းတွင် သိန်းလက်ကျေးရွာ၊ ထန်တလန်တွင် ဒါအူလ်နှင့် ပန်ခွာကျေးရွာတို့တွင် ထပ်မံဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ကျီခါးမြို့နယ်ခွဲ၊ တွန်းဇံနှင့် ဖလမ်းမြို့နယ်တို့၌ နယ်စပ်ဈေးဖွင့်နိုင်ရန် အိန္ဒိယနိုင်ငံကပင် စတင်ကမ်းလှမ်းခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံဘက် နယ်စပ်ဒေသများတွင် မြန်မာငွေနှင့် အိန္ဒိယ ရူပီးငွေအသုံးပြုနိုင်ပြီး ယခုနယ်စပ်ဈေးများဖွင့်လှစ်နိုင်ရန် ၂၀၁၂ ခုနှစ်ကတည်းကပင် ပြောဆိုဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီးက ဆိုသည်။

(ချင်းတွင်းသား)



အစ္စရေးနှင့်ဟားမားစ်အဖွဲ့ အပစ်အခတ်ရပ်စဲ ရက်သတ္တ ခုနစ်ပတ်ကြာစစ်ပွဲ ပြီးဆုံး

ဂါဇာစီးတီး၌ အပစ်အခတ်ရပ်စဲအပြီး ပြည်သူများ အောင်ပွဲခံကြစဉ်။

ကိုင်ရို ဩဂုတ် ၂၇

အီဂျစ်နိုင်ငံက ကြားဝင်စေ့စပ်ပေးသော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို အစ္စရေးနှင့် ဟားမားစ်အဖွဲ့တို့က လက်ခံလိုက်ပြီဖြစ်ရာ ရက်သတ္တခုနစ်ပတ် ကြာမြင့်ခဲ့သော စစ်ပွဲမှာ ပြီးဆုံးသွားပြီဖြစ်ကြောင်း၊ ယင်းစစ်ပွဲတွင် နှစ်ဖက်စလုံးမှ လူပေါင်း ၂၂၀၀ ကျော် သေဆုံးခဲ့ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်း ထုတ်ပြန်သည်။

ဩဂုတ် ၂၆ရက် ည ၇နာရီမှစတင်သည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ပါလက်စတိုင်းခေါင်းဆောင်များက သဘောတူညီလိုက်ကြကြောင်း၊ ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က ရာမာလာမြို့၌ ကျင်းပသော အစည်းအဝေးတစ်ရပ်တွင် ပြောကြားသည်။

ပါလက်စတိုင်းနည်းတူ အစ္စရေးကလည်း အီဂျစ်နိုင်ငံက ကြားဝင်စေ့စပ်ပေးသော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို လက်ခံကြောင်း အတည်ပြုပြောကြားသည်။

သဘောတူညီချက်အရ ပါလက်စတိုင်းဒေသအား အစ္စရေးက ပိတ်ဆို့ထားမှုကို လျှော့ပေါ့ပေးရန်လည်း လိုအပ်သည်။ အစ္စရေးနှင့် အီဂျစ်တို့က ဂါဇာကမ်းမြောင် ဒေသအား ပိတ်ဆို့ခဲ့ခြင်းသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ဟန့်တားပိတ်ပင်ခဲ့သည်။ ယင်းသို့ ပိတ်ဆို့ထားမှုကို ရပ်ဆိုင်းပေးရန် ဟားမားစ်အဖွဲ့က စဉ်ဆက်မပြတ်တောင်းဆိုခဲ့သည်။ **ရိုက်တာ။**

ဩစတြေးလျရှိ အကြီးဆုံးလေဆိပ်နှစ်ခု၌ အကြမ်းဖက်မှုတိုက်ဖျက်ရေးတပ်ဖွဲ့နှစ်ဖွဲ့ ဖြန့်ကြက်

ကင်ဘာရာ ဩဂုတ် ၂၇

ဩစတြေးလျနိုင်ငံရှိ အကြီးဆုံးသော လေဆိပ်နှစ်ခု၌ အကြမ်းဖက်မှု တိုက်ဖျက်ရေး တပ်ဖွဲ့သစ်နှစ်ဖွဲ့ကို ဖြန့်ကြက်ထားပြီးဖြစ်ကြောင်း၊ လေဆိပ်လုံခြုံရေးအစီအမံများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း ဩစတြေးလျ ဝန်ကြီးချုပ် တိုနီအက်ဘော့က ဩဂုတ် ၂၇ ရက်တွင် ပြောကြားသည်။

ဆစ်ဒနီနှင့် မဲလ်ဘုန်းမြို့တို့ရှိလေဆိပ်များ၌ အကြမ်းဖက်မှုတိုက်ဖျက်ရေး တပ်ဖွဲ့များကို ဖြန့်ကြက်ထားကြောင်း၊ လုံခြုံရေးအရ စောင့်ကြည့်စာရင်းတွင် ပါဝင်သော ခရီးသည်များ၏ လှုပ်ရှားသွားလာမှုများကို လေ့လာစောင့်ကြည့်နိုင်ရန် ဩစတြေးလျနိုင်ငံရှိ လေဆိပ်များအားလုံးတွင် မကြာမီ အလားတူတပ်ဖွဲ့များကို တိုးမြှင့်ချထားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

ဩစတြေးလျနိုင်ငံရှိ လေဆိပ်များအားလုံး၌ ခရီးသည်များကို လုံခြုံရေးစိစစ်ရာတွင် ဘိုင်အိုမက်ထရစ်စကရင်နည်းပညာအသုံးပြုသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော် လုံခြုံရေးအတွက် ဆောင်ရွက်ရန် အစီအစဉ်များကို ပါလီမန်က ခွင့်ပြုပေးသွားမည်ဟု မျှော်လင့်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

ဆီးရီးယားနှင့် အီရတ်နိုင်ငံတို့သို့ သွားရောက်ကာ အကြမ်းဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ တိုက်ခိုက်မှုများ ပြုလုပ်ခြင်းမှ နိုင်ငံသားများကို ကာကွယ်နိုင်ရန် မိမိတို့အစိုးရက ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားသည်။

ရိုက်တာ။

ဆစ်ဒနီမြို့ရှိ နိုင်ငံတကာလေဆိပ်၌ လုံခြုံရေးစိစစ်မှုတိုးမြှင့်ပြုလုပ်လျက်ရှိသည်ကို တွေ့ရစဉ်။

တောင်ဆူဒန်တွင် ကုလရဟတ်ယာဉ် ပျက်ကျ ပစ်ချခြင်း ဖြစ်သည်ဟုဆို

ဘင်တီအူး ဩဂုတ် ၂၇

ကုလသမဂ္ဂက တောင်ဆူဒန်နိုင်ငံ၌ ၎င်းကုန်တင်ရဟတ်ယာဉ်များအနက် တစ်စင်းပျက်ကျခဲ့ကြောင်း ယမန်နေ့က ထုတ်ပြန်ကြေညာခဲ့ရာ အတည်မပြု နိုင်သောသတင်းများက ပစ်ချခြင်းခံခဲ့ရသည်ဟု ဖော်ပြသည်။

တောင်ဆူဒန်နိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့မှ ရဟတ်ယာဉ်အမှုထမ်း သုံးဦးသေဆုံး၍ တစ်ဦးအသက်ရှင်ခဲ့ကြောင်း ပြောကြားပြီး စုံစမ်းစစ်ဆေးမှုများ စတင်ပြုလုပ်နေပြီဟု ဆိုသည်။ ယခုနှစ်အတွင်း တောင်ဆူဒန် ကြည်းတပ်နှင့် သူပုန်တပ်ဖွဲ့များအကြား တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားရာ လူဦးရေ ထောင်ပေါင်းများစွာ သေဆုံးခဲ့သည်။

ရေနံကြွယ်ဝသော ယူနီတီပြည်နယ်၏ မြို့တော်ဘင်တီအူးသည် အကြိမ်ကြိမ် လက်ပြောင်းထိန်းချုပ်ခြင်းကိုခံခဲ့ရာမှ ယခုအချိန်တွင် အပစ်အခတ် ငြိမ်းချမ်းရေး သဘောတူညီမှုအောက်တွင် ရောက်ရှိနေသည်။

နှစ်ဖက်အဖွဲ့တို့သည် ၄၅ ရက်အတွင်း အာဏာခွဲဝေထားသော အစိုးရတစ်ရပ်ဖွဲ့စည်းရန် တနင်္လာနေ့က သဘောတူညီခဲ့ကြသည်။

သူပုန်တပ်မှူး ပီတာဂါရက်ကို သစ္စာခံသော အဖွဲ့များက အဆိုပါရဟတ်ယာဉ်ကို ပစ်ချခဲ့ခြင်းဖြစ်သည်ဟု အစိုးရတာဝန်ရှိသူက စွပ်စွဲကြောင်း အေပီသတင်းဌာနမှ ဖော်ပြသည်။ ယင်းတပ်ဖွဲ့က မည်သည့်သဘောထားမှတ်ချက်မျှ ပြောကြားခြင်း မပြုပေ။

လွန်ခဲ့သည့် ဒီဇင်ဘာလမှစ၍ တိုက်ပွဲများ ဖြစ်ပွားကတည်းက ၎င်းတို့၏ နေအိမ်များကို စွန့်ခွာထွက်ပြေးကြသော ဒုက္ခသည် ၁ ဒသမ ၈ သန်းကို စားနပ်ရိက္ခာ ထောက်ပံ့ရာတွင် ကုလသမဂ္ဂက အဓိကအခန်းမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ဘင်တီအူးမြို့ အပါအဝင် နိုင်ငံတစ်ဝန်းရှိ ကုလသမဂ္ဂဒုက္ခသည်စခန်းများ၌ လူအမြောက်အမြား ခိုလှုံလျက်ရှိသည်။ **ဘီဘီစီ။**

စီးပွားရေးလုပ်ငန်းများအား ကာကွယ်စောင့်ရှောက်ရန် မက္ကဆီကို၌ အထူးရဲတပ်ဖွဲ့ထူထောင်

မက္ကဆီကိုစီးတီး ဩဂုတ် ၂၇

မက္ကဆီကိုနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် သမ္မတ အန်းရစ်ပီနာနီတိုးက အထူးရဲတပ်ဖွဲ့တစ်ဖွဲ့ကို ထူထောင်ပေးလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဩဂုတ် ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

မက္ကဆီကိုနိုင်ငံ၌ ဒုစရိုက်ဂိုဏ်းကြီးများကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်ရခြင်းမှ ရှောင်ရှားနိုင်ရန် အထူးရဲတပ်ဖွဲ့ကို ထူထောင်ပေးခြင်းဖြစ်သည်။

သမ္မတပီနာနီတိုးသည် ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလက အထူးရဲတပ်ဖွဲ့ ထူထောင်ပေးရန် ကတိပြုခဲ့သည့်အတိုင်း အကောင်အထည်ဖော်ပေးခြင်းဖြစ်ကြောင်း၊ ကနဦးအနေဖြင့် တပ်ဖွဲ့ဝင်အင်အား ၄၀၀၀၀ ရှိသော တပ်ဖွဲ့ကို ထူထောင်ပေးရန် ကတိပြုခဲ့သော်လည်း တပ်ဖွဲ့ဝင်အင်အား ၅၀၀၀ ပါဝင်သည့် အထူးတပ်ဖွဲ့ကို ပထမဆင့်အရ ထူထောင်ပေးလိုက်ကြောင်း သတင်းတွင် ဖော်ပြသည်။

အထူးရဲတပ်ဖွဲ့သည် ဖက်ဒရယ်ရဲတပ်ဖွဲ့အောက်တွင် တည်ရှိပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ဓာတ်သတ္တုရှာဖွေတူးဖော်ရေးလုပ်ငန်း၊ ရေနံနှင့် ဓာတ်ငွေ့ထုတ်လုပ်ရေးလုပ်ငန်း စသည့် စီးပွားရေးလုပ်ငန်းများအား ဒုစရိုက်ဂိုဏ်းများက အနှောင့်အယှက်ပေးခြင်း မပြုလုပ်နိုင်စေရန် ကာကွယ်စောင့်ရှောက်ပေးမည်ဖြစ်သည်။

မက္ကဆီကိုနိုင်ငံတွင် ဒုစရိုက်ဂိုဏ်းများက စီးပွားရေးလုပ်ငန်းရှင်များအား ခြိမ်းခြောက်ငွေညှစ်ခြင်း၊ လူပြန်ပေးဆွဲခြင်း၊ ရဲတပ်ဖွဲ့အတွင်းသို့ စိမ့်ဝင်ထိုးဖောက်ကာ ရဲတပ်သားများအဖြစ် လုပ်ကိုင်ရာတွင် အဂတိလိုက်စားခြင်းတို့ ပြုလုပ်လျက်ရှိသည်။ **ရိုက်တာ။**

အီဘိုလာဗိုင်းရပ်စ်ရောဂါ သတိပေးနှိုးဆော်ချက်

- အီဘိုလာဗိုင်းရပ်စ်ရောဂါသည် ကူးစက်မြန်ရောဂါတစ်မျိုးဖြစ်ပြီး ကုသရန်ခက်ခဲသည့်အပြင် ရောဂါပြန့်ပွားမှုအား ထိန်းချုပ်ရန် အလွန်ခက်ခဲသောရောဂါ ဖြစ်ပါသည်။
- ယခုအခါ အာဖရိကအနောက်ပိုင်းဒေသရှိ Guinea, Liberia, Nigeria & Sierra Leone နိုင်ငံတို့တွင် ရောဂါကူးစက်ဖြစ်ပွားနေပြီး ရောဂါဖြစ်ပွားသူများ၏ ၉၀ ရာခိုင်နှုန်းအသက်ဆုံးရှုံးနိုင်ပါသည်။

အီဘိုလာဗိုင်းရပ်စ်ရောဂါကူးစက်နိုင်သော နည်းလမ်းများ

- အီဘိုလာဗိုင်းရပ်စ်ရောဂါသည် ရောဂါပိုးရှိသော လူ(သို့မဟုတ်)တိရစ္ဆာန်၏ တံတွေး၊ သွေး၊ ခန္ဓာကိုယ်မှထွက်သော အရည်တို့နှင့် တိုက်ရိုက်ထိတွေ့ကိုင်တွယ်ခြင်း။
- အဆိုပါသွေးနှင့် ခန္ဓာကိုယ်မှ အရည်များထိတွေ့ထားသော အရာဝတ္ထုများနှင့် ထိတွေ့ကိုင်တွယ်ခြင်းတို့မှ ကူးစက်နိုင်သည်။
- **ဆားစ်၊ လူတုပ်ကွေးကပ်ရောဂါ၊ H_7N_9 ကြက်ငှက်တုပ်ကွေးရောဂါ၊ မားစ်ပြင်းထန်အဆုတ်ရောင်ရောဂါ (MERS CoV)တို့ကဲ့သို့ လေထဲမှ တစ်ဆင့်ကူးစက်နိုင်သောရောဂါ မဟုတ်ပါ။**
- အီဘိုလာရောဂါသည် လေ၊ ရေ၊ အစားအစာတို့မှတစ်ဆင့် မကူးစက်နိုင်ပါ။
- **ယခုအချိန်အထိ အီဘိုလာဗိုင်းရပ်စ်ရောဂါကို ကာကွယ်ကုသရန် ဆေးမရှိသေးပါ။ ရောဂါမဖြစ်ပွားအောင် ကာကွယ်ရန် အရေးကြီးပါသည်။**
- ရောဂါပိုးရှိသော လူနာနှင့်တိရစ္ဆာန်တို့၏ တံတွေး၊ သွေး စသော ခန္ဓာကိုယ်အရည်များအား ကိုင်တွယ်ထိတွေ့သူများတွင် အဓိကရောဂါ ကူးစက်နိုင်ခြေရှိသဖြင့် ကာကွယ်သည့် နည်းလမ်းများကို တိကျစွာလိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

အီဘိုလာဗိုင်းရပ်စ်ရောဂါသံသယလက္ခဏာများ

အီဘိုလာဗိုင်းရပ်စ်ရောဂါ ကူးစက်ဖြစ်ပွားနေသောနိုင်ငံများ အထူးသဖြင့်(အနောက်အာဖရိကနိုင်ငံများ)သို့ သွားရောက်ခဲ့သူများ (သို့မဟုတ်) နိုင်ငံတကာခရီးသွားသူများ၊ ကူးစက်မြန်အီဘိုလာရောဂါလူနာအား တိုက်ရိုက်ပြုစုကုသထိတွေ့ကိုင်တွယ်ခဲ့သူများ၊ ရောဂါရှိသော တောရိုင်းတိရစ္ဆာန်များအား ထိတွေ့ကိုင်တွယ်သူများတွင်-

- **ဖျားခြင်း၊ အားအင်ချည့်နဲ့ခြင်း၊ ကြွက်သားများနာကျင်ကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ လည်ချောင်းနာခြင်း၊ အန်ခြင်း၊ အရည်ဝမ်းသွားခြင်း၊**
- အီဘိုလာဗိုင်းရပ်စ်ပိုးသည် အသည်းနှင့် ကျောက်ကပ်များ ပျက်စီးနိုင်သဖြင့် ခန္ဓာကိုယ်အတွင်းနှင့်အပြင် သွေးယိုထွက်မှုရှိခြင်းကြောင့် အသက်အန္တရာယ်ဖြစ်နိုင်ပါသည်။

အီဘိုလာရောဂါကူးစက်မှုမရှိစေရေး ကာကွယ်ရန်နည်းလမ်းများ

၁။ တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုပြုပါ။
၂။ လက်ကို ရေနှင့်ဆပ်ပြာဖြင့် မကြာခဏ ဆေးကြောပါ။
၃။ ရောဂါပိုးရှိသူ၏ သွေးနှင့် ၎င်းခန္ဓာကိုယ်မှထွက်သော အရည်များအား ထိတွေ့ကိုင်တွယ်ခြင်း မပြုရ။
၄။ ရောဂါပိုးရှိသော လူ၊ တိရစ္ဆာန်တို့၏ သွေးနှင့် ၎င်းခန္ဓာကိုယ်မှ ထွက်သောအရည်များရှိနိုင်သည့် (အရာဝတ္ထုပစ္စည်း၊ ခုံများ၊ စားပွဲများ၊ အိပ်ရာ၊ လှေကားလက်ရန်း၊ နံရံစသည်တို့အား) ထိတွေ့ကိုင်တွယ်ခြင်း မပြုရ။
၅။ အထူးသဖြင့် အီဘိုလာဗိုင်းရပ်စ်ရောဂါကူးစက်ဖြစ်ပွားသော နိုင်ငံများသို့ သွားရောက်ခဲ့သူများနှင့် နိုင်ငံတကာခရီးသွားသူများတွင် အောက်ဖော်ပြပါ သံသယလက္ခဏာများဖြစ်ပေါ်လာပါက ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပို့ ဆေးကုသမှုခံယူပါ။
ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ နုံးချည့်ခြင်း၊ လည်ချောင်းနာခြင်း၊ အရည်ဝမ်းသွားခြင်း၊ အန်ခြင်း၊ ခန္ဓာကိုယ်အတွင်းနှင့် အပြင် သွေးယိုထွက်မှုရှိခြင်း။
၆။ အထက်ပါ သံသယလက္ခဏာဖြစ်ပွားသူများ တွေ့ရှိပါက **နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပို့ပါ။**
၇။ နိုင်ငံခြားသို့ ခရီးသွားရောက်ရန် အစီအစဉ်ရှိပါက ရောဂါဖြစ်ပွားကူးစက်နေသည့် နိုင်ငံများသို့ သွားရောက်ခြင်းကို ရှောင်ကြဉ်ပါ။

ကျန်းမာရေးဝန်ကြီးဌာနမှ အီဘိုလာရောဂါ ကြိုတင်ကာကွယ်ကုသထိန်းချုပ်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည့်အတွက် ကျန်းမာရေးဝန်ကြီးဌာန၏ သတိပေးနှိုးဆော်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

နိုင်ငံတော်သမ္မတ၏ ဆင်းရဲနွမ်းပါးသူများကူညီစောင့်ရှောက်ရေးအဖွဲ့ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ဆင်းရဲနွမ်းပါးသူများမှ ပညာထူးချွန်သူများနှင့် ကျန်းမာရေးချို့တဲ့သူများကို ကူညီစောင့်ရှောက်ပေးနိုင်ရန်ရည်ရွယ်ဖွဲ့စည်းထားသည့် နိုင်ငံတော်သမ္မတ၏ ဆင်းရဲနွမ်းပါးသူများကူညီစောင့်ရှောက်ရေးအဖွဲ့၏ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ**(ယာပုံ)** နိုင်ငံတော်သမ္မတ၏ ဆင်းရဲနွမ်းပါးသူများကူညီစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ဆင်းရဲနွမ်းပါးချို့တဲ့သူများမှ ပညာထူးချွန်သူများနှင့် ကျန်းမာရေးချို့တဲ့သူများကို ဆက်လက်ပညာသင်ကြားနိုင်ရေးနှင့် ဆေးကုသမှုခံယူနိုင်ရေးတို့တွင် ရေရှည်ကူညီထောက်ပံ့နိုင်ရေးအတွက် ဤအဖွဲ့ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း၊ မိမိတို့အဖွဲ့၏ ထောက်ပံ့လှူဒါန်းငွေများသည် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုဝန်ကြီး အဆင့်ရှိသူများ၊ ဒုတိယဝန်ကြီးများနှင့် ဒုတိယဝန်ကြီးအဆင့်ရှိသူများ၏ လစဉ်ချီးမြှင့်ငွေများမှ ၂၅ ရာခိုင်နှုန်းကို ထည့်ဝင်လှူဒါန်းမတည်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုတွင် ဖြစ်ပွားသည့်ရောဂါအခြေအနေကိုဖော်ပြ၍ မိမိတို့အဖွဲ့၏ ထောက်ပံ့မှုရယူနိုင်ရန် လျှောက်ထားရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် ပညာရေးစောင့်ရှောက်မှုကဏ္ဍများတွင် ရုပ်ရှင်၊ ဂီတနယ်ပယ်များအပါအဝင် နိုင်ငံ့တာဝန်ကို ထူးချွန်စွာဆောင်ရွက်ခဲ့သည့်အငြိမ်းစားဝန်ထမ်းများ၊ နိုင်ငံ့ဂုဏ်ဆောင် စွမ်းဆောင်ရည်မြင့်မားသူများနှင့် ၎င်းတို့၏ သားသမီးများနှင့် အမှန်တကယ် ဆင်းရဲနွမ်းပါးချို့တဲ့သူများကို ကူညီစောင့်ရှောက် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ဆင်းရဲနွမ်းပါးသူများ ကူညီစောင့်ရှောက်ရေးအဖွဲ့၏ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတို့တွင် ကူညီထောက်ပံ့ပေးမည့်မူဝါဒများကို ဆက်လက်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ဆင်းရဲနွမ်းပါးသူများ ကူညီစောင့်ရှောက်ရေးလုပ်ငန်းစဉ်များသည် ရေရှည်မျှော်မှန်းဆောင်ရွက်ရမည့် အစီအမံများဖြစ်ပါကြောင်း၊ ဆင်းရဲနွမ်းပါးချို့တဲ့သူများမှ ပညာထူးချွန်သူများနှင့် ကျန်းမာရေးချို့တဲ့သူများကို စောင့်ရှောက်ထောက်ပံ့ရာတွင် ဆင်းရဲနွမ်းပါးချို့တဲ့သူများ ကူညီစောင့်ရှောက်ရေးအဖွဲ့၏ စေတနာဖြင့်ထည့်ဝင်သည့် အလှူငွေများသည် မိမိတို့ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း၊ ကူညီစောင့်ရှောက်ထောက်ပံ့ရာတွင် မည်သို့ကူညီစောင့်ရှောက်ထောက်ပံ့လျှင် အကောင်းဆုံးဖြစ်မည်ကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ ဆင်းရဲနွမ်းပါးချို့တဲ့သူများမှ နိုင်ငံ့အတွက်၊ ဒေသအတွက် ကဏ္ဍအသီးသီးနယ်ပယ်အသီးသီးတို့တွင် ထူးချွန်သည့်၊ စွမ်းဆောင်ရည်မြင့်မားသည့် နွမ်းပါးချို့တဲ့သူများကို ကူညီစောင့်ရှောက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အဖွဲ့ဝင် ဒုတိယဝန်ကြီး ဦးတင်ငွေ၊ ဦးသန့်ရှင်း၊ ဒေါက်တာ ဒေါ်သိန်းသိန်းဌေး၊ ဒေါ်စုစုလှိုင်တို့က မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် အတွင်းရေးမှူး ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိန်းက ပြည်တွင်းပြည်ပလှူဒါန်းငွေရရှိနိုင်မည့်အခြေအနေများ၊ လှူဒါန်းထောက်ပံ့နိုင်မည့်အခြေအနေများနှင့် လှူဒါန်းထောက်ပံ့ပေးရမည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေရှင်းလင်းဆွေးနွေးညှိနှိုင်းကြပြီး ဆင်းရဲနွမ်းပါးသူများ ကူညီစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌက ဆင်းရဲနွမ်းပါးသူများ ကူညီစောင့်ရှောက်ရေးအတွက် ရန်ပုံငွေ စုဆောင်းရာတွင် ဆင်းရဲနွမ်းပါးသူများ ကူညီစောင့်ရှောက်ရေးအဖွဲ့၏ ရန်ပုံငွေဖြင့်ထောက်ပံ့ခြင်းသာမကဘဲ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်လည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းဖြစ်စေ၊ အသင်းအဖွဲ့လိုက်ဖြစ်စေ၊ ဝန်ကြီးဌာနများအလိုက်ဖြစ်စေ ပါဝင်လှူဒါန်းလိုပါက လှူဒါန်းနိုင်ပါကြောင်း၊ ဆင်းရဲနွမ်းပါးပြီး မိမိတို့နိုင်ငံအတွက်၊ မိမိတို့ဒေသအတွက် ကဏ္ဍစုံနယ်ပယ်အသီးသီး၌ ထူးချွန်စွာဆောင်ရွက်ခဲ့သူများ၊ စွမ်းဆောင်ရည်မြင့်မားသူများသာမက အမှန်တကယ်ဆင်းရဲနွမ်းပါးသူများကိုလည်း ကူညီစောင့်ရှောက်ထောက်ပံ့ပေးသွားရမည်ဖြစ်ကြောင်းနှင့် မိမိတို့အဖွဲ့အနေဖြင့် ဆင်းရဲနွမ်းပါးသည့်ပြည်သူများ အားကိုးလာသည်အထိ နိုးနိုးကြားကြား အောင်အောင်မြင်မြင် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။ **(သတင်းစဉ်)**

ငွေကျပ် ၂၀၀ တန်ထီ စက်တင်ဘာ ၁ ရက်ဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၇

(၁၀၈)ကြိမ်မြောက် ငွေကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ်(၁၈၄) မဟာဗန္ဓုလလမ်းနှင့် (၁၇)လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ စက်တင်ဘာ ၁ ရက် နံနက် ၈ နာရီမှစတင်၍ ညနေ ၄ နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

ခွဲဝေပေးမည့်ဆုများမှာ ဆုကြီး တစ်ဆုချင်းစနစ်အရ ကျပ်သိန်း ၁၅၀၀ တစ်ဆု၊ ကျပ်သိန်း ၁၀၀၀ တစ်ဆု၊ ကျပ် သိန်း ၅၀၀ တစ်ဆု၊ ကျပ်သိန်း ၃၀၀ သုံးဆု၊ ကျပ်သိန်း ၂၀၀ ငါးဆု၊ ကျပ်သိန်း ၁၀၀ ၁၃ဆု၊ ကျပ်သိန်း ၅၀ ငါးဆု၊ ကျပ် ၂၅ သိန်း ငါးဆု၊ ကျပ် ၁၀ သိန်း ၂၀၀ ဆု၊ ကျပ်ငါးသိန်း ၂၀ ဆု၊ ကျပ်သုံးသိန်း ၁၂၁ ဆု၊ ကျပ်နှစ်သိန်း ၄၅၈ ဆု၊ ပဒေသာယူနစ်ဆုမဲများအဖြစ် ကျပ်တစ်သိန်း ၁၂၀၀၀ ဆုနှင့် ကျပ်ငါးသောင်း ၁၅၀၀၀ ဆု အပါအဝင် ဆုမဲပေါင်း ၂၇၈၃၃ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း မီဒီယာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ

စစ်တွေ ဩဂုတ် ၂၇

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ဩဂုတ် ၂၇ ရက် ညနေပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ မီဒီယာများ၊ လူမှုကွန်ရက်၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံပြီး**(ယာပုံ)**ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ၊UN၊ INGOsအဖွဲ့များနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ပူးပေါင်းဆောင်ရွက်နေမှုများ အနာဂတ် ရခိုင်ပြည်နယ်ဖွံ့ဖြိုးသာယာရေးအတွက် မီဒီယာများမှကျင့်သုံးလုပ်ဆောင်ကူညီပေးရမည့် အခြေအနေများ၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းပြောကြားပြီး တက်ရောက်သူများ၏ သိရှိလိုသော မေးမြန်းချက်များ၊ အကြံပြုဆွေးနွေးချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဝန်ကြီးများက အပြန်အလှန် ညှိနှိုင်းဆွေးနွေးပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။**(ရခိုင်ပြည်နယ် ပြန်/ဆက်)**

သင်ရိုးညွှန်းတမ်းမှသည် အရည်အသွေးရှိပညာရေးသို့

အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာလုပ်ငန်းအဖွဲ့

ပညာရေးသည် နိုင်ငံတစ်နိုင်ငံနှင့် လူ့အဖွဲ့အစည်းတစ်ရပ်၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် သော့ချက်ဖြစ်ပါသည်။ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေနိုင်သည်မှာလည်း ပညာရေးပင်ဖြစ်ပါသည်။ ထို့ကြောင့် ပညာရေးသည် ပြောင်းလဲနေသည့် ခေတ်ကာလလိုအင်၊ တိုင်းပြည်လိုအင်၊ ကျောင်းသူ ကျောင်းသားတို့၏ လိုအင်များကို ဖြည့်ဆည်းပေးနိုင်မှသာလျှင် အရည်အသွေးရှိ ပညာရေးဖြစ်ထွန်းလာပါမည်။

အရည်အသွေးရှိပညာရေး၏စံများကိုတိုင်းတာသည့်အချက်များတွင် သင်ရိုးညွှန်းတမ်း (Curriculum) သည် တစ်ချက်အပါအဝင်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အမျိုးသားပညာရေး ဥပဒေမူကြမ်း အခန်း(၁)တွင် သင်ရိုးညွှန်းတမ်း၏ အဓိပ္ပာယ်ကို **"သင်ရိုးညွှန်းတမ်းဆိုသည်မှာ ပညာရေးရည်မှန်းချက်များအောင်မြင်စေရန် ရည်ရွယ်၍ သင်ယူမှုရလဒ်များ၊ သင်ရိုးဝင်အကြောင်းအရာများ၊ သင်ကြားသင်ယူမှုနည်းလမ်းများနှင့် တတ်မြောက်မှုစစ်ဆေးခြင်းတို့ အပါအဝင် ကျောင်းတွင်းနှင့် ကျောင်းပြင်တို့၌ လေ့လာသင်ယူရမည့် ပညာရပ်နယ်ပယ်အလိုက် စနစ်တကျ ရေးဆွဲထားသော အစီအစဉ်များကို ဆိုသည်"** ဟု ဖွင့်ဆိုထားပါသည်။

သင်ရိုးညွှန်းတမ်းရေးဆွဲရာတွင် အထူးသတိပြုရမည့် အချက်များ၊ စဉ်းစားပေးရမည့် အချက်များလည်း ရှိပါသည်။ ဗဟိုချုပ်ကိုင်မှုလျှော့ချရန်နှင့် ဒေသလိုအပ်ချက်နှင့် ကိုက်ညီသည့် ဘာသာရပ်ဆိုင်ရာ အချက်အလက်များ ပါဝင်ထည့်သွင်းရန် လိုအပ်ပါသည်။ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာများကို တန်ဖိုးထား ထိန်းသိမ်းမြှင့်တင်သော သင်ရိုးညွှန်းတမ်းလည်းဖြစ်ဖို့ လိုပါသည်။ လူငယ်များ မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ ဝေဖန်ပိုင်းခြားနိုင်သော အတွေးအခေါ်ရှိရေးနှင့် ဗလငါးတန် တိုးတက်ဖွံ့ဖြိုးစေရေးအတွက်လည်း ဦးစားပေးရေးဆွဲကြပါရမည်။

သို့ဖြစ်ပါ၍ အမျိုးသားပညာရေးဥပဒေမူကြမ်း အခန်း(၇) သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးညွှန်းတမ်းစံသတ်မှတ်ခြင်းတွင် သင်ရိုးညွှန်းတမ်းနှင့် စပ်လျဉ်း၍ ပါဝင်ရမည့် အချက်များကို အောက်ပါအတိုင်းဖော်ပြထားပါသည်-

(က) တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသော အသိဉာဏ်ရှိ၍ ဘက်စုံပညာပြည့်ဝသည့် နိုင်ငံသားကောင်းများဖြစ်ထွန်းစေရေး

(ခ) လူတစ်ဦးချင်းမှသည် မြန်မာ့လူမှုအဖွဲ့အစည်းတစ်ခုလုံးအတွက် အသုံးဝင်မည့် အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများကို လေ့ကျင့်ဖော်ဆောင်နိုင်စွမ်းရှိရေး

(ဂ) လိမ္မာရေးခြားရှိမှု၊ ကိုယ်ကျင့်တရားကောင်းမွန်မှု၊ မတူကွဲပြားခြားနားခြင်းအား နားလည်လက်ခံမှုနှင့် တန်းတူညီမျှကိုမြတ်နိုးခြင်း၊တာဝန်သိမှု၊ တာဝန်ရှိမှုနှင့် တာဝန်ယူမှုရှိခြင်း၊ ဒီမိုကရေစီအလေ့အကျင့်များ တန်ဖိုးထားမှုနှင့် ပြည့်စုံသော နိုင်ငံသားကောင်းများ ဖြစ်ထွန်းမှုကို လေ့ကျင့်ဖော်ဆောင်နိုင်စွမ်းရှိရေး

(ဃ) နိုင်ငံသားအားလုံးတွင် ရှိသင့်ရှိအပ်သော တန်ဖိုးများနှင့်တိုင်းရင်းသားမျိုးနွယ်စုအသီးသီး၏ ကြွယ်ဝသော စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှု ဓလေ့ထုံးစံတို့ကို မြှင့်တင်နိုင်စွမ်းရှိရေး

(င) သင်ရိုးညွှန်းတမ်းများသည် ခေတ်ကာလအခြေအနေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ပြီး နိုင်ငံတကာပညာရေး သင်ရိုးညွှန်းတမ်းနှင့်လည်း လိုက်လျောညီထွေမှုရှိရေး

(စ) နိုင်ငံတစ်ဝန်းတွင် ကျင့်သုံးရမည့် အခြေခံပညာရေးအဆင့် အသီးသီးအတွက် သင်ရိုးညွှန်းတမ်း အညွှန်းဘောင်များနှင့်သင်ရိုးညွှန်းတမ်းစံများရှိရေး

(ဆ) အပိုဒ် (စ)ပါသင်ရိုးညွှန်းတမ်းစံကို အခြေခံ၍ ဒေသအလိုက် သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးမှုကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်ရှိရေး

(ဇ) သင်ရိုးညွှန်းတမ်းများသည် လက်တွေ့ဘဝနှင့် ဆက်စပ်မှုရှိရေး၊ အမျိုးသားပညာရေးကောင်စီ၊ အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီ၊ ဘာသာရပ်တစ်ခုချင်းအလိုက် ဖွဲ့စည်းထားသော သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့်ကျောင်းသုံးစာအုပ်ကော်မတီ၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ သင်ရိုးညွှန်းတမ်းဌာနတို့၏ ဦးဆောင်မှုဖြင့် သင်ရိုးညွှန်းတမ်းကို ရေးဆွဲအကောင်အထည်ဖော်မည်ဖြစ်ပါသည်။ သို့ရာတွင် အထက်ဖော်ပြပါ အပိုဒ် (ဆ) အရ ဗဟိုချုပ်ကိုင်မှုလျှော့ချရန်နှင့် ဒေသလိုအပ်ချက်နှင့် ကိုက်ညီသည့် ဘာသာရပ်ဆိုင်ရာ အချက်အလက်များပါဝင်ရန် အလေးပေးထားကြောင်း တွေ့ရှိနိုင်ပါသည်။

သင်ရိုးညွှန်းတမ်းစံသတ်မှတ် အတည်ပြုပေးခြင်းနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည်-

(က) အခြေခံပညာရေးစနစ်၏ အဆင့်တိုင်းအတွက် အမျိုးသားပညာရေးသင်ရိုးညွှန်းတမ်းများကို ကောင်စီ၏ အတည်ပြုချက်ဖြင့် ပြဋ္ဌာန်းပေးရမည်။

(ခ) မသန်စွမ်းသူများ၊ ဆွံ့အ၊ နားမကြားသူများနှင့် ဉာဏ်ရည်မမီသူများ (မတူကွဲပြားသင်ယူသူများ) အတွက် သင်ကြားရမည့် အထူးပညာရေးအစီအစဉ်၏ သင်ရိုးညွှန်းတမ်းကို သက်ဆိုင်ရာပညာရေးနယ်ပယ်အသီးသီးမှ ပညာရှင်များနှင့် ညှိနှိုင်း အတည်ပြုပြဋ္ဌာန်းပေးရမည်။

(ဂ) မိမိတို့ကျောင်းများအတွက် လိုအပ်သော သင်ရိုးညွှန်းတမ်းစံများကို ကောင်စီ၏ အတည်ပြုချက်ဖြင့် ပြဋ္ဌာန်းဆောင်ရွက်ပေးရမည်။

ဖြစ်ကြောင်း အရည်အသွေး ထိန်းသိမ်းရေးအတွက် ဖော်ပြထားသည်ကို တွေ့ရှိနိုင်ပါသည်။ ထို့ပြင် အပိုဒ် (ခ) တွင် ကျောင်းနေအရွယ်ကလေးသူငယ်တိုင်း ကွဲပြားခြားနားမှု မရှိ၊ သာတူညီမျှ ပညာသင်ယူခွင့်ရရှိရေး အတွက် အလေးအနက် ထည့်သွင်းထားပါသည်။

အမျိုးသားပညာရေးဥပဒေမူကြမ်းတွင် သင်ကြားသင်ယူမှုသုံးဘာသာစကားနှင့်ပတ်သက်၍ **သင်ကြားရာတွင် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ဖြစ်စေ၊ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာနှစ်ဘာသာတွဲ၍ဖြစ်စေ သင်ကြားနိုင်သည်** ဟုတိကျစွာ ဖော်ပြထားပါသည်။

အမျိုးသားပညာရေးဥပဒေမူကြမ်းသည် တိုင်းရင်းသားတို့၏ ဘာသာ၊ စာပေထိန်းသိမ်းမြှင့်တင်ရေးအတွက် **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် မူလတန်းအဆင့်၌ တိုင်းရင်းသားဘာသာစကား သင်ကြားသင်ယူမှုကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဆောင်ရွက်နိုင်သည်**ဟု ဖော်ပြထားသည်ကို တွေ့ရှိနိုင်ပါသည်။

သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲရေးလုပ်ငန်းသည် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သည်။ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ ပညာရှင်များ၊ ပညာရေးစိတ်ပါဝင်စားသူအားလုံးက ပူးပေါင်းပါဝင်အကြံဉာဏ်များပေးခြင်းဖြင့် နိုင်ငံတကာလူ့အဖွဲ့အစည်းများနှင့် သဟဇာတဖြစ်ပြီး အရည်အသွေးပြည့်ဝသည့် နိုင်ငံသားကောင်းများ ဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးနိုင်သည့် သင်ရိုးညွှန်းတမ်းမှသည် အရည်အသွေးရှိ ပညာရေးဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ယုံကြည်မိပါသည်။

ယခုကဲ့သို့ ဒီမိုကရေစီခေတ်ဆန်းချိန်တွင် မြန်မာနိုင်ငံသားအားလုံး တက်ညီလက်ညီဖြင့် တိုင်းကျိုးပြည်ပြုပညာရေးပြောင်းလဲမှုများတွင် ကျရာနေရာမှ စည်းစည်းလုံးလုံး ပါဝင်ဆောင်ရွက်ခြင်းဖြင့် မြန်မာပြည်၏ ပညာရေးမြင့်မားလာသည်နှင့်အမျှ တိုင်းပြည်၏ စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုမည့်အပြင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းလာရေးအတွက်ပါ အထောက်အကူပြုမည်ဟု မျှော်လင့်မိပါသည်။ ။

ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ ပညာရှင်များ၊ ပညာရေးစိတ်ပါဝင်စားသူအားလုံးက ပူးပေါင်းပါဝင် အကြံဉာဏ်များပေးခြင်းဖြင့် နိုင်ငံတကာလူ့အဖွဲ့အစည်းများနှင့် သဟဇာတဖြစ်ပြီး အရည်အသွေးပြည့်ဝသည့် နိုင်ငံသားကောင်းများ ဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးနိုင်သည့် သင်ရိုးညွှန်းတမ်းမှသည် အရည်အသွေးရှိ ပညာရေးဖြစ်ပေါ်လာမည်ဖြစ်

အမှုထမ်းများစွမ်းဆောင်ရည် မြှင့်တင်မှုသင်တန်းဖွင့်

တမူး ဩဂုတ် ၂၇

ချင်းပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ အမှုထမ်းများ စွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဟားခါးမြို့ပြည်နယ်ဦးစီးဌာနမှူးရုံး၌ ဩဂုတ် ၂၅ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ဦးစီးမှူး ဦးဝင်းရှိန်က နိုင်ငံတော်ပြုပြင်ပြောင်းလဲမှု တတိယအဆင့် အရှိန်မြှင့်တင်မှုအဖြစ် ထိထိရောက်ရောက်ကြိုးပမ်းဆောင်ရွက်ရာ၌ ဌာနတွင်းဝန်ထမ်းများစွမ်းဆောင်ရည်ပြည့်ဝစေရန် စွမ်းရည်မြှင့်သင်တန်းများဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းသို့ ပြည်နယ်ရုံးနှင့် ဟားခါးခရိုင်အတွင်းရှိ ဝန်ထမ်းစုစုပေါင်း ၃၅ ဦးတက်ရောက်ကာ သင်တန်းကာလမှာ ရက်သတ္တ နှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်းနှင့် အလားတူ ချင်းပြည်နယ်ရှိ ဖလမ်းခရိုင်၊ မင်းတပ်ခရိုင် ဦးစီးဌာနမှူးရုံးများတွင်လည်း အဆိုပါ သင်တန်းများဖွင့်ခဲ့ပြီး ခရိုင်အတွင်းရှိ ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ကောင်းနန္ဒကျော်(တမူး)





အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

မြန်မာနိုင်ငံ၏အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်အစိုးရက အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတကာ အဖွဲ့အစည်းများ၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များပါဝင်သော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ဆူးလေ ရှန်ဂရီလာဟိုတယ်၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က လူ့စွမ်းအားအရင်းအမြစ်၊ အခြေခံအဆောက်အအုံများနှင့် သဘာဝသယံဇာတအရင်းအမြစ်များပူးပေါင်းပါဝင်သော အာဆီယံစီးပွားရေးအသိုက်အဝန်းထူထောင်ရာတွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ အခန်းကဏ္ဍမှာ အရေးပါဆုံးအချက်တစ်ချက်ဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေးအသိုက်အဝန်း အောင်မြင်စွာတည်ထောင်သွားနိုင်ရန် လိုအပ်သော နိုင်ငံတကာ အတွေ့အကြုံဗဟုသုတများ၊ နည်းပညာများနှင့် ပညာရှင်များ၊ မူဝါဒရေးဆွဲသူများ ပါဝင်သည့် ဤအလုပ်ရုံဆွေးနွေးပွဲမှ အထောက်အပံ့များစွာ ရရှိမည်ဟု ယုံကြည်ပါကြောင်း၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများမှာ မြို့ပြ၊ ကျေးလက်နေပြည်သူလူထု၏ လေးပုံသုံးပုံခန့်ကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိပြီး မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းစုများ၏ ၉၀ ရာခိုင်နှုန်းကျော်ရှိသော လုပ်ငန်းများဖြစ်ပြီး တိုင်းပြည်စီးပွားရေး၏ ကျောရိုးသဖွယ်ဖြစ်နေကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် ၂၀၁၂ ခုနှစ်မှစတင်၍ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနမှတစ်ဆင့် နည်းပညာနှင့် ငွေကြေးကဲ့သို့ အဓိကလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထို့ပြင် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းဆိုင်ရာ ဥပဒေကြမ်းရေးဆွဲခြင်း၊ လွှတ်တော်သို့တင်သွင်းခြင်းများဆောင်ရွက်ထားကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲမှ ပြည်တွင်းရှိ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများအပြင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အသုံးဝင်သော နည်းလမ်းများကို ဆွေးနွေးနိုင်မည်ဟု မျှော်လင့်ကြောင်းဖြင့် ပြောကြားသည်။

"အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းဆိုတာ စီးပွားရေးပြုပြင်ပြောင်းလဲမှုရဲ့ အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အလုပ်အကိုင်ဖန်တီးမှုတွေ၊ ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနဲ့ လူငယ်နဲ့ အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုတွေမှာ အမေရိကန်အစိုးရအနေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ Deputy Chief of Mission, Ms.Virginia Murray က အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားသည်။

အမေရိကန် စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သင်တန်းများအပြင် လူမှုတာဝန်သိတတ်သော စီးပွားရေးလုပ်ငန်းဆိုင်ရာ အစီအစဉ်များကိုလည်း တစ်ပါတည်း ယူဆောင်လာမည်ဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်းကျင့်သုံးနေသော စီးပွားရေးအလေ့အကျင့်ကောင်းများကို ပိုမိုထိတွေ့ခွင့်ရခြင်းအားဖြင့် မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ကူညီတည်ထောင်ပေးသွားနိုင်မည်ဖြစ်ကြောင်း အမေရိကန်-အာဆီယံစီးပွားရေးကောင်စီဥက္ကဋ္ဌ Mr. Alexander C.Feldman က ပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် စီးပွားရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပိုမိုတိုးတက်ပေါင်းစည်းဆောင်ရွက်ခြင်း၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း၏ ထုတ်ကုန်များအား ပြည်တွင်းဈေးကွက်မှ ပြည်ပဈေးကွက် ရရှိအောင် ဆောင်ရွက်ခြင်း၊ နည်းပညာအသုံးချဈေးကွက်ချဲ့ထွင်ခြင်း၊ နယ်စပ်ကုန်သွယ်မှုဆိုင်ရာ ဥပဒေရှုထောင့်များစသည့် ခေါင်းစဉ်များဖြင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ပြည်တွင်း ပြည်ပပညာရှင်များနှင့် လုပ်ငန်းရှင်များ ပါဝင်ဆွေးနွေးခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို မြန်မာအမျိုးသမီး စွမ်းဆောင်ရှင်များအသင်း၊ UMFCCI၊ မြန်မာနိုင်ငံစက်မှုလုပ်ငန်းရှင်များအသင်း၊ USAID၊ The United Parcel Service of North America, Inc.(UPS)၊ Procter & Gamble Co., (P&G) စသည့် အဖွဲ့အစည်းများပါ ပူးပေါင်းပါဝင်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်းမှလွတ်မြောက်ရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် ဩဂုတ် ၂၇

မြန်မာနိုင်ငံအား ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်းမှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန် ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် ကော်မတီတစ်ရပ်ဖြစ်သည့် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ဆက်ဆံရေးဆပ်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန စတုရင်္ဂလခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ယင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ဆက်ဆံရေးဆပ်ကော်မတီဥက္ကဋ္ဌဖြစ်သူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှ ဆပ်ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများနှင့် ဌာနကိုယ်စားလှယ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာ၌ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းလျက် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်းမှ လွတ်မြောက်ရေးအတွက် ကြားကာလအတွင်း မဟာဗျူဟာတစ်ရပ် လေ့လာသုံးသပ်သည့် စာတမ်းတစ်စောင်ရေးဆွဲနိုင်ရေးအပါအဝင် မြန်မာနိုင်ငံ၌ လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များ၊ သက်ဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိသူများ မြန်မာနိုင်ငံသို့ လာရောက်ရာတွင် လုပ်ငန်းစဉ်များ၊ အကြံဉာဏ်များ၊ နည်းပညာအကူအညီများရယူရေးနှင့် မြန်မာနိုင်ငံဘက်မှ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသည့်ကိစ္စများ စသည်တို့အပေါ် ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။ **(သတင်းစဉ်)**

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး နယ်သာလန်ပညာရှင်အဖွဲ့နှင့် ဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၇

ဩဂုတ် ၂၅ ရက် နံနက် ၁၁ နာရီခွဲက နယ်သာလန်နိုင်ငံ ရေအရင်းအမြစ်ကဏ္ဍ အမျိုးသားအဆင့် ကျွမ်းကျင်ပညာရှင် (အငြိမ်းစားစိုက်ပျိုးရေးဝန်ကြီး) Dr. Cees Veerman နှင့် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံသံအမတ်ကြီး Mr. Joan Boo တို့ပါဝင်သော ပညာရှင်အဖွဲ့သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များအား တွေ့ဆုံသည်။

တွေ့ဆုံရာတွင် နယ်သာလန်နိုင်ငံသံအမတ်ကြီးနှင့် နယ်သာလန်နိုင်ငံ ရေအရင်းအမြစ်ကဏ္ဍ အမျိုးသားအဆင့် ကျွမ်းကျင်ပညာရှင် (အငြိမ်းစား စိုက်ပျိုးရေးဝန်ကြီး)တို့က မြန်မာနိုင်ငံ၏ ရေသယံဇာတ၊ မြေသယံဇာတ ကြွယ်ဝမှုအခြေအနေအရ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများစွာ ရှိနေကြောင်း၊ နယ်သာလန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ရေအရင်းအမြစ်များ၊ မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို နည်းပညာနှင့် အထောက်အပံ့အကူအညီများ ပံ့ပိုးကူညီဆောင်ရွက်သွားလိုပါကြောင်း၊ မြန်မာဘက်မှ နယ်ပယ်အလိုက် လိုအပ်သည်များကို သိရှိလိုပါကြောင်း ဆွေးနွေးပြောကြားကြသည်။

ဆွေးနွေးချက်များ အပေါ် ပြည်ထောင်စုဝန်ကြီးက နယ်သာလန်နိုင်ငံသည် နိုင်ငံငယ်တစ်ခုဖြစ်သော်လည်း သဘာဝရေအရင်းအမြစ်နှင့် သဘာဝမြေသယံဇာတကို အထိရောက်ဆုံး၊ အကျိုးရှိဆုံးအသုံးပြုခြင်းဖြင့် ဥရောပတိုက် ဈေးကွက်၏ စားရေရိက္ခာလိုအပ်ချက်ကို အဓိကတင်ပို့ရောင်းချ ဖြည့်တင်းပေးနေသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အတွက် ဂုဏ်ယူဖွယ်ရာဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံလိုသူများကို ဖိတ်ခေါ်ပါကြောင်း။

နယ်သာလန်နိုင်ငံ၏ ဥရောပအပါအဝင် ဈေးကွက်ရရှိထားမှု ဈေးကွက်ခိုင်မာမှု အခြေအနေအပေါ်တွင် မြန်မာ့ လယ်ယာထွက်ကုန်များကို နယ်သာလန်နိုင်ငံနှင့်အတူ ပူးပေါင်းထုတ်လုပ်ပြီး ဈေးကွက်လိုအပ်ချက်ရှိသော နိုင်ငံများသို့ တင်ပို့ရောင်းချခြင်းအားဖြင့် နှစ်နိုင်ငံအကြား Win-Win အပြန်အလှန် အကျိုးကျေးဇူး ရရှိစေနိုင်မည် ဖြစ်သည့်အတွက် ရင်းနှီးမြှုပ်နှံမှုများရရှိလာရေး နှစ်ဖက်နီးနီးကပ်ကပ် ညှိနှိုင်းဆွေးနွေး အကောင်အထည်ဖော်ကြရန် တိုက်တွန်း ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လာရောက်ပြသသော လူနာများ၏ စိုက်ထုတ်ကုန်ကျငွေကျဆင်းစေရန်အတွက် အခမဲ့ဆောင်ရွက်ပေးမှုများ သတင်းထုတ်ပြန်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် ကျန်းမာရေးအသုံးစရိတ်များကို နိုင်ငံတော်မှ နှစ်စဉ်တိုးတက်ရရှိခဲ့ရာ ကနဦးအနေဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လာရောက်ကုသမှုခံယူသော လူနာများအတွက် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများနှင့် ဓာတ်မှန်ဖလင်များ ဝယ်ယူရန်အတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနမှ ရန်ပုံငွေများတိုးမြှင့်ခွင့်ပြုခွဲဝေချထားပေးခဲ့ပါသည်။

၂။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသည် တိုးတက်ရရှိလာသော ရန်ပုံငွေများဖြင့် ဆေးရုံသို့လာရောက်ပြသသော လူနာများ၏ စိုက်ထုတ်ကုန်ကျငွေ (Out of Pocket)ကျဆင်းစေရန်အတွက်-

(က) ၁-၈-၂၀၁၄ ရက်နေ့မှစ၍ သွေးသွင်းကုသရန်လိုအပ်သော အတွင်းလူနာများအား အခကြေးငွေပေးရန်မလိုဘဲ အခမဲ့ သွေးသွင်းကုသပေးခြင်း၊

(ခ) အရေးပေါ်နှင့် ပြင်ပလူနာဌာနသို့ လာရောက်ပြသသော လူနာများနှင့် ဆေးရုံတက်ရောက်ကုသမှုခံယူသောလူနာများအတွက် ဆေးမှတ်တမ်းစာအုပ်များကို အခမဲ့ဆောင်ရွက်ပေးခြင်း၊

(ဂ) ၁-၉-၂၀၁၄ ရက်နေ့မှစ၍ အရေးပေါ်လူနာများအတွက် အခြေခံဓာတ်ခွဲစမ်းသပ်မှုများ၊ Digital X-Ray ရိုက်ကူးမှုများနှင့် Ultrasound ရိုက်ကူးမှုများကို အခမဲ့ဆောင်ရွက်ပေးခြင်း၊

(ဃ) အတွင်းလူနာများအတွက် အချို့သောဓာတ်ခွဲစမ်းသပ်မှုများကို အခမဲ့စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ပေးခြင်း၊

(င) အတွင်းလူနာများနှင့် အရေးပေါ်လူနာများအတွက် အခြေခံဆေးဝါးများ၊ ခွဲစိတ်ခန်းသုံးပစ္စည်းများကို အခမဲ့ထောက်ပံ့ပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အများပြည်သူများသိရှိနိုင်ရန်အတွက် အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ပေးအပ်

မုံရွာ ဩဂုတ် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ် ငှက်ပျောခြံကျေးရွာတွင် မိုးပွင့်အဆင့်(၆)ဖြင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများ အခမဲ့ပေးအပ်ပွဲကို ဩဂုတ် ၂၄ ရက်က ငှက်ပျောခြံကျေးရွာ စာသင်ကျောင်း၌ကျင်းပရာ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး (ညွှန်ကြားရေးမှူး) ဦးစိုးပိုင်မြင့် တက်ရောက်အားပေးသည်။

အခမ်းအနားတွင် တိုင်းဦးစီးဌာနမှူး (ညွှန်ကြားရေးမှူး)က မိုးပွင့်အဆင့်(၆)နှင့်ပတ်သက်သည့် သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး ကျေးရွာပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အခမဲ့ပေးအပ်ခဲ့သည်။ **(အေးချမ်းမောင်)**

ဆဋ္ဌမအကြိမ်မြောက် မဲခေါင်-ဂျပန် စီးပွားရေးဝန်ကြီးများအစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၂၇

ဆဋ္ဌမအကြိမ်မြောက် မဲခေါင်-ဂျပန် စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I) ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးသို့ မဲခေါင်ဒေသများဖြစ်သည့် မြန်မာ၊ လာအို၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ တရုတ်နိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများ၊ ဂျပန်နိုင်ငံမှ စီးပွားရေးဝန်ကြီး၊ ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဂျပန်စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး H.E. Toshimitsu Motegi တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ကြပြီး ၂၀၁၂ ခုနှစ် ဒီဇင်ဘာလက ဂျပန်နိုင်ငံ၌ ကျင်းပခဲ့သည့် (၅)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေး၌ ချမှတ်လမ်းညွှန်ခဲ့သည့်ကိစ္စရပ်များ၊ အာဆီယံ-မဲခေါင် စီးပွားရေးနှင့်စက်မှုလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးကော်မတီမှ ဆောင်ရွက်နေသည့် "မဲခေါင်ဒေသဖွံ့ဖြိုးရေးလမ်းပြမြေပုံ"အား အကောင်အထည်ဖော် တိုးတက်မှုအခြေအနေ၊ "မဲခေါင်ဒေသ စက်မှုဖွံ့ဖြိုးမှုဆိုင်ရာ ရှုမြင်ချက်" ပေါ်ပေါက်ရေးလုပ်ဆောင်မှုများ၊ မဲခေါင်ဒေသနှင့် ဂျပန်နိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းကိုယ်စားလှယ်များ၏ (၇)ကြိမ်မြောက် မဲခေါင်-ဂျပန် အစိုးရနှင့် စက်မှုလုပ်ငန်းများဆွေးနွေးပွဲမှရလဒ်များအား တင်ပြခြင်းနှင့် ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် (၆)ကြိမ်မြောက် မဲခေါင်-ဂျပန်ထိပ်သီးအစည်းအဝေးကျင်းပရေး ပြင်ဆင်ဆောင်ရွက်မှုများကို သုံးသပ်ဆွေးနွေးခဲ့ကြသည်။

ဆဋ္ဌမအကြိမ်မြောက် မဲခေါင်-ဂျပန်စီးပွားရေးဝန်ကြီးများ အစည်းအဝေးအပြီးတွင် ပူးတွဲကြေညာချက် ထုတ်ပြန်နိုင်ခဲ့ပြီး အဆိုပါ ပူးတွဲကြေညာချက်တွင် ၂၀၁၃ ခုနှစ်က မဲခေါင်နှင့်ဂျပန်ကြား စုစုပေါင်းကုန်သွယ်မှုသည် ဂျပန်ယန်း ၈ ဒသမ ၄ ထရီလီယံရှိသဖြင့် ၂၀၁၂ ခုနှစ်ကထက် ၉ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း၊ ထို့အတူ မဲခေါင်နှင့်ဂျပန်အကြား နိုင်ငံခြားရင်းနှီးမြှုပ်နှံစီးဆင်းမှုပမာဏ (FDI) သည်လည်း ၂၀၁၃ ခုနှစ်၌ ဂျပန်ယန်း ၁ ဒသမ ၃ ထရီလီယံ တိုးတက်လာပြီး ရာခိုင်နှုန်းအားဖြင့် ၄၀၆ ရာခိုင်နှုန်းရှိပါကြောင်း။

၂၀၁၃ ခုနှစ်တွင် မဲခေါင်ဒေသတွင်းနိုင်ငံများအားလုံးအတွက် ဗီဇာဖြေလျှော့ရေးလိုအပ်ချက်များကို စတင်အကောင်အထည်ဖော်ခြင်းနှင့် မဲခေါင်ဒေသနိုင်ငံများ၏ ရေရှည်၊ ရေလတ်စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးမျှော်မှန်းချက်ဖော်ဆောင်ရန် သိရှိနားလည်ခဲ့ကြကြောင်း။

စီးပွားရေးဝန်ကြီးများက မြဝတီလမ်းဖွံ့ဖြိုးရေးအတွက် ထိုင်းနိုင်ငံ၏ထောက်ပံ့မှုနှင့် ပထမအကြိမ် ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတားထိန်းသိမ်းမှု၊ ၂၀၁၄ ခုနှစ်တွင် JETRO ဗီယမ်ကျင်းရုံး တည်ထောင်ရေးကို ကြိုဆိုပါကြောင်း။

(၇)ကြိမ်မြောက် မဲခေါင်-ဂျပန်စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို (၄၇)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့်အတူ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပရန် အတည်ပြုခဲ့ကြကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

တတိယအကြိမ်မြောက် အာဆီယံ-ကနေဒါ စီးပွားရေးဝန်ကြီးများအစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၂၇

တတိယအကြိမ်မြောက် အာဆီယံ-ကနေဒါ စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-I)နီလာခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ အာဆီယံနှင့် ကနေဒါနိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ အာဆီယံ အဆင့်မြင့်စီးပွားရေးအရာရှိများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး ၂၀၁၄ ခုနှစ် ကနေဒါနိုင်ငံတွင် ပြုလုပ်ခဲ့သည့် AEM Road Show မှ ရလဒ်များနှင့် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များ၊ အာဆီယံ-ကနေဒါ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးတွဲကြေညာချက်အား အကောင်အထည်ဖော်မည့် ၂၀၁၂-၂၀၁၅ လုပ်ငန်းအစီအစဉ်ဆောင်ရွက်တိုးတက်မှုအခြေအနေများ၊ အာဆီယံ-ကနေဒါ စီးပွားရေးကောင်စီမှ တင်ပြသည့်ကိစ္စရပ်များကို သုံးသပ်ဆွေးနွေးခဲ့ကြသည်။

တတိယအကြိမ်မြောက်အာဆီယံ-ကနေဒါ စီးပွားရေးဝန်ကြီးများ အစည်းအဝေးအပြီးတွင် ပူးတွဲကြေညာချက်ထုတ်ပြန်ခဲ့ပြီး အဆိုပါပူးတွဲကြေညာချက်တွင် AEM Road Show တွင် အာဆီယံနိုင်ငံများမှ ပုဂ္ဂလိကကဏ္ဍပါဝင်မှုနှင့် အာဆီယံဝန်ကြီးများနှင့် အရာရှိများက ၎င်းတို့နှင့်အဆင့်တူ ပုဂ္ဂိုလ်များနှင့် ထိတွေ့ဆက်ဆံရန် အခွင့်အလမ်းကောင်းများကို ဖန်တီးခဲ့ကြကြောင်း၊ ထို့ပြင် Road Show မှ ထွက်ပေါ်လာသော ရလဒ်များအပေါ် အာဆီယံစီးပွားရေးဝန်ကြီးများ ကျေနပ်ဝမ်းမြောက်ခဲ့ကြကြောင်း၊ အာဆီယံဝန်ကြီးများက အာဆီယံဆိုင်ရာ မစ်ရှင်တစ်ခုတည်ထောင်ရေးအတွက် မကြာသေးမီက ကနေဒါ၏ထုတ်ပြန်ကြေညာချက်နှင့် ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့တွင် သံအမတ်တစ်ဦးနှင့် ဌာနေကိုယ်စားလှယ်တစ်ဦးတို့ ထားရှိမည်ကို ကြိုဆိုခဲ့ကြကြောင်း။

ယခုအခါ အာဆီယံဒေသတွင်း ကနေဒါ၏ ရင်းနှီးမြှုပ်နှံမှုမှာ တရုတ်၊ ဟောင်ကောင်၊ ဂျပန်၊ အိန္ဒိယထက် မြင့်မားနေကြောင်း၊ ကနေဒါစာရင်းအင်းများအရ ကနေဒါ-အာဆီယံကုန်သွယ်မှုပမာဏမှာ ၂၀၁၃ ခုနှစ်တွင် မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၅ ဘီလီယံရှိကြောင်း၊ အာဆီယံဝန်ကြီးများက အာဆီယံဒေသပေါင်းစည်းရေးကြိုးပမ်းမှုအား ဆက်လက်ထောက်ခံခဲ့သော ကနေဒါနိုင်ငံနှင့် လာမည့်နှစ်တွင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစဉ်ဆိုင်ရာ ပူးတွဲကြေညာချက်အသစ်ကို ချမှတ်နိုင်ရေးအတွက် မလေးရှားနိုင်ငံတွင် တွေ့ဆုံကြရန် သဘောတူညီခဲ့ကြကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

(သတင်းစဉ်)

■

ဒုတိယအကြိမ်မြောက် အရှေ့အာရှနိုင်ငံများ၏ စီးပွားရေးဝန်ကြီးများအစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၂၇

ဒုတိယအကြိမ်မြောက် အရှေ့အာရှနိုင်ငံများ၏ စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC- I)မြခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ အရှေ့အာရှနိုင်ငံများမှ စီးပွားရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ အာဆီယံအဆင့်မြင့်စီးပွားရေး အရာရှိများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၁၃ ခုနှစ် အောက်တိုဘာလက ဘရူနိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် (၈)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေး၌ ချမှတ်လမ်းညွှန်ခဲ့သည့် ကိစ္စရပ်များ၊ အရှေ့အာရှနှင့် ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှင့် ပတ်သက်၍ တိုးတက်လာမှုများ၊ ၂၀၁၅ ခုနှစ် အာဆီယံ စီးပွားရေးအသိုက်အဝန်းဖြစ်ပေါ်ရေးနှင့် ၂၀၁၅ အလွန်အတွက် ဦးစားပေး ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များ၊ အာရှ-ပစိဖိတ်ဒေသ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု(အေပက်)လုပ်ငန်းစဉ်၊ ပူးပေါင်းဆောင်ရွက်မှုနှင့် မူဝါဒဆိုင်ရာ နောက်ဆုံးအခြေအနေများ၊ အာဆီယံနှင့် အရှေ့အာရှဒေသ စီးပွားရေးသုတေသနအဖွဲ့အစည်း၏ စက်မှုလုပ်ငန်းဆိုင်ရာ မူဝါဒနှင့် စည်းမျဉ်းစည်းကမ်းများ လိုက်လျောညီထွေဖြစ်ရေး သုတေသနအပါအဝင် ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် (၉)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးကျင်းပရေး ပြင်ဆင်ဆောင်ရွက်မှုများကို သုံးသပ်ဆွေးနွေးခဲ့ကြသည်။

ဒုတိယအကြိမ်မြောက် အရှေ့အာရှနိုင်ငံများ၏ စီးပွားရေးဝန်ကြီးများ အစည်းအဝေးအပြီးတွင် ပူးတွဲကြေညာချက်ထုတ်ပြန်ခဲ့ပြီး အဆိုပါ ပူးတွဲကြေညာချက်တွင် ၂၀၁၁-၂၀၁၂ ခုနှစ် EAS အဖွဲ့ဝင်နိုင်ငံများ၏ စုစုပေါင်း ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုသည် ၅ ဒသမ ၃ ရာခိုင်နှုန်းခန့်ရှိရာမှ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် သုည ဒသမ ၉ ရာခိုင်နှုန်းအထိ မြင့်တက်လာသည်ကို အာဆီယံ၏ ကိန်းဂဏန်းများအရ အသိအမှတ်ပြုခဲ့ကြကြောင်း။

ထို့ပြင် EAS ဝန်ကြီးများသည် အာဆီယံ-EAS အဖွဲ့ဝင်မဟုတ်သည့် နိုင်ငံများနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စုစုပေါင်း ကုန်သွယ်မှုတန်ဖိုးမှာ ၂၀၁၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀၈၂ ဒသမ ၁ ဘီလီယံခန့်ရှိရာမှ ၂၀၁၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀၉၉ ဘီလီယံအထိ ရောက်ရှိလာသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၁ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်လာသည်ကိုလည်း အသိအမှတ်ပြုခဲ့ကြကြောင်း။

EAS အဖွဲ့ဝင်နိုင်ငံများ၏ ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း အရှိန်မြင့်တင်လျက်ရှိရာ အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးသည် အလိုအလျောက် တိုးတက်လျက်ရှိသည်ကို အသိအမှတ်ပြုခဲ့ပြီး EAS အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးဆိုင်ရာ ဆက်ဆံရေးခိုင်မာတောင့်တင်းစေရန် လိုအပ်ကြောင်းကိုလည်း အသိအမှတ်ပြုခဲ့ကြကြောင်း။

ထို့အတူ ဝန်ကြီးများသည် ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြပြီး ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးလာခြင်းကို ပြန်လည်ဦးမော့စေရေးအတွက် အာဆီယံနှင့် အရှေ့အာရှနိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု စဉ်ဆက်မပြတ်စေရေးအတွက် အလေးထားဆွေးနွေးခဲ့ကြကြောင်း။

အာဆီယံနှင့် အရှေ့အာရှ ဆွေးနွေးဖက်နိုင်ငံများက လုပ်ဆောင်ကြမည့် ကျယ်ပြန့်သော ဒေသတွင်းစီးပွားရေး ပေါင်းစပ်နိုင်ရေးနှင့် ၂၀၁၅ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်အလွန်နှစ်များအတွက် ပူးပေါင်းဆောင်ရွက်မှုကို ဦးစားပေးလုပ်ဆောင်ကြမည့် နယ်ပယ်ကဏ္ဍများအတွက် လိုအပ်ချက်များကို ဖော်ထုတ်ခဲ့ကြပြီး အရှေ့အာရှဆွေးနွေးဖက်နိုင်ငံများ၏ အကျိုးစီးပွားနှင့် အာဆီယံ၏ ပြောင်းလဲနေသော ဖွံ့ဖြိုးတိုးတက်မှုလိုအပ်ချက်များအတွက် ပူးပေါင်းဆောင်ရွက်မှု လုပ်ဆောင်ချက်များကို အလေးထားကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

(သတင်းစဉ်)

ဒုတိယအကြိမ် ဒေသဆိုင်ရာဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု စီးပွားရေးဝန်ကြီးများအစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၂၇

ဒုတိယအကြိမ် ဒေသဆိုင်ရာ ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I) မြခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများ၊ ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် ဂျပန်၊ တရုတ်၊ ကိုရီးယား၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် အိန္ဒိယနိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်၊ ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများတက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသ သဘောတူစာချုပ်နှင့် အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် ဂျပန်၊ တရုတ်၊ ကိုရီးယား၊ ဩစတြေးလျ၊ နယူးဇီလန်၊ အိန္ဒိယတို့အကြား ချုပ်ဆိုထားသည့် လွတ်လပ်သော ကုန်သွယ်မှုဒေသ သဘောတူစာချုပ်(၆)ခုအား တစ်ခုတည်းသော ဒေသဆိုင်ရာ ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်အဖြစ် ပေါင်းစည်းဆောင်ရွက်ရေးဆွေးနွေးမှုများနှင့်ပတ်သက်၍ ကုန်သွယ်ရေးညှိနှိုင်းမှုကော်မတီ သဘာပတိဖြစ်သူ အင်ဒိုနီးရှားနိုင်ငံ အဆင့်မြင့်စီးပွားရေးအရာရှိ၏ အစီရင်ခံတင်ပြချက်အပေါ် သုံးသပ်ဆွေးနွေးခဲ့သည်။

ညပိုင်းတွင် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က (၄၆)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်လာကြသည့် စီးပွားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များအား မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ကျောက်စိမ်းခန်းမ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(သတင်းစဉ်)**

❑ ရွှေဖုံးမှ

တူးမြောင်းမကြီးအရှည် ၂၅ မိုင်ရှိပြီး လက်တံမြောင်းများအရှည် ၃၀ မိုင်ရှိကြောင်း သိရသည်။

မဏိပူရ ဘက်စုံရေလှောင်တမံစီမံကိန်းတွင် ရေလွှဲဥမင်တည်ဆောက်ခြင်း၊ တမံတည်ဆောက်ခြင်းနှင့် ရေပိုလွှဲတည်ဆောက်ခြင်း လုပ်ငန်းများကို BOT စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ရေလွှဲဆည်တည်ဆောက်ခြင်းများနှင့် ဆည်ရေသောက်စနစ်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်မည်ဖြစ်သည်။

BOT စနစ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်ပြီးပါက ရေလွှဲဆည်နှင့် ဆည်ရေသောက်စနစ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဆည်တာတမံ၏ လက်ဝဲဘက်ခြမ်း တူးမြောင်းမကြီးမှ ဧကငါးသောင်းနှင့် လက်ယာဘက်ခြမ်း တူးမြောင်းမကြီးမှ ဧက သုံးသောင်းကို ရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရကာ ယခုလက်ရှိ မဏိပူရမြစ်ပေါ်တွင် Creep Weir တစ်ခု တည်ဆောက်၍ တူးမြောင်းခဲ့အမှတ်(၁)အား တူးဖော်ပြီး လယ်မြေဧက ၄၃၀၀ ကို ရေပေးဝေစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

(လင်းလက်ကြယ်စင်)

ဥတုရာသီ
တောကိုမှီ၏

ငွေပို့ခနှုန်းထားများ လျှော့ချကောက်ခံ

နေပြည်တော် ဩဂုတ် ၂၇

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း စာတိုက်လုပ်ငန်းက ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ငွေပို့ငွေလွှဲ ကိစ္စရပ်များကို ဆောင်ရွက်သောအခါ မြန်မာပြည်အနှံ့ တိုင်းဒေသကြီး/ပြည်နယ်များတွင် ဖြန့်ကြက်လျက်ရှိသည့် ရိုးရိုးငွေပို့လွှာလုပ်ငန်း စာတိုက်ရုံးပေါင်း ၇၈၂ ရုံးနှင့် အမြန်ငွေပို့လွှာလုပ်ငန်း စာတိုက်ရုံးပေါင်း ၃၀၉ ရုံးတို့တွင် ငွေပို့ခနှုန်းထားများကို ယခင်ပို့ငွေ ၁၀၀ ကျပ်လျှင် ပို့ခ ၅ ကျပ်နှုန်းဖြင့် ကောက်ခံလျက်ရှိရာမှ သုံးစွဲသူပြည်သူများအား အထူးသက်သာသောနှုန်းထားဖြင့် ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ၁-၉-၂၀၁၄ ရက်နေ့မှစ၍ ငွေပို့ခများကို အောက်ဖော်ပြပါ နှုန်းထားများအတိုင်း လျှော့ချကောက်ခံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

စဉ်	ငွေပမာဏ(ကျပ်) မှ	ငွေပမာဏ(ကျပ်) ထိ	ငွေပို့ခ ၁၀၀ ကျပ်လျှင် ပို့ခ
၁	၁	၁၀၀၀၀၀၀	၅၀ ပြားနှုန်း
၂	၁၀၀၀၀၀၁	၁၀၀၀၀၀၀၀	၂၅ ပြားနှုန်း
၃	၁၀၀၀၀၀၀၁	၁၀၀၀၀၀၀၀၀	၁၀ ပြားနှုန်း
၄	၁၀၀၀၀၀၀၀၀၁ နှင့်အထက်		၅ ပြားနှုန်း

အမြန်ငွေပို့လွှာအတွက် FAX အသုံးပြုခမှာ ငွေပို့လွှာတစ်စောင်လျှင် ၂၀၀ ကျပ်နှုန်း ကောက်ခံမည်ဖြစ်ပါသည်။ **(သတင်းစဉ်)**

■ ကျောဖုံးမှ

၁၆ ရက်ကြာ ရေလွှမ်းခံရ၍ အားလုံးပျက်စီးနိုင်သဖြင့် ပျက်စီးဧရိယာစုစုပေါင်း ၅၇၂၁၇ ဧကရှိမည်ဖြစ်ကြောင်း သိရသည်။

မိုးစပါးပျက်စီးဧရိယာ ၅၇၂၁၇ ဧကအတွက် တစ်ဧကလျှင် မျိုး ၁ ဒသမ ၅ တင်း ခန့်မှန်းငွေ ၁၂၀၀၀ ကျပ်နှုန်းဖြင့် ငွေကျပ် ၆၈၆ ဒသမ ၆၀၄ သန်း၊ ထိခိုက်မှုဧရိယာ ၆၀၁၉၆ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၆၀၀၀ နှုန်းဖြင့် ငွေကျပ် ၃၆၁ ဒသမ ၁၇၆ သန်း စုစုပေါင်း ငွေကျပ် ၁၀၄၇ ဒသမ ၇၈ သန်းအား ပြည်ထောင်စုအစိုးရအဖွဲ့က ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် အမေရိကန်စီးပွားရေးလုပ်ငန်းရှင် Mr.Anthony Nelson၊ အမေရိကန်နိုင်ငံမှ ကုန်သွယ်ရေးကိုယ်စားလှယ် Mr. Micheal Froman တို့နှင့် တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၇

(၄၆)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးဥက္ကဋ္ဌ အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် အမေရိကန်စီးပွားရေးလုပ်ငန်းရှင် Mr. Anthony Nelson ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့မွန်းလွဲပိုင်းတွင် လည်းကောင်း၊ အမေရိကန်နိုင်ငံ ကုန်သွယ်ရေးကိုယ်စားလှယ် Mr.Micheal Froman ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ညနေပိုင်းတွင် လည်းကောင်း မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I) ၌ သီးခြားစီတွေ့ဆုံပြီး စီးပွားရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

မြန်မာ-ဂျပန် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဂျပန်နိုင်ငံ ITOCHU Corporation (Tokyo) မှ Executive Vice President, Mr. Yoichi KOBAYASHI ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား အဆိုပါဝန်ကြီးရုံး ဧည့်ခန်းမ၌ ယနေ့ညနေ ၃ နာရီတွင်တွေ့ဆုံသည်။**(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲ၌ မြန်မာ-ဂျပန်နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် Itochu ကုမ္ပဏီမှ နာနတ်သီးများ စတင်စမ်းသပ်စိုက်ပျိုးထုတ်လုပ်သွားမည့်အခြေအနေများ၊ ကားတင်သွင်းခွင့်ဆိုင်ရာ မူဝါဒများနှင့် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဓာတုလက်နက် တားဆီးပိတ်ပင်ရေးစာချုပ်ဆိုင်ရာ အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ဓာတုလက်နက်တားဆီးပိတ်ပင်ရေးအဖွဲ့အစည်း (Organization for the Prohibition of Chemical Weapons - OPCW) တို့၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ဂျပန်နိုင်ငံ၊ မလေးရှားနိုင်ငံတို့၏ ပံ့ပိုးကူညီမှုတို့ဖြင့် ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် (Chemical Weapons Convention) ဆိုင်ရာ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၅ ရက်တွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန မြန်မာ့သိပ္ပံနှင့် နည်းပညာ သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားခဲ့ရာတွင် ဓာတုလက်နက်တားဆီးပိတ်ပင်ရေးသည် ယနေ့ခေတ် လူ့အဖွဲ့အစည်းများအတွက် အလွန်အရေးပါသော ဆောင်ရွက်ရမည့် ကိစ္စရပ်တစ်ခုဖြစ်ပြီး ကမ္ဘာ့တစ်ဝန်းရှိ လူနှင့် ပတ်ဝန်းကျင်ကို ပြင်းထန်စွာအကျိုးသက်ရောက်စေသောကြောင့် အရေးယူဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ဓာတုလက်နက်သည် လူသားများအပေါ် ဝမ်းနည်းကြေကွဲဖွယ်ရာ ခြိမ်းခြောက်မှုကို ဖြစ်ပေါ်စေပါကြောင်း၊ ဓာတုလက်နက်သည် အဆိပ်ဖြစ်စေသည့် မည်သည့်ဓာတုပစ္စည်းကိုမဆို အသုံးပြုရရှိနိုင်သောကြောင့် ဒဏ်ရာရစေခြင်း၊ မသန်စွမ်းဖြစ်စေနိုင်ခြင်း၊ လူကိုသေစေနိုင်ခြင်းတို့ကို ဖြစ်စေနိုင်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းတွင် မြန်မာနိုင်ငံသည် လူအစုလိုက်အပြုံလိုက် ထိခိုက်သေကျေစေနိုင်သည့် လက်နက်များ (Weapons of Mass Destruction) ကို ဖျက်သိမ်းခြင်းနှင့် လက်နက်မပြန့်ပွားရေး ဆောင်ရွက်မှုများကို အခိုင်အမာထောက်ခံသူအဖြစ် ပြသနိုင်ရန် မြန်မာနိုင်ငံသည် ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်အား ၁၉၉၃ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် နျူကလီးယားလက်နက်မပြန့်ပွားရေးစာချုပ်၊ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီနှင့် ချုပ်ဆိုထားသော နျူကလီးယားထိန်းချုပ်စောင့်ကြပ်ရေးစာချုပ်တို့၏ နောက်ဆက်တွဲစာချုပ် (Additional Protocol)ကို လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ဓာတုလက်နက်များအား အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်းများအား တားဆီးပိတ်ပင်သော အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်အား မြန်မာနိုင်ငံမှ အတည်ပြုလက်မှတ်ရေးထိုးရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေပါကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲသည် ဥပမာတစ်ခုဖြစ်ပါကြောင်း၊ ဓာတုလက်နက် တားဆီးပိတ်ပင်ရေးစာချုပ်အား အတည်ပြုလက်မှတ်ရေးထိုးရန် လိုအပ်သောလုပ်ငန်းစဉ်များအား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်အား အတည်ပြုပါဝင်လက်မှတ်ရေးထိုးပါက စာချုပ်နှင့် လိုက်လျောညီထွေမှုရှိစေရန် လက်ရှိဓာတုပစ္စည်းဆိုင်ရာ ဥပဒေများအား ပိုမိုပြည့်စုံလာစေအောင် ပြုလုပ်ရန် လိုအပ်ပါကြောင်း၊ စက်မှုဝန်ကြီးဌာနသည် ဓာတုပစ္စည်းများနှင့် ဆက်စပ်သည့် ဓာတုပစ္စည်းများ၏ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေကို ၂၀၁၃ ခုနှစ် ဩဂုတ်လတွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုအခါ ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၀ ရှိနေပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်ကို အပြည့်အဝအကောင်အထည်ဖော်ဆောင်နိုင်စေရေး မြှင့်တင်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်ဆိုင်ရာ အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ ကိုယ်စားလှယ် စုစုပေါင်း ၅၀ တက်ရောက်ခဲ့ပြီး ဩဂုတ် ၂၅ ရက်မှ ၂၇ ရက်ထိ ကျင်းပခဲ့သည်။ ဆက်လက်၍ ရန်ကုန်မြို့တွင် မြန်မာ့ပိုးသတ်ဆေးပြန်လည်ထုပ်ပိုးစက်ရုံ၌ ကွင်းဆင်းစစ်ဆေးမှုဆိုင်ရာ သရုပ်ပြလေ့ကျင့်မှုများကို ဩဂုတ် ၂၈ ရက်နှင့် ၂၉ရက်တို့တွင် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လက်ပံတောင်းတောင်ကြားစေတီတော် တရားပွဲများကျင်းပ

မုံရွာ ဩဂုတ် ၂၇

လက်ပံတောင်းတောင်ကြားစေတီ အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင် ရွှေကြာသက်န်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနား အထိမ်းအမှတ်တရားပွဲများကို ဩဂုတ် ၂၂ ရက် ည ၈ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် ကျော်ရွာအနီး တောင်ကြားစေတီ သာသနာ့ဗိမာန်တော်၌ ကျင်းပခဲ့သည်။**(ယာပုံ)**

အဆိုပါ တရားပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ အကြီးအကဲများ၊ သီလရှင်ဆရာကြီးများ၊ ပတ်ဝန်းကျင်ကျေးရွာများမှ ကျေးရွာသူ၊ ကျေးရွာသားများ လာရောက်နာယူကြည်ညိုတော်မူကြသည်။

ဆက်လက်၍ မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ပါမောက္ခဌာနမှူး ဆရာတော် ဒေါက်တာ အရှင်စန္ဒနာဝရ(ပတ္တမြားရောင်) ဆရာတော်က "ကံကောင်းခြင်းဆိုလျှင်" ခေါင်းစဉ်ဖြင့် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် ဇနီး ဒေါ်ဝေဝေခိုင်(အေးရိပ်ဝေ)မိသားစုမှ ငွေကျပ် ငါးသိန်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ငွေကျပ် ငါးသိန်းနှင့် အများပြည်သူလှူဒါန်းငွေကျပ် ၅၆၂၀၀ စုစုပေါင်း ငွေကျပ် ၁၀၅၆၂၀၀ ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးတင်ဝင်းက ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

လိုင်စင်မဲ့လေသေနတ်များ၊ ကော်စေ့ဖြင့်ပစ်ခတ်၍ရသော Air Soft Gun သေနတ်များ သတ်မှတ်ရက်ကာလအတွင်း လာရောက်အပ်နှံကြရန် နှိုးဆော်

နေပြည်တော် ဩဂုတ် ၂၇

ဩဂုတ် ၈ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် သံဘောစေ့ဖြင့် ပစ်ခတ်၍ရသော လေသေနတ်ရှစ်လက်နှင့် ကော်စေ့ဖြင့် ပစ်ခတ်၍ရသော Air Soft Gun ၉၆ လက် စုစုပေါင်း ၁၀၄ လက် (အရှည် ၈၈ လက်နှင့် အတို ၁၆ လက်) နှင့် ဆက်စပ်ပစ္စည်းများအား ဩဂုတ် ၇ ရက်က သိမ်းဆည်းရမိခဲ့ကြောင်း၊ သိမ်းဆည်းရမိလက်နက်များအပြင် လက်နက် ၅၀ ခန့်ကို နီးစပ်ရာပုဂ္ဂိုလ်များသို့ ရောင်းချထားသည်ဟု သိရသဖြင့် လေသေနတ်များ လက်ဝယ်ရှိသူ များမှ နီးစပ်ရာရဲစခန်းများသို့ အမြန်ဆုံးအပ်နှံကြရန်နှင့် အပ်နှံခြင်းမပြုပါက တည်ဆဲဥပဒေများအရ အရေးယူသွားမည်ဖြစ်ကြောင်း ထည့်သွင်းဖော်ပြခဲ့ပြီး ဖြစ်သည်။

ယင်းသို့ ဖော်ပြချက်များအရ အဆိုပါလေသေနတ်များ လက်ဝယ်ကိုင်ဆောင်ထားသူများက နီးစပ်ရာရဲစခန်းများသို့ပြန်လည်အပ်နှံခဲ့ကြရာ ဩဂုတ် ၉ ရက်မှ ၂၇ ရက်အထိ သက်ဆိုင်ရာရဲစခန်းများသို့လာရောက်အပ်နှံသည့်ကော်ဘောစေ့ဖြင့်ပစ်ခတ်ရသော လေသေနတ်အရှည် ၄၇ လက်နှင့် အတို ၃၃ လက် စုစုပေါင်း အလက် ၈၀ ရှိပြီဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ တာဝန်သိစိတ်ဖြင့် လေသေနတ်များကို လာရောက်အပ်နှံခဲ့ကြသော်လည်း ရောင်းချထားသော စာရင်းများအရ အချို့မှာ လက်ဝယ်ရှိနေသေးကြောင်း စစ်ဆေးဖော်ထုတ်သိရှိသဖြင့် အဆိုပါ လေသေနတ်များကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၅ ရက် နောက်ဆုံးထား၍ နီးစပ်ရာရဲစခန်းသို့ အပ်နှံကြရန်နှင့် သတ်မှတ်ကာလအတွင်း လာရောက်အပ်နှံမှုမပြုဘဲ တာဝန်ရှိသူများက ဖော်ထုတ်သိမ်းဆည်းရရှိခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဟု ထပ်မံကြေညာထားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

● မြန်မာ့လက်ရွေးစင်မှ

မြန်မာအသင်းမှာ အပြီးသတ်လူရွေးချယ်ရန်အတွက် ယခုခြေစမ်းပွဲကို ယှဉ်ပြိုင်ကစားခြင်းလည်းဖြစ်သည်။

ဖိလစ်ပိုင်ဖိတ်ခေါ်ပြိုင်ပွဲအတွက် ဖွဲ့စည်းလိုက်သော မြန်မာ့လက်ရွေးစင်အသင်းတွင် နည်းပြချုပ် အေဗရာမိုဗစ်၊ လက်ထောက်နည်းပြ ဇီကိုဗစ်နှင့် ဦးစိုးမြတ်မင်း၊ ဂိုးနည်းပြ ဒီနို၊ အသင်းအတွင်းရေးမှူး ဦးတင်မြင့်အောင်၊ ပဏာမ ကစားသမားများအဖြစ် ဂိုးသမား သီဟစည်သူ(ရတနာပုံ)၊ ကျော်ဇင်ဖြိုး(မကွေး)၊ ဗန်လားဟဂွယ်(နေပြည်တော်)၊ ပြည့်ဖြိုးအောင်(Southern)၊ နောက်တန်း- ဝင်းမင်းထွန်း(ကမ္ဘောဇ)၊ နေမျိုးအောင်(GFA)၊ သိန်းဇော်(ဇွဲကပင်)၊ ရဲဝင်းအောင်၊ ရန်အောင်ဝင်း၊ ဇော်မင်းထွန်း၊ စည်သူအောင်(ရတနာပုံ)၊ အောင်ဇော်၊ ခင်မောင်လွင်(ရန်ကုန်)၊ အလယ်တန်း- နွေးကိုကိုချစ်(ရတနာပုံ)၊ တင်ဝင်းအောင်(ဇွဲကပင်)၊ မင်းမင်းသူ၊ နန္ဒလင်းကျော်ချစ်၊ နိုင်လင်းဦး(ရောဝတီ)၊ ဒေးဗစ်ဒန်း၊ ရန်အောင်ကျော်(ရန်ကုန်)၊ အောင်ကျော်နိုင်(နေပြည်တော်)၊ ကျော်ဇေယျာဝင်း(ကမ္ဘောဇ)၊ ရှေ့တန်း- ရန်ပိုင်(ရတနာပုံ)၊ ကျော်ကိုကို(ရန်ကုန်)၊ စိုးမင်းဦး(ကမ္ဘောဇ)တို့ပါဝင်နေသည်။

ဖိလစ်ပိုင်ဖိတ်ခေါ်ပြိုင်ပွဲကို မြန်မာ၊ ဖိလစ်ပိုင်၊ ပါလက်စတိုင်းနှင့် တရုတ်(တိုင်ပေ)တို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

တက္ကသိုလ်ပေါင်းစုံ မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မုံရွာတက္ကသိုလ်၌ ဩဂုတ် ၂၅ ရက် နံနက်ပိုင်းတွင် တက္ကသိုလ်ပေါင်းစုံ မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသိပညာပေးဟောပြောပွဲ အခမ်းအနားကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကြည်နိုင်၊ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး နေဒွန်း၊ တိုင်း MANA ဥက္ကဋ္ဌ ဦးကျော်ရင်နှင့်အဖွဲ့၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်း အဖွဲ့များ စုစုပေါင်း ၁၁၉၁၅ ဦး တက်ရောက်ကြသည်။ ဟောပြောပွဲတွင် MANA ဗဟို အလုပ်အမှုဆောင် ဦးသိန်းကြည် က မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဖွဲ့စည်းရခြင်းနှင့် ရည်မှန်းချက် တာဝန်များအကြောင်း၊ မုံရွာပြည်သူ့ဆေးရုံကြီး စိတ်/မူးယစ်ဆေးစွဲ အထူးကုဆရာဝန်ကြီး ဒေါက်တာကြည်စိုးဝင်းက ယနေ့လူငယ်နှင့် မူးယစ်ဆေးဝါးပြဿနာ အကြောင်း၊ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ၊ လူထုဆက်ဆံရေးသံတမန် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီလူမင်းနှင့် အဖွဲ့သားများက မူးယစ်ဆေးဝါးနှင့် သက်ဆိုင်သော ဗဟုသုတများ အကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ပေါင်းဆန်မိတ်ဆက်ပွဲဖိတ်ကြားလွှာ

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO)တို့မှ ကြီးမှူးကျင်းပမည့် မြန်မာ့ပေါင်းဆန်မိတ်ဆက်ပွဲနှင့် ပေါင်းဆန်၏အာဟာရတန်ဖိုးများ၊ ကျန်းမာရေးဆိုင်ရာတန်ဖိုးများကို အများပြည်သူသို့ အသိပေးရှင်းလင်းတင်ပြမည်ဖြစ်ပါ၍ အသင်း၏အလုပ်အမှုဆောင်များနှင့် အသင်းသားများ၊ ညီနောင်အသင်းများမှ အလုပ်အမှု ဆောင်များနှင့် အသင်းသားများ၊ မီဒီယာများနှင့် စိတ်ပါဝင်စားသူများအား ဖိတ်ကြားအပ်ပါသည်။ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၃၀-၈-၂၀၁၄ ရက်(စနေနေ့)
ကျင်းပမည့်အချိန် - မွန်းလွဲ ၁ နာရီမှ ၃ နာရီထိ
ကျင်းပမည့်နေရာ - မင်္ဂလာခန်းမ၊ **UMFCCI**၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။





မက်မောခဲ့ ဈေးကြီးပေးခဲ့ အရသာခံခဲ့ လိုတာယူပြီး ပုံပြောင်းလို့ စွန့်မယ်ဆိုမှ တွယ်ကပ်ပြီး ကောင်းကောင်းမသွားတော့ ညစ်အားအလွန်အကျွံ သုံးရ မအီမသာ နာကျင်ခံခက်နဲ့ ကဲ---ရော့ နောက်နေ့ဒါသုံး၊ အားလုံး အဆင်ပြေသွားမယ်။
စုစုအေးအောင် ဝမ်းမှန်အကြောပြေဆေး

ကန့်ကွက်နိုင်ကြောင်းကြေညာစာ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တိုးချဲ့(၂)ရပ်ကွက်၊ အိမ်ရာကွက်အမှတ်(အို-၁၂)၊ အကျယ်အဝန်း(၆၀×၈၀)ပေရှိ မြေကွက်အား ကျွန်ုပ်-ဦးဘိုနီ[၁၂/မဘန(နိုင်)၀၀၃၆၆၀]သည် ၂-၁၀-၁၉၉၀ ရက်တွင် ပိုင်ရှင်ဦးကြည်မောင်(အေအယ်လ်အင်န်-၁၃၀၁၂၃)ထံမှ ဝယ်ယူပြီးဖြစ်သော မြေကွက်ကို ယခုအခါကျွန်ုပ် ဦးဘိုနီအမည်သို့ ပြောင်းလဲမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ ကန့်ကွက်လိုသူများစာရွက်စာတမ်းခိုင်လုံစွာဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးဘိုနီ
အမှတ်(အို-၃)၊ အမှတ်(၂)တိုးချဲ့ရပ်ကွက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖတ်စရာ မှတ်စရာ

ရင်သွေးငယ်တို့ ဂရုစိုက်စို့

တစ်နေ့က စာရေးသူသည် ရန်ကုန်မြို့တွင်းမှ လှိုင်သာယာသို့ပြန်ရာ ဘုရင့်နောင်ခုံးကျော်တံတားအလွန်၌ စိတ်မချမ်းမြေ့ဖွယ် မြင်ကွင်းတစ်ခုကို တွေ့ခဲ့ရသည်။ ဘုရင့်နောင်ခုံးကျော်တံတားကို ဖြတ်ကျော်သွားလာ မောင်းနှင်နေသော ကားကြီးကားငယ်တို့ကား အလွန်တရာများပြားလှပေသည်။ ညနေချိန်ဖြစ်၍လည်း ကားများ ပြွတ်သိပ်ကျပ်ညပ်များပြားသည်မှာ နေ့အချိန်ထက်ပိုမို၍ ယာဉ်သွားယာဉ်လာ ထူထပ်များပြားနေခြင်းဖြစ်သည်။

ဘုရင့်နောင်ခုံးကျော်တံတားမှ တဖြည်းဖြည်းချင်း ကားများဆင်းလာသကဲ့သို့ တံတားအောက်မှ မောင်းနှင်လာသော ကားများလည်းမနည်းလှပေ။ တံတားအဆင်း၌ ဝဲလမ်း ယာလမ်းတွင်သွားနေသည့် ကားကြီးကားငယ် အသွယ် သွယ်တို့ကြား၌ ပြေးလိုက်လွှားလိုက်၊ ဆော့ကစားလိုက်၊ ထိုင်နေလိုက်၊ ယာဉ်ပေါ် ပါခရီးသည်များထံမှ ပိုက်ဆံတောင်းလိုက်ဖြစ်နေသော ကလေးငယ်တို့ မြင်ကွင်းမှာ စိတ်မချမ်းမြေ့ဖွယ် တုန်လှုပ်ချောက်ချားဖွယ် ကောင်းလှသည်။ အန္တရာယ်လွန်စွာကြီးပါဘိ။

ကလေးမိဘများ၊ အုပ်ထိန်းသူများ မရှိကြလို့လား။ ဒီကလေးတွေ ဘာ့ကြောင့် ဒီနေရာမှာ ဒီလိုအခြေအနေမျိုး အပြုအမူမျိုးတွေဖြစ်နေကြပါလိမ့်။ စိုးရိမ်စိတ်က ဆက်ဖြစ်ပေါ်လာသည်။ ထိုစဉ် ကားပေါ်၌ ပါလာသူ အမျိုးသမီးကြီးတစ်ဦးက "မိဘတွေကိုယ်တိုင်က အဲဒီမှာ ပိုက်ဆံတောင်းဖို့ လွှတ်ထားတာလေ။ နှစ်ခါသုံးခါ ရှိနေပြီ တွေ့ရတာ"ဟု ဆိုပါသည်။ ထိုအခါကျမှ ပြုရက်လိုက်ကြတာ မိဘတို့ရယ်၊ ယာဉ်အန္တရာယ်စိုးရိမ်ရတာက တစ်မျိုး၊ အများအမြင် မတင့်တယ်တာက တစ်ဖုံ၊ ကလေးငယ်တို့ဘဝကို ရိုက်ချိုးပျက်စီးနေတာက တစ်လီနဲ့ မလျော်ကန်သော ပြုမူချက်တွေ၊ စိတ်ကူးတွေ၊ အတွေးတွေနဲ့ ဒီလိုအခြေအနေမျိုးဖန်တီးထားတဲ့ မိဘများကို စိတ်ထဲမှ အပြစ်တင်မိသည်။

စာရေးသူ တစ်မြန်နှစ်က ပုဂံမှပုပ္ပါး ဗျတ္တပန်းဆက်လမ်းပေါ်၌ တွေ့ခဲ့ရသော ကလေးတစ်သိုက်ကို ပြန်၍ သတိရမိပြန်သည်။ ကားလမ်းပေါ်လာသမျှ ကားများ ရှေ့နောက်ဝဲယာ၊ ကြောက်ရွံ့ခြင်းကင်းစွာနှင့် ပိုက်ဆံလိုက်လံတောင်းနေသော ကလေးများ ကားပေါ်မှ ခရီးသွားများကလည်း ငွေတစ်ရာ၊ နှစ်ရာ ငွေစက္ကူများကို ပေးကြကဲ့ချကြသည်။ တစ်ရာကျပ်တန်၊ နှစ်ရာကျပ်တန် ငွေစက္ကူများက လေမှာ တလူလူဝဲလို့။ ကလေးတစ်သိုက်က ပြေးလိုက်လွှားလိုက်၊ ဝိုင်းအုံလုယူလိုက်ကောက်ယူလိုက်ကြနှင့် ယာဉ်အန္တရာယ်ကတစ်မျိုး၊ ပြေးလွှားလုယက်အချင်းချင်းတိုးဝှေ့စကားများ ရန်ဖြစ်ကြတာက တစ်မျိုးနှင့် တွေ့မြင်ခဲ့ရသည်။

ထို့အတူပင် ရန်ကုန်မှ မန္တလေး၊ မန္တလေးမှ မြစ်ကြီးနား ခရီးသွားရထားလမ်းတစ်လျှောက်တွင်လည်း အချို့မြို့ရွာဘူတာများအနီးအနား၌ လမ်းဘေးဝဲ၊ ယာတွင် ရေသန့်ဘူးခွံတောင်း၊ ပိုက်ဆံတောင်း၊ မုန့်ပဲသွားရေစာ တောင်းနေကြသော ကလေးများကိုလည်း တွေ့ရမြင်ရပြန်ပါသည်။ မိဘပြည်သူများကလည်း စာရေးသူကဲ့သို့ပင် ကြုံဖူးမြင်ဖူးကြပါလိမ့်မည်။

မိဘများသည် ပစ်ပစ်ခါခါထားနိုင်လွန်းကြသည်။ ဥပက္ခာပြုနိုင်လွန်းကြသည်။ မိမိတို့ရင်သွေးငယ်များဘဝကို တောင်းရမ်းစားသောက်ခိုင်းခြင်းဖြင့် ရင်သွေးငယ်တို့၏ လူသားဘဝရှင်သန်ဖွံ့ဖြိုးမှုကို မရိုက်ချိုးမဖျက်ဆီးကြပါနှင့်။ မြန်မာ့လူ့အဖွဲ့အစည်းမြန်မာ့လူ့ဘောင်အသိုက်အဝန်းကို မည်းနက်အကျည်းတန်စေသော အပြုအမူမျိုးဖြစ်အောင် မဖန်တီးကြပါနှင့်၊ နေရာအနှံ့ပြည်တွင်းပြည်ပခရီးသွားတို့ဝင်၊ ထွက်သွားလာနေကြပါသည်။ ဗီဒီယို၊ ကင်မရာမှတ်တမ်းများဖြင့် မိမိတို့နိုင်ငံမှ ကလေးငယ်များ၏ မလျော်ကန်သော မြင်ကွင်းများကို ကမ္ဘာအနှံ့ဖြန့်ကြက်ပျံ့နှံ့အောင် မရှိစေချင်။ မဖြစ်စေချင်ပါ။

ရင်သွေးငယ်တို့သည် ကျောင်းနေအရွယ်ကလေးများဖြစ်၍ စာသင်ခန်းတွင်းသို့ ရောက်စေချင်သည်။ မူကြိုပညာရေး၊ မူလတန်းပညာရေး၊ အလယ်တန်းပညာရေးတို့သည်ပင် အခမဲ့ပညာရေးဖြစ်ပါသည်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးရှင်သန်ရန်မှာ မျိုးဆက်သစ်ရတနာများ ရင်သွေးရတနာများကို အုပ်ထိန်းသူ၊ ကြီးကြပ်သူ၊ တာဝန်ယူသူ လူကြီးမိဘများ၏ ကြီးမားသောမဟာတာဝန်ဖြစ်ပါသည်။ လူ့စွမ်းအားအရင်းအမြစ်များ မပျက်သုဉ်းဖို့ ဖွံ့ဖြိုးတိုးတက်ဖို့ မိဘများ၊ လူကြီးသူမများ၊ တာဝန်ရှိသူများ ပြုပြင်သင့်သည်များကိုပြုပြင်၊ ထိန်းကျောင်းသင့်သည်ကိုထိန်းကျောင်း၊ တည့်မတ်သင့်သည်ကို တည့်မတ်ပေးခြင်းဖြင့် ရင်သွေးငယ်တို့ကို ဂရုစိုက်ကြပါစို့ဟု ဆန္ဒပြုရေးသားအပ်ပါသည်။ ။**မြတ်ဝေတိုး(ပညာရေး-တက္ကသိုလ်)**

လယ်ယာသုံးစက်ပစ္စည်းများ အရစ်ကျဝယ်ယူနိုင်

မအူပင် ဩဂုတ် ၂၇

ဧရာဝတီတိုင်းဒေသကြီးအတွင်း ကိုရီးယားသမ္မတနိုင်ငံမှ ထုတ်လုပ်သည့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများ သရုပ်ပြရှင်းလင်းပွဲ အခမ်းအနားကို မအူပင်မြို့ တလုပ်လပ်အရှေ့ကျေးရွာ တောင်သူဦးလွင်မော်၏လယ်မြေတွင် ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းက နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်တစ်ခုဖြစ်သော သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် သမဝါယမအသင်းသားတောင်သူများသို့ စိုက်ပျိုးစရိတ် ထုတ်ချေးပေးခြင်း၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် ရည်ရွယ်၍ ကိုရီးယားနိုင်ငံမှ ထုတ်လုပ်သော လယ်ယာသုံးစက်ကိရိယာများကို တောင်သူများသို့ ကာလရှည် အရစ်ကျစနစ်ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကိုရီးယားနိုင်ငံမှ ထုတ်လုပ်သည့် လက်တွန်းထွန်စက်၊ လယ်ထွန်စက်နှင့် စပါးရိတ်သိမ်းခြွေလှေ့စက်ကိုးမျိုးကို လက်တွေ့မောင်းနှင် သရုပ်ပြသကြသည်။ လယ်ယာသုံးစက်ပစ္စည်းများကို တစ်နှစ် အာမခံပေးထားပြီး စက်တစ်လုံး၏ ၁၅ ရာခိုင်နှုန်းပေးသွင်း၍ ကျန်ငွေကို ခြောက်လ တစ်ကြိမ် နှုန်းဖြင့် ခြောက်နှစ်အတွင်း ငွေသွင်းဝယ်ယူနိုင်ကြောင်း သိရသည်။

အဆိုပါသရုပ်ပြပွဲသို့ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးတို့ တက်ရောက်ကြည့်ရှုအားပေးကြပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ၂၆ မြို့နယ်မှ မြို့နယ်အလိုက် သမဝါယမအသင်းသားတောင်သူများ၊ မအူပင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူရနှင့် တောင်သူများ၊ ဌာနဆိုင်ရာအကြီးအကဲများ စုစုပေါင်း ၁၁၀၀ တက်ရောက်ကြသည်။

(မြဝ)

ရွှေပြည့်ငွေလျှံ အမွေးဝိုင် ဆုံးစမ်းခြောင်းလဲပွဲ

"၇ ရက်သားသမီးများ ကျန်းမာချမ်းသာ၍ ရွှေပြည့်ငွေလျှံဓါတ်ကျောင်း ...

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာသံရုံး၊ အဖွဲ့ရုံးနှင့်ကောင်စစ်ဝန်ချုပ်ရုံးများ၏ **e-Government**
လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာသံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးအားလုံး၌ e-Government စနစ်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် နိုင်ငံတကာအဆင့်မီ Completed Solution များအား အသုံးပြုလိုပါသဖြင့် လုပ်ငန်းလက်ခံဆောင်ရွက်လိုသော ပြည်ပတွင် တရားဝင် နည်းပညာကုမ္ပဏီကျောထောက်နောက်ခံရှိသော ပြည်တွင်း IT ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်လိုပါသည်။

၂။ လုပ်ငန်းလက်ခံဆောင်ရွက်လိုသော ပြည်တွင်း IT ကုမ္ပဏီများအနေဖြင့် အဆိုပြုဆောင်ရွက်မည့် လုပ်ငန်းအစီအမံများအား "e-Government အကောင်အထည်ဖော်ဆောင်ရေးကော်မတီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်" ဟု လိပ်မူလျက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါ တင်ပြရမည်ဖြစ်ပါသည်-

(က) သိရှိလိုက်နာဆောင်ရွက်ရမည့် အသေးစိတ်အချက်အလက်များ ထုတ်ယူနိုင်သည့်ရက် — (၂၈-၈-၂၀၁၄)ရက်နေ့မှ (၁၀-၉-၂၀၁၄)ရက်နေ့ထိ

(ခ) တင်ဒါပိတ်မည့်နေ့ရက်၊ အချိန် — (၁၀-၉-၂၀၁၄)ရက်၊ (၁၂:၀၀)နာရီ

၃။ သတ်မှတ်ထားသော တင်ဒါပိတ်မည့်နေ့ရက် အချိန်မီ တင်သွင်းနိုင်ခြင်းမရှိသော တင်ဒါများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်းနှင့် အသေးစိတ်မေးမြန်းစုံစမ်းလိုပါက e-Government အကောင်အထည်ဖော်ဆောင်ရေး ကော်မတီ၊ ရုံးအမှတ်(၉)၊ တယ်လီဖုန်း ၀၆၇-၄၁၂၃၅၅ အား ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

e-Governmentအကောင်အထည်ဖော်ဆောင်ရေးကော်မတီ
နိုင်ငံခြားရေးဝန်ကြီးဌာန



MINISTRY OF TRANSPORT
MYANMA PORT AUTHORITY
INVITATION TO TENDER

Open tenders are invited by the Myanma Port Authority, for the supply of the following items-

Sr No	Description	Currency	Closing Date & Time
1.	Spare Parts for Main Engine (M.V.Natthar)	Kyats	15-9-2014 (13:00 hours)
2.	200KVA Generator Set for Pilot Vessel (Ekari)		
3.	Spare Parts for M.S.D. Yadana Thein Kha		
4.	Dee Shackle(Japan) (12 Ton,17 Ton & 25Ton)		

Tender forms and documents are available at the Stores Department, (Near Toll Gate of Concrete Road), Seik Kan Township, Myanma Port Authority, starting from 28-8-2014 during office hours.

For further details, please contact telephone number 01-8610231, 01-861 0232 and 01-8610229.

Controller of Stores
Myanma Port Authority



ဝန်ထမ်းအမြန်အလိုရှိသည်
ရောင်း/မောင်း(တာယာနှင့်ဘက်ထရီဖြန့်ချိရန်) ကျား(၅)ဦး
မြို့တွင်း/နယ်ဝေး(အသက် ၂၅နှစ်မှ ၄၀နှစ်အတွင်း) အခြေခံလစာ-၂သိန်း+ အခြားခံစားခွင့်။
Tel: 01-557367, 09-5002556

သဘာဝဘေးအန္တရာယ် လျှော့ပါးရေးသင်တန်း ဟသ်ာတ၌ ဖွင့်လှစ်

ဟသ်ာတ ဩဂုတ် ၂၇

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့တွင် သဘာဝဘေးအန္တရာယ်လျှော့ပါးရေးသင်တန်းကို ဩဂုတ် ၂၅ ရက်က အထက(ခွဲ) အလက(၁) ဟသ်ာတအမျိုးသားခန်းမ၌ ဖွင့်လှစ်ပို့ချခဲ့သည်။

အဆိုပါသင်တန်းကို ဟသ်ာတခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် SEED Asia Japan ၏ ဘဝသစ်နယ်လှည့် သဘာဝအန္တရာယ်လျှော့ပါးရေး အသိပညာပေးအဖွဲ့ သင်တန်းဆရာများက ကျောင်းများတွင် ဘေးကင်းလုံခြုံမှု၊ တစ်ဦးချင်းဘေးကင်းလုံခြုံမှု၊ မိသားစုများ ဘေးကင်းလုံခြုံမှု၊ လူထုအဖွဲ့အစည်းများ ဘေးကင်းလုံခြုံ စေရန် မီးလောင်ခြင်း၊ ဆိုင်ကလုန်း၊ ဆူနာမီ၊ မြေပြိုခြင်း၊ လေဆင်နှာမောင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးကြိုးပစ်ခြင်း၊ ရေကြီးခြင်း၊ ငလျင်လှုပ်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များမှ ဘေးကင်းလုံခြုံရေးအတွက် ဆောင်ရွက်ရမည့် အချက်များကို သင်ထောက်ကူပစ္စည်းများဖြင့် လက်တွေ့သရုပ်ပြပို့ချခဲ့သည်။ **(အပေါ်ပုံ)** ယင်းသင်တန်းတွင် ဆရာဆရာမများ၊ မိဘ၊ ဆရာအသင်းအမှုဆောင်များ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(မြင့်အောင်)**

သုံးမြွာပူးမိခင်အား ထောက်ပံ့ငွေပေးအပ်

ပြည် ဩဂုတ် ၂၇

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိုးစိုးသိန်းနှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၁၄ ရက်က ပြည်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ပြည်မြို့နယ် မြောက်နဝင်းရွာ သစ်ကျေးရွာအုပ်စု ကံကလေးကျေးရွာမှ (အဖ)ဦးဇော်ဇော်ထွန်း၊ (အမိ)ဒေါ်စန်းစန်းဝင်းတို့မှ ကောင်းမွန်စွာ သုံးမြွာပူး သားယောကျ်ားလေးများ မွေးဖွားခဲ့ရာ ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီတွင် ၎င်းတို့၏နေအိမ်၌ ပြည်ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိုးစိုးသိန်းနှင့်အဖွဲ့ဝင်များက ထောက်ပံ့ငွေကျပ် တစ်သိန်းနှင့် အနှီးပိတ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

(ဝ၄၃)

အမ်မီဆုပေးပွဲတွင် ငါးနှစ်ဆက်တိုက်ဆုရခဲ့သည့် Modern Family ဇာတ်ကား

အကောင်းဆုံးရုပ်သံဇာတ်လမ်းတွဲများကို နှစ်စဉ်ရွေးချယ်ချီးမြှင့်လျက်ရှိသည့် အမ်မီဆုပေးပွဲ၏ (၆၆)ကြိမ်မြောက် အမ်မီဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၂၅ ရက်ညပိုင်းက အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ရှိ နိုကီရာပြဇာတ်ရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ အေဘီစီရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသခဲ့သည့် Modern Family ဇာတ်လမ်းတွဲက အအောင်မြင်ဆုံး ဟာသဇာတ်လမ်းတွဲဆုကို ငါးနှစ်ဆက်တိုက်အဖြစ် ဆွတ်ခူးရရှိခဲ့သည်။

အဆိုပါ (၆၆)ကြိမ်မြောက် အမ်မီဆုပေးပွဲအခမ်းအနားတွင် ရုပ်သံဇာတ်လမ်းတွဲများမှ မင်းသား၊ မင်းသမီး၊ ထုတ်လုပ်သူ၊ ကျွမ်းကျင်ပညာရှင်နှင့် ထူးချွန်သူများကို ရွေးစင်ရုပ်တု ၂၅ ဆု ချီးမြှင့်အပ်နှင်းနိုင်ခဲ့ပြီး သရုပ်ဆောင် Ty Burrell က ယင်းဇာတ်ကားဖြင့် ၂၀၁၁ ခုနှစ်က တစ်ကြိမ်၊ အကောင်းဆုံး ဟာသဇာတ်ပို့ဆုကို နှစ်ကြိမ်တိုင်တိုင် ရရှိဆွတ်ခူးနိုင်ခဲ့သည်။

ယင်းဆုသည် ၂၀၁၃ ခုနှစ် ဇွန် ၁ ရက်မှ ၂၀၁၄ ခုနှစ် မေ ၃၁ ရက်အထိ အမေရိကန်ရုပ်သံလိုင်းများတွင် ပြသခဲ့သည့် ရုပ်သံဇာတ်လမ်းတွဲများမှ အကောင်းဆုံးဇာတ်လမ်းတွဲများ၊ သရုပ်ဆောင်များ၊ ဒါရိုက်တာများကို ရုပ်သံအကယ်ဒမီမှ ရွေးချယ်ချီးမြှင့်သည့်ဆုအမျိုးအစားတစ်ခုလည်းဖြစ်ကာ ယင်းအစီအစဉ်ကို အမေရိကန်ရုပ်သံလိုင်းတစ်ခုဖြစ်သည့် အင်န်ဘီစီရုပ်သံလိုင်းမှ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၁၅၀ ကျော်သို့ ထုတ်လွှင့်ပြသနိုင်ခဲ့ကြောင်း သိရသည်။

လာမည့် ဘူဆန် နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် Actor & Actress of the Year ဆု စတင်ချီးမြှင့်မည်

အာရှဒေသ၏ အထင်ကရရုပ်ရှင်ပွဲတော်များအနက် တစ်ခုအပါအဝင်ဖြစ်သည့် ဘူဆန် နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို ယခုနှစ်တွင် ထူးခြားမှုအနေဖြင့် တောင်ကိုရီးယားရုပ်ရှင်လောက ပိုမိုတိုးတက်လာစေရန်နှင့် အရည်အချင်းပြည့်ဝသည့် သရုပ်ဆောင်ကောင်းများပေါ်ထွက်လာစေရေးရည်ရွယ်လျက် Actor & Actress of the Year ဆုကို ပထမဆုံးအကြိမ်အနေဖြင့် အပ်နှင်းချီးမြှင့်သွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ (၁၉)ကြိမ်မြောက် ဘူဆန်နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို အောက်တိုဘာ ၂ ရက်မှ ၁၁ ရက်အထိ တောင်ကိုရီးယားနိုင်ငံ မြို့တော်ဘူဆန်၌ ကျင်းပသွားမည်ဖြစ်ပြီး သရုပ်ဆောင်များအား တစ်မူထူးခြားသည့် အကဲဖြတ်စနစ်များဖြင့် အကဲဖြတ်ဆုချီးမြှင့်သွားမည်ဖြစ်ကာ ဆုရရှိသည့်သရုပ်ဆောင်များအနေဖြင့် တစ်ဦးချင်း ငွေသားဆု အမေရိကန်ဒေါ်လာ ငါးထောင်ခန့်ရရှိမည်ဖြစ်ပြီး ရုပ်ရှင်ပွဲတော် ပိတ်ပွဲအခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်းသိရသည်။

"ဘူဆန်နိုင်ငံတကာရုပ်ရှင်ပွဲတော်မှာ Actor & Actress of the Year ဆုကို စတင်မိတ်ဆက်ပေးရခြင်းကတော့ အရည်အချင်းပြည့်ဝတဲ့သရုပ်ဆောင်ကောင်းတွေများများပေါ်ထွက်လာစေဖို့ တွန်းအားပေးနိုင်ဖို့ပဲဖြစ်ပါတယ်၊ အထူးသဖြင့် ဒါရိုက်တာကောင်းတွေပေါ့"ဟု ယင်းရုပ်ရှင်ပွဲတော်ကျင်းပရေးတာဝန်ရှိသူတစ်ဦးက ဆိုသည်။

အဆိုပါရုပ်ရှင်ပွဲတော်တွင် အကဲဖြတ်ဒိုင်များအဖြစ် အာရှရုပ်ရှင်အကယ်ဒမီမှ တာဝန်ရှိသူများအပြင် ဂျပန်သရုပ်ဆောင် Ken Watanabe ၊ အော်စကာဆုရှင် Asghar Farhadi ၊ ဟောင်ကောင်ရုပ်ရှင်ထုတ်လုပ်သူ Anna Hui နှင့် ဒေသတွင်းအနုပညာရှင်များပါဝင်ကြမည်ဖြစ်ကြောင်းသိရသည်။

မျိုးစန္ဒာမောင်-စုစည်းသည်

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ကချင်ပြည်နယ် ဒေသဆိုင်ရာလုပ်ငန်းကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ကချင်ပြည်နယ်ဒေသဆိုင်ရာ လုပ်ငန်းကော်မတီသည် ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ကချင်ပြည်နယ်အတွင်း အောက်ဖော်ပြပါ လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများအား သတ်မှတ်ဘဏ္ဍာရေးနှစ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်-

ခရိုင်	မြို့နယ်	လမ်းတံတားလုပ်ငန်း								သောက်သုံးရေရရှိရေးလုပ်ငန်း		
		လမ်းဖောက်လုပ်ခြင်း		တံတားဆောက်လုပ်ခြင်း							ရေတွင်း	
		ကျောက်လမ်း	ကတ္တရာလမ်း	RCတံတား		သစ်သားတံတား		RCရေပြွန်		စိမ့်စမ်းရေသွယ်လုပ်ငန်း	စက်တူး	လက်တူး
		မိုင်	မိုင်	စင်း	အရှည်ပေ	စင်း	အရှည်ပေ	စင်း	အရှည်ပေ	ခု	တွင်း	တွင်း
မိုးညှင်း	မိုးကောင်း	၂	-	၂	၁၂၄	၇	၉၅	၁၁	၆၆	၁	၄	-
	မိုးညှင်း	၃	-	၁	၂၆၅	၁	၄၀	-	-	-	-	-
	ဖားကန့်	-	-	-	-	-	-	-	-	-	၆	-
ဗန်းမော်	ရွှေကူ	၂	၂	-	-	-	-	-	-	-	-	
	မန်စီ	၁	-	-	-	-	-	-	-	-	၁	-
	မိုးမောက်	၁	-	၁	၈၀	-	-	-	-	၂	၆	-
	ဗန်းမော်	-	-	၂	၂၅၂	-	-	-	-	-	၅	-
ပူတာအို	ပူတာအို	-	-	-	-	၅	၁၁၀	-	-	-	-	-
	မချမ်းဘော	-	၂	-	-	-	-	-	-	-	-	-
	နောင်မွန်း	-	-	-	-	-	-	-	-	၄	၈	၄
	ဆွမ်ပရာဘွမ်	-	-	-	-	-	-	-	-	၂	-	-
	ပန်နန်းဒင်	-	-	-	-	-	-	-	-	၂	-	-
မြစ်ကြီးနား	မြစ်ကြီးနား	-	-	၁	၁၂၇	၁	၂၀	၁၀	၆၀	-	-	
	ဝိုင်းမော်	-	၃	၃	၁၉၅	-	၂၆၅	-	-	-	-	-
	တနိုင်း	-	၃	၁	၈၇	-	-	-	-	-	-	-
	ချီဖွေ	-	-	-	-	-	-	-	-	၅	-	-
စုစုပေါင်း		၉	၁၀	၁၁	၁၁၃၀	၁၄	၅၃၀	၂၁	၁၂၆	၁၆	၃၀	၄

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၇-၈-၂၀၁၄ ရက်
၃။ တင်ဒါပုံစံအရောင်းပိတ်မည့်ရက် - ၂၇-၉-၂၀၁၄ ရက်၊ ၁၆း၃၀နာရီ
၄။ တင်ဒါတင်သွင်းမည့်နောက်ဆုံးရက် - ၂၇-၉-၂၀၁၄ ရက်၊ ၁၆း၃၀နာရီ
၅။ တင်ဒါဖွင့်လှစ်မည့်ရက်တွင် ကချင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ပေးအပ်သော တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။
၆။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၇-၈-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါရုံးများသို့ ဖုန်းဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်-

(က) လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးရုံး၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဖုန်း-၀၇၄-၂၉၅၁၂
(ခ) လူမှုဌာန၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဖုန်း-၀၇၄-၂၂၃၈၆
(ဂ) ကချင်ပြည်နယ် ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(နတလ)၊ မြစ်ကြီးနားမြို့၊ ဖုန်း-၀၇၄-၂၆၁၀၅၊ ၀၇၄-၂၆၁၄၇

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၊ ကချင်ပြည်နယ်အစိုးရအဖွဲ့

ပျောက်ဆုံးကြောင်း ကျွန်တော် မောင်စောမင်း [၁၁/ကတန (နိုင်)၀၇၁၄၉၆]၏ ပတ်စ်ပို့ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ဖုန်း- ၀၉-၃၁၈၆၄၅၈၃

မသန်စွမ်းချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲ ကျင်းပရေး စည်းဝေး

ရန်ကုန် ဩဂုတ် ၂၇

အားကစားဝန်ကြီးဌာန၏လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှ ခုနစ်ယောက်တစ်ဖက် ဘောလုံးအသင်းနှင့် စင်ကာပူနိုင်ငံမသန်စွမ်း ခုနစ်ယောက်တစ်ဖက် ဘောလုံးအသင်းတို့ ချစ်ကြည်ရေးပူးတွဲလေ့ကျင့်ရေးအစီအစဉ်များ ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၄ ရက် မွန်းလွဲ ၂ နာရီက ဒဂုံမြို့သစ်မြောက်ပိုင်း မသန်စွမ်းသူများအားကစားလေ့ကျင့်ရေးစခန်း အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် အမှုဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)က သဘာပတိအဖြစ် အမှာစကားပြောကြားပြီး မသန်စွမ်းခုနစ်ယောက်တစ်ဖက် ဘောလုံးအသင်းနှင့် ချစ်ကြည်ရေး ပူးတွဲလေ့ကျင့်မည့် စင်ကာပူနိုင်ငံမှ အုပ်ချုပ်သူ၊ နည်းပြသုံးဦးနှင့် အားကစားသမား ၁၂ ဦးတို့သည် စက်တင်ဘာ ၁၁ ရက်တွင် ရောက်ရှိမည်ဖြစ်ကြောင်း၊ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် နှစ်နိုင်ငံချစ်ကြည်ရေးပူးတွဲလေ့ကျင့်မှုများကို မသန်စွမ်းသူများ အားကစားလေ့ကျင့်ရေးကွင်း၌ ပြုလုပ်မည်ဖြစ်ကြောင်း၊ စက်တင်ဘာ ၁၄ ရက်တွင် စင်ကာပူနိုင်ငံသို့ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

ခင်မောင်ဝင်း(ကြေးမုံ)

ဗန်ဟားလ်၏ မန်ယူအသင်း ရှုံးပွဲထပ်ကြုံပြန်ပြီ

မန်ယူအသင်းနည်းပြသစ် လူးဝစ်ဗန်ဟားလ်သည် ၎င်း၏ နယ်သာလန်အသင်းနှင့်အတူ သုံးခဲ့သည့် ၃-၅-၂ မဟာဗျူဟာကို ထိထိမိမိပုံဖော်မည်ဟု ဆိုကာ ဘောလုံးရာသီစတင်ကတည်းက အကောင်အထည်ဖော်ခဲ့သော်လည်း အိမ်ကွင်းအိုးထရက်ဖို့ဒ်၌ ဆွမ်ဆီးအသင်းကို ဧည့်ခံကစားခဲ့ရသည့် ပရီမီယာလိဂ်အဖွင့် ပွဲစဉ်(၁)တွင် ဆွမ်ဆီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ပရီမီယာလိဂ်ပွဲစဉ်(၂)တွင်လည်း ဆန်းဒါးလန်းအသင်း၏ အိမ်ကွင်းတွင် မန်ယူအသင်း ပထမဦးဆောင်ဂိုးစတင်ရရှိခဲ့သော်လည်း နည်းပြဗန်ဟားလ်၏ကစားသမားပွဲထုတ်မှုအားနည်းချက်များကြောင့် ဆန်းဒါးလန်းအသင်း၏ချေပဂိုးသွင်းယူမှုကိုခံခဲ့ရပြီး ပရီမီယာလိဂ်ပွဲစဉ် နှစ်ပွဲကစားအပြီးတွင် ရမှတ်တစ်မှတ်သာရရှိခဲ့ကာ ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် အဆင့်(၁၃)နေရာ၌ ရပ်တည်နေခဲ့သည်။ ဩဂုတ် ၁၇ ရက် နံနက်ပိုင်းက ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်အဖြစ် MK ဒွန်းအသင်းနှင့် ကစားခဲ့ရာတွင်လည်း လူငယ်ကစားသမားအများစုဖြင့်သာ ပွဲထွက်ကစားစေခဲ့ပြီး MK ဒွန်းအသင်းကို လေးဂိုးပြတ်ဖြင့် အရေးနိမ့်ခဲ့ကာ ရှုံးပွဲထပ်မံကြုံတွေ့ခဲ့ရသည်။ လက်ရှိတွင် ဗန်ဟားလ်အနေဖြင့် ၎င်း၏ ၃-၅-၂ ကစားကွက်ဖြင့် အံဝင်မည့် ဒီမာရီယာအား ပေါင် ၅၉ ဒသမ ၇ သန်းဖြင့် ခေါ်ယူထားခဲ့ပြီးဖြစ်၍ ဗန်ဟားလ်၏ ကစားသမားခေါ်ယူမှုမှန်ကန်မည်လားဆိုသည်နှင့်ပတ်သက်၍ လာမည့်ပွဲစဉ်များတွင် ထပ်မံစောင့်ကြည့်ရဦးမည်ဖြစ်သည်။

[ငွေကြယ်]

ဒိုက်ဦးမြို့နယ် မြို့နယ်ပညာရေးမှူးဒိုင်း ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

ဒိုက်ဦး ဩဂုတ် ၂၇

ဒိုက်ဦးမြို့နယ် ပညာရေးမှူးဒိုင်း အသက်(၁၃)နှစ်အောက် ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဩဂုတ် ၂၃ရက် နံနက် ၁၀နာရီက ဒိုက်ဦးမြို့နယ်အားကစားကွင်း၌ ကျင်းပခဲ့သည်။

အဆိုပါ အမျိုးသားဘောလုံးပြိုင်ပွဲကို ဩဂုတ် ၁၄ရက်က စတင်ကျင်းပခဲ့ပြီး အမျိုးသမီးအသင်း ငါးသင်း၊ အမျိုးသားအသင်း ၁၂သင်းပါဝင်ပြီး အထက(ကတုတ်)၊ ကျိုက်စကော၊ ထ/ခွဲ(ကျိုက်စကော)၊ ထ/ ခွဲ(အေးသုခကျောင်း)များ ပါဝင်သော အမျိုးသမီးအသင်းက ပထမနှင့် ထ/ခွဲ(တောင်သလဲမြောင်)၊ ဆ(မူလတန်းအုပ်စု)ကျောင်းများပါဝင်သော အမျိုးသားအသင်းကပထမရရှိကြသည်။

ဘောလုံးပြိုင်ပွဲတွင် ဆုရရှိသော အသင်းများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွန်းကျော်၊ မြို့နယ်အထောက်အကူပြုအဖွဲ့အတွင်းရေးမှူး ဦးတင်ထွဋ်မြင့်၊ မြို့နယ်ပညာရေးမှူး ဒေါ်တင်နွဲ့ရည်နှင့် ဒုပညာရေးမှူးနှစ်ဦးတို့က ဆုများအသီးသီးချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

ကျော်ကျော် (IPRD)

စပိန်လာလီဂါ ရင်ခုန်သံ – ၂

စပိန်လီဂါပွဲစဉ် (၂) ကို ဩဂုတ် ၂၉ ရက်ညမှာ စကြည့်ရမယ်။ ပွဲစဉ်(၁) တုန်းကတော့ ဘီလ်ဘို၊ ဆိုစီဒက်တို့လို အသင်းကောင်းတွေရလဒ်မကောင်းခဲ့လို့ ဒီပွဲမှာ အဲဒီအသင်းတွေကိုထပ်ပြီး စောင့်ကြည့်ဖို့လိုတယ်။ ဘာစီလိုနာကတော့ နိုင်ပွဲဆက်နိုင်တယ်။

ဂီတာဖေး - အယ်မာရီယာ — နံနက် ၀၀း၃၀ (၃၀-၈-၁၄)

ဂီတာဖေးက အဖွင့်မှာ ဆယ်တာဗီဂိုကို ရှုံးတယ်။ ခံစစ်ကစားပုံမကောင်းဘူး။ အယ်မာရီယာကလည်း အဖွင့်မှာ အက်စ်ပန်ညိုနဲ့သရေကျတယ်။ အိမ်ကွင်းပွဲဖြစ်ပေမယ့် တိုက်စစ်ကစားပုံအားနည်းတာမြင်သာတယ်။ ဒါ့အပြင် အဝေးကွင်းမှာ ခြေပိုမငြိမ်ဘူး။ ဒါကြောင့် ဂီတာဖေးရဲ့ အိမ်ကွင်းအားကို သတိပြုရမယ်။

ဗလန်စီယာ-မာလာဂါ — နံနက် ၂း၃၀ (၃၀-၈-၁၄)

ဆီဗီးလ်ကို အဝေးကွင်းမှာသရေကစားခဲ့တဲ့ ဗလန်စီယာခြေမဆိုးဘူး။ အခုပွဲက အိမ်ကွင်းဖြစ်လို့ ပိုပြီးအားစိုက်လာနိုင်တယ်။ မာလာဂါက ဘီလ်ဘိုကို အနိုင်ကစားသွားတဲ့ခြေ ကောင်းမွန်တယ်ဆိုပေမယ့် အဝေးကွင်းခြေအားပျော့မှုရှိတာကို သတိပြုရမယ်။ ဗလန်စီယာအိမ်ကွင်းအားနဲ့ ချင့်ချိန်ရမယ်။

ကော်ဒိုဘာ -ဆယ်တာဗီဂို — ည ၁၁း၃၀ (၃၀-၈-၁၄)

တန်းတက်ကော်ဒိုဘာက အားနည်းမှုတွေများတယ်ဆိုပေမယ့် အိမ်ကွင်းမှာ အမှတ်ရဖို့ခံကစားလာမယ့် အချက်ကိုတော့ သတိပြုဖို့လိုတယ်။ ဆယ်တာဗီဂိုက အဖွင့်မှာ ဂီတာဖေးကိုနိုင်သလို ခြေလည်းကောင်းပေမယ့် အဝေးကွင်းမှာ ခြေစွမ်းပိုင်းသိပ်ပြီး တည်ငြိမ်မှုမရှိတတ်တာနဲ့ချင့်ချိန်ရမယ်။

ဘီလ်ဘို - လီဗန်တေး — ည ၁၁း၃၀ (၃၀-၈-၁၄)

ဘီလ်ဘိုရဲ့အနေအထားက အားပျော့မှုများတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်း ဂိုးသွင်းအားကျဆင်းနေတယ်။ ချန်ပီယံလိဂ်ခြေစစ်ပွဲလည်းကစားခဲ့ရလို့ ပွဲပန်းနိုင်တာ သတိပြုရမယ်။ လီဗန်ဘေးက အဝေးကွင်းမှာ ခြေစွမ်းမတည်ငြိမ်ပေမယ့် အမှတ်စရဖို့ အားစိုက်လာမှာ မေ့လို့မဖြစ်ဘူး။

အက်သလက် - အီဘား — နံနက် ၁း၃၀ (၃၁-၈-၁၄)

ဆိုစီဒက်ကိုတောင်နိုင်ခဲ့တဲ့ အီဘားရဲ့ကစားအားကို အသိအမှတ်ပြုရမယ်။ ဒါပေမယ့် အီဘားရဲ့ စုဖွဲ့မှုဟာ အက်သလက်တီကိုရဲ့ စုဖွဲ့မှုကို ဟန့်တားဖို့မလွယ်တာကိုတော့ သတိပြုရမယ်။ ဒါ့အပြင် ကစားရမှာကလည်း အက်သလက်တီကိုရဲ့ကွင်းဖြစ်နေတယ်။ အက်သလက်ရဲ့အိမ်ကွင်းအားစိုက်မှုပမာဏနဲ့ပဲ ချင့်ချိန်ရမယ်။

အက်စ်ပန်ညို - ဆီဗီးလ် — နံနက် ၃း၃၀ (၃၁-၈-၁၄)

အယ်မာရီယာကို အဝေးကွင်းမှာသရေကစားနိုင်ခဲ့တဲ့ အက်စ်ပန်ညိုရဲ့ ကစားပုံမဆိုးဘူး။ ပြီးတော့ ဒီပွဲက အိမ်ကွင်းလည်းဖြစ်တယ်။ ဆီဗီးလ်ရဲ့ ကစားပုံက အားကောင်းမှုရှိပေမယ့် အဝေးကွင်းပွဲတွေမှာ ခြေမငြိမ်တတ်တာကိုတော့ သတိပြုဖို့လိုတယ်။ အက်စ်ပန်ညိုရဲ့ အိမ်ကွင်းနဲ့ပဲတွက်ဆရမယ်။

ဗီလာရီးယဲလ် - ဘာစီလိုနာ — ည ၁၁း၃၀ (၃၁-၈-၁၄)

အဖွင့်မှာလူမစုံတဲ့ကြားက ဂိုးပြတ်နိုင်ခဲ့တဲ့ ဘာစီလိုနာရဲ့ ကစားအားက ကောင်းပါတယ်။ ဒါပေမယ့် အဲ့ဒီပွဲက အဲလ်ချီနဲ့သာဖြစ်တယ်။ အခုပွဲကတော့ ဗီလာရီးယဲလ်နဲ့။ ပြီးတော့ ဗီလာရီးယဲလ်ဟာ အိမ်ကွင်းကစားအားနဲ့ လက်ရှိခြေလည်းကောင်းတယ်။ ဒါကြောင့် နေမာမပါဝင်နိုင်သေးတဲ့ ဘာစီလိုနာရဲ့ တိုက်စစ်အားနဲ့ ချင့်ချိန်ရမယ်။

ဆိုစီဒက် - ရီးယဲလ် — နံနက် ၁း၃၀ (၁-၉-၁၄)

ရီးယဲလ်မက်ဒရစ်နဲ့ ခြေကအခုအထိ မတည်ငြိမ်သေးဘူး။ ဆိုစီဒက်က အဖွင့်မှာ တန်းတက်အီဘားကိုတောင် ရှုံးနိမ့်ခဲ့တာကြောင့် အိမ်ကွင်းပွဲဖြစ်တဲ့ ဒီပွဲစဉ်မှာ ရလဒ်ကောင်းအောင် ကြိုးစားမှာသေချာတယ်။ ဒါပေမယ့် ယူရိုပါလိဂ်ခြေစစ်ပွဲမှာ အဝေးကွင်းကစားခဲ့ရလို့ ပွဲပန်းနိုင်တာကိုတော့ သတိပြုရမယ်။

ဒီပို့တီပို - ဗယ်လီကာနို — နံနက် ၁း၃၀ (၁-၉-၁၄)

ဂရန်နာဒကို ရှုံးခဲ့ပေမယ့် ဒီပို့တီပိုရဲ့ ကစားပုံမဆိုးဘူး။ ပြီးတော့ အခုပွဲက အိမ်ကွင်းဖြစ်သလို ဒီပို့တီပိုဟာ အိမ်ကွင်းမှာဆိုရင်လည်း ကစားပုံကောင်းတတ်တယ်။ အမှတ်စတင်ရရှိဖို့လည်း အားစိုက်လာမှာ မေ့လို့မဖြစ်ဘူး။ အထူးသဖြင့် အဝေးကွင်းအားပျော့တဲ့ ဗယ်လီကာနိုခြေနဲ့ ချင့်ချိန်ရမယ်။

အဲလ်ချီ-ဂရန်နာဒါ — နံနက် ၃း၃၀ (၁-၉-၁၄)

ဘာစီလိုနာကို ရှုံးခဲ့ရတဲ့အတွက် အိမ်ကွင်းမှာ အဲလ်ချီအနိုင်ပြန်ရှာဖို့ရှိပါတယ်။ ဒါပေမယ့် ခြေစွမ်းပိုင်းကတော့ အကောင်းဆုံးပုံစံမရှိသေးတာ သတိပြုရမယ်။ ဂရန်နာဒါကတော့ အဝေးကွင်းမှာ တည်ငြိမ်မှု အားနည်းတတ်ပေမယ့် လက်ရှိခြေက မဆိုးသလို အဲလ်ချီကို တုံ့ပြန်နိုင်တာသတိပြုရမယ်။

ရှိုင်းမင်းမင်း

ပြည်ထဲရေးဝန်ကြီးဌာန
မြန်မာနိုင်ငံရဲတပ်ဖွဲ့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်အတွင်းရှိ ကျောက်တံတားမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး/ရဲစခန်း လူနေအိမ်ခန်းပါ (၄)ထပ်အဆောက်အအုံနှင့် ပန်းဘဲတန်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး/ရဲစခန်း လူနေအိမ်ခန်းပါ (၃)ထပ်အဆောက်အအုံတို့သည် (အလျားပေ ၁၀၀×အနံပေ၆၀)ရှိ အဆောက်အအုံများဖြစ်ပြီး အဆိုပါအဆောက်အအုံ(၂)လုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ အန္တရာယ်ရှိ အဆောက်အအုံသတ်မှတ်ထားသဖြင့် လေလံတင်ဖျက်သိမ်းရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်း ရန်ဖိတ်ခေါ်အပ်ပါသည်-

(က) အဆောက်အအုံတည်နေရာ - (၁) ကျောက်တံတားမြို့နယ်၊ ဆူးလေဘုရားလမ်း၊ အမှတ်(၁၈၈)ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး/ရဲစခန်း လူနေအိမ်ခန်းပါ(၄)ထပ် (အလျား ၁၀၀'× အနံ ၆၀')ရှိ သံကူကွန်ကရစ် အုတ်တိုက်အဆောက်အအုံ၊
(၂) ပန်းဘဲတန်းမြို့နယ်၊ ကုန်ဈေးတန်းလမ်း၊ အမှတ်(၂၀၂/၂၀၄)ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး/ ရဲစခန်းလူနေအိမ်ခန်းပါ (၃)ထပ် (အလျား ၁၀၀×အနံ ၆၀) သံကူကွန်ကရစ် အုတ်တိုက်အဆောက်အအုံ၊

(ခ) တင်ဒါပုံစံရောင်းချမည့်ရက် - ၂၉-၈-၂၀၁၄ ရက်မှ ၂-၉-၂၀၁၄ရက်အထိ နံနက် ၉း၀၀မှ ၁၆း၀၀နာရီ (ရုံးချိန်အတွင်း)

(ဂ) တင်ဒါပုံစံရောင်းချမည့်နေရာ - ဒဂုံမြို့နယ်၊ ပြည်လမ်း၊ လွှတ်တော်ဝင်းအတွင်းရှိ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ ထောက်ပံ့ဌာန

(ဃ) တင်ဒါပုံစံတင်သွင်းရမည့် နောက်ဆုံးရက် - ၄-၉-၂၀၁၄ရက် ၁၂း၃၀ နာရီ

(င) တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့် အချိန် - ၅-၉-၂၀၁၄ရက် ၁၃း၀၀ နာရီ

၂။ အထက်ဖော်ပြပါ အဆောက်အအုံ(၂)လုံးတို့အား စိတ်ဝင်စားသူပြည်တွင်း လုပ်ငန်းရှင်/ကုမ္ပဏီများမှ အသေးစိတ်သိရှိလိုပါက ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ ထောက်ပံ့ဌာနသို့ ရုံးချိန်အတွင်း(ဖုန်း-၀၁-၂၁၇၅၁၀၊ ၀၁-၂၁၇၅၂၀၊ ၀၁-၂၁၇၅၂၁)သို့ ဆက်သွယ်၍စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့

ဖောက်ခွဲရေးပစ္စည်းများ ရှာဖွေဖော်ထုတ်ရေးကိရိယာ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Japan International Cooperation Agency (JICA)က ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် အသုံးပြုရန် ဖောက်ခွဲရေးပစ္စည်းများ ရှာဖွေဖော်ထုတ်ရေး ကိရိယာ Explosive Trace Detection System (ETDS) လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်ပထွက်ခွာဆောင်ခန်းမ၌ ကျင်းပရာ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဆွေထွန်းက ယခုစက်ပစ္စည်းသည် မြန်မာနိုင်ငံရှိလေဆိပ်များတွင် ပထမဆုံးတပ်ဆင်သည့် ETDS ဖြစ်ပြီး မြန်မာနိုင်ငံ၏ လေကြောင်းလုံခြုံရေးကို အထောက်အကူပြုမည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။

ယင်းနောက် JICA ရန်ကုန်ရုံးမှ Chief Representative Mr. MASAHIKO TANAKA က ဖောက်ခွဲရေး ပစ္စည်းများ ရှာဖွေဖော်ထုတ်ရေးကိရိယာ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ညောင်လေးပင်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

ညောင်လေးပင် ဩဂုတ် ၂၇

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၌ ဩဂုတ် ၂၅ ရက် ညနေ ၃ နာရီတွင် မူးယစ်လှုပ်ရှားမှုတပ်ဖွဲ့က သတင်းအရ ညောင်လေးပင်မြို့ ဖအောင်းကျေးရွာ ရန်ကုန်-မန္တလေးလမ်း ရဲစခန်းနှင့် (၃)မိုင်ခန့်အကွာ ညောင်လေးပင်မြို့မှ ဖအောင်းကျေးရွာဘက်သို့ (၃၇ယ/-----)နံပါတ်ပါ လော်ဂျားအစိမ်းရောင်ဆိုင်ကယ်စီးနင်းလာသူ နန်းဦး (၂၈)နှစ် ပဒေသာရပ်ကွက် ပဲခူးမြို့နယ် ဘုရားကြီးမြို့နေသူအား ရပ်တန့်စစ်ဆေးရာ ANCHOR(ကျောက်ဆူးတံဆိပ်ပါ) အညိုရောင်မိုးကာအင်္ကျီလက်ရှည် ညာဘက်အောက်အိတ်ကပ်အတွင်းရှိ ခဲဆံထည့်သည့် အပြာနုရောင်ဘူးအတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၈ ပြားနှင့် အပေါ်အိတ်ကပ်အတွင်းမှ ဖိုက်စတားညီအစ်ကိုများစာ တန်းပါ စက္ကူကာဘာအတွင်း ပလတ်စတစ်အပိုင်းအစနှင့်ထုပ်ထားသော WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၁၀ ပြား စုစုပေါင်း ၂၈ ပြား ဖမ်းဆီးရမိသည်။ အဆိုပါစိတ်ကြွဆေးပြား ၂၈ ပြား နှင့်အတူ လက်ဝယ်တွေ့ရှိသူ နန်းဦးအား ဆက်လက်စစ်ဆေးရာ မြဝတီမြို့နေ အရှည်ကြီးဆိုသူထံမှ တစ်ပြားလျှင် ကျပ် ၃၅၀၀ ဖြင့် ဝယ်ယူခဲ့ကြောင်း သိရှိရသည့်အတွက် ကွင်းဆက်တရားခံအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိသည်။

(၆၉၂)

သဃ်န်းညီနောင်တွင် စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

မြဝတီ ဩဂုတ် ၂၇

မြဝတီခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ်ဆန်းဝင်း၊ သဃ်န်းညီနောင် နယ်မြေစခန်းမှူး ရဲအုပ်ကျော်စိုး၊ မြဝတီမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒု-ရဲအုပ်မြတ်စိုးလင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာရာအိမ်မှူး၊ ဆယ်အိမ်မှူး၊ သက်သေတို့နှင့်အတူ သဃ်န်းညီနောင် နယ်မြေစခန်းတွင် အမှုဖွင့်ထားသော ကွင်းဆက်တရားခံများဖမ်းဆီးရန် မြဝတီမြို့ အမှတ်(၄) ရပ်ကွက် ရန်မျိုးနိုင်လမ်းနေ စိုင်းဆိုင်ပန်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိုင်းဆိုင်ပန်နှင့် ၎င်း၏ဇနီး နန်းခမ်းယုံတို့နေအိမ်အခန်းအတွင်း WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ စီပါ ငါးထုပ်(အပြာရောင် ပလတ်စတစ်အိတ်အတွင်း ပြား ၂၀၀စီပါ ၅၀ ထုပ်)စုစုပေါင်း ဆေးပြား ၁၀၀၀၀၊ အလေးချိန် ၁၀၀၀ ဂရမ်၊ ကာလတန်ဖိုး ငွေကျပ် သိန်း ၃၀၀ ခန့်၊ ငွေကျပ် ၈၅ သိန်း၊ တရုတ်နိုင်ငံလုပ် Para အမျိုးအစား ပစ္စတိုတစ်လက်၊ ကျည်ကတ်အတွင်း ၉ မမကျည် ခုနစ်တောင့်၊ စက္ကူဖာအတွင်း ၉ မမကျည် ၇၅ တောင့်၊ ၉၁ ဗုံးသီးတစ်လုံးနှင့် တိုယိုတာဟိုင်းလပ်ဗီဂိုအမျိုးအစား အဖြူရောင်

မော်တော်ယာဉ်တစ်စီးနှင့် ဆိုင်ကယ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ၊ အလေးချိန် ၁၀၀၀ ဂရမ်၊ ကာလတန်ဖိုး ကျပ်သိန်း ၃၀၀ ခန့်နှင့် တရားမဝင် စိတ်ကြွမူးယစ်ဆေးဝါးများအား သုံးစွဲ၊ လက်ဝယ်ထား၊ ဖြန့်ဖြူးရောင်းချသူအား အမှုဖွင့်အရေးယူလျက်ရှိကြောင်း သိရသည်။

(၅၇၀)

မော်လမြိုင်မြို့၌ မူးယစ်ဆေးဝါး လက်ဝယ်ထားရှိသူ၊ သုံးစွဲသူများ ဖမ်းဆီးရမိ

မော်လမြိုင် ဩဂုတ် ၂၇

မွန်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးရောင်းချ/သုံးစွဲသူများကို မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေဝင်း၏လမ်းညွှန်မှုဖြင့် အရေးယူဆောင်ရွက်လျက်ရှိရာ မော်လမြိုင်မြို့ပေါ်တွင် မူးယစ်ဆေးဝါးလက်ဝယ်ထားရှိ/သုံးစွဲသူများကို ဆက်တိုက်ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မုပွန်နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ကံရွှင်ဦးစီးတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ မူးယစ်ဆေးဝါးသတင်းအရ ဩဂုတ် ၂၄ ရက် ည ၁၁ နာရီ မိနစ် ၂၀ ခန့်တွင် မော်လမြိုင်မြို့ မောင်ငံရပ်ကွက် (၂၈)အိမ်စု ပြည်သူလမ်းကြား အမှတ်(၆/အေ)နေ မောင်တေဇာအောင်၏နေအိမ်သို့ဝင်ရောက်ရှာဖွေရာ အိပ်ခန်းအတွင်း၌ တေဇာအောင် (၂၅)နှစ်နှင့်အတူ ပိုင်ပိုင်(ခ)နိုင်ထက်ပိုင် (၁၉)နှစ်တို့ နှစ်ဦးကို မူးယစ်ဆေးဝါးသုံးစွဲနေချိန်တွင် ဖမ်းဆီးရမိခဲ့သည်။ သိမ်းဆည်းရမိသည့် မူးယစ်ဆေးပြားများကို ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ခလယ်တံခွန်တိုင်ကျေးရွာ ဦးမုတ်အသက် (၇၀)နှစ်ထံမှ ဩဂုတ် ၂၂ ရက်က ဝယ်ယူခဲ့ကြောင်း ထွက်ဆိုခဲ့သည်။

အလားတူ ဩဂုတ် ၂၅ ရက် ညနေ ၃ နာရီခွဲတွင် မူးယစ်ဆေးဝါးနှိမ်နင်းရေးတပ်ဖွဲ့စု (၃၈)မှ မူးယစ်ဆေးဝါးသတင်းအရ မော်လမြိုင်မြို့ မောင်ငံရပ်ကွက် မောင်ငံလမ်း အမှတ်(၁၄)နေ အေးမင်း(၅၂)နှစ်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ အေးမင်းကို နေအိမ်အိပ်ခန်းအတွင်း အိပ်ရာခေါင်းအုံးအောက်မှ အနက်ရောင်ကြွပ်ကြွပ်အိတ်ဖြင့်ထုပ်လျက် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ခုနစ်ပြား(အလေးချိန် သုည ဒသမ ၇ ဂရမ်ခန့်)ကို သက်သေများနှင့်အတူ ရှာဖွေတွေ့ရှိသဖြင့် သိမ်းဆည်းရမိခဲ့သည်။

သိန်းလှိုင်(မော်လမြိုင်)

မြစ်ကြီးနားမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၂၇

ဩဂုတ် ၂၃ ရက်က ကချင်ပြည်နယ်မှုခင်းအကူတပ်စုမှ တပ်ဖွဲ့ဝင်များသည် မြစ်ကြီးနား-မိုးကောင်းသွား ကားလမ်း ရှဒေါင်ကျေးရွာလမ်းမပေါ်တွင် လမ်းလျှောက်လာသူ ဂျူးခေါန်ဆိုသူအားရှာဖွေရာ ၎င်း၏ဘောင်းဘီအိတ်ကပ်အတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ဂျူးခေါန် (၃၅)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

(သတင်းစဉ်)

ဒီပဲယင်းမြို့နယ် မိုးပွင့်အဆင့်(၆)စီမံချက် ဒုတိယအကြိမ်မြောက် နိုင်ငံသားစိစစ်ရေး ကတ်ပြားအခမဲ့ထုတ်ပေးခြင်းအခမ်းအနား တောတန်းကျေးရွာတွင်ပြုလုပ်

ဒီပဲယင်း၊ ဩဂုတ် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ မိုးပွင့်အဆင့် (၆)စီမံချက် ဒုတိယအကြိမ်မြောက် နိုင်ငံသားစိစစ်ရေးကတ်ပြားများအခမဲ့ထုတ်ပေးခြင်း အခမ်းအနားကိုဩဂုတ် ၂၄ ရက် နံနက် ၁၀ နာရီက တောတန်းကျေးရွာအုပ်စု အမက စာသင်ကျောင်းတွင် ပြုလုပ်ခဲ့ကြောင်းသိရသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တောတန်းကျေးရွာသို့ အခမဲ့ထုတ်ပေးနိုင်ရန် ကတ်ပြားဖိုးကုန်ကျစရိတ်အတွက် အလှူရှင် မုံရွာမြို့ အလယ်ရပ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ပွဲစားတန်းလမ်းထောင့်နေ စိန်နဂါးနာရီ အရောင်းပြခန်းနှင့် (Services Center)ပိုင်ရှင် ဦးအောင်မျိုးဟိန်း+ဇနီး ဒေါ်မိမိဇင် မိသားစုတို့က ဓာတ်ပုံရိုက်ကူးခ၊ သွေးစစ်လက်မှတ်ခ၊ မိတ္တူကူးခအဖြစ် တစ်ဦးကုန်ကျငွေကျပ် ၁၀၀၀ နှုန်းဖြင့် ကျေးရွာသူ၊ ကျေးရွာသား ၁၄၅ ဦးအတွက် ငွေကျပ် ၁၄၅၀၀၀ လှူဒါန်းခဲ့သည်။

ယင်းကဲ့သို့ အလှူရှင် ရရှိစေရန် တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးဌာနမှူး၊ ညွှန်ကြားရေးမှူးဦးစိုးပိုင်မြင့်က ရှာဖွေဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးဌာနမှူး၊ ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က နိုင်ငံသားစိစစ်ရေးကတ်ပြားကို မိမိတို့ လက်ဝယ်ကိုင်ဆောင်နိုင်သူသာလျှင် နိုင်ငံသားအဖြစ် အသိအမှတ်ပြုခြင်းဖြစ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားကို ကျေးလက်နေပြည်သူများ ပြုလုပ်သွားကြရန်၊ နိုင်ငံသားစီစစ်ရေးကတ်ပြားပါရှိမှသာလျှင် ခရီးသွားလာမှုတွင်လည်း လွယ်ကူချောမွေ့မည်ဖြစ်ကြောင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ကိုင်ဆောင်ခြင်းနှင့်ပတ်သက်၍ သဘောပေါက်နားလည်အောင် အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးဌာနမှူး၊ ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်၊ တိုင်းဒေသကြီး ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရဲဇင်လတ်၊ ရွှေဘိုခရိုင် လ-ဝ-က လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဦး၊ မြို့နယ် လ-ဝ-က ဦးစီးအရာရှိ ဦးတင်မောင်ငြိမ်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် အလှူရှင် မိသားစုတို့က ကျေးရွာသူ၊ ကျေးရွာသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လက်ရောက်ပေးအပ်ခဲ့ကြသည်။

ယခုလို မိမိတို့ကျေးရွာအရောက် လာရောက်ကာ လှူဒါန်းထောက်ပံ့ပေးသော အလှူရှင် ဦးအောင်မျိုးဟိန်း+ဇနီး ဒေါ်မိမိဇင် စိန်နဂါးနာရီအရောင်းပြခန်းနှင့်(Services Center)မိသားစု၊ အလှူရှင်ရှာဖွေဆောင်ရွက်ပေးပါသော တိုင်းဒေသကြီး လ-ဝ-က ဦးစီးဌာနမှူး၊ ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်၊ မြို့နယ် လ-ဝ-ကဦးစီးအရာရှိ ဦးတင်မောင်ငြိမ်းနှင့်ဝန်ထမ်းများ၊ တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ရှိကြောင်း နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်သူများကိုယ်စား ကျေးရွာရပ်မိရပ်ဖ ဦးမြင့်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

အောင်လင်း(ပြန်ဆက်)

ပခုက္ကူဒေသတွင် မိုးရွာသွန်း၍ နှမ်းစိုက်ရန် ထွန်ရေးပြင်

ပခုက္ကူ၊ ဩဂုတ် ၂၇

ကဆုန်လအတွင်းက မိုးရွာသွန်းခဲ့ပြီး နယုန်၊ ဝါဆို၊ ဝါခေါင်လလယ်အထိ မိုးမရွာသွန်းခဲ့သော ပခုက္ကူဒေသတွင် ဩဂုတ် ၂၀ ရက်က တစ်နေ့တာလုံး မိုးသည်းထန်စွာ ရွာသွန်းခဲ့သောကြောင့် ဒေသခံကျေးလက်တောင်သူများ စိုက်ပျိုးထားသော သီးနှံများ ကောင်းလာနိုင်ပြီး တောင်သူအချို့ နှမ်းစိုက်ရန်ထွန်ရေးပြင်နေကြကြောင်း သိရသည်။

"မိုးကရွာတော့ရွာတယ်၊ ဒါပေမယ့် ကန်ရေဝင်အောင် မိုးကမရွာဘူး။ ဘာပဲဖြစ်ဖြစ် စိုက်ပျိုးထားတဲ့မြေပဲကတော့ အခြေအနေကောင်းသွားပြီ။ ပဲတီစိမ်းကတော့သေသွားပြီ။ ပဲစင်းငုံသီးနှံက ပြန်လန်းလာတယ်။ ဒီမိုးနဲ့ ပြောင်းရယ် နှမ်းကြီးရယ်စိုက်လို့ရပြီ" ဟု ကန်တော်ရွာသားတစ်ဦးက ပြောသည်။

ကန်တော်၊ ငဖေါင်ကန်နှစ်ရွာပေါင်း စိုက်ပျိုးမြေဧကပေါင်း ၄၀၀၀ ကျော်ရှိသည်ဟု သိရသည်။ ပခုက္ကူဒေသနှင့် ခြောက်မိုင်ခန့်ဝေးသော ကျောက်ဖူးရွာတောင်သူတစ်ဦးကမူ ပဲတီစိမ်းသီးနှံ မိုးမမီ၍နုတ်ပစ်လိုက်ရကြောင်း၊ ပဲစင်းငုံ ယခုမိုးကြောင့် စိမ်းစိုလန်းဆန်းလာကြောင်း၊ ကျွဲ၊ နွား၊ ဆိတ်များအတွက် အစာရေစာများလည်း ပေါများလာကြောင်းပြောသည်။

ပခုက္ကူ တစ်ခရိုင်လုံးတွင် စပါးနှင့် အခြားသီးနှံ စိုက်ပျိုးဧကပေါင်းနှစ်သိန်းနီးပါးရှိပြီး နှစ်စဉ်မိုးရာသီ ချေးငွေ ၅၉၀၉၉ ဒသမ ၆၀ သိန်း၊ ဆောင်းရာသီ ချေးငွေ ၁၇၈၃၁ ဒသမ ၄၀ သိန်းချေးငွေရကြောင်း သိရသည်။ ပခုက္ကူဒေသတွင် ပဲတီစိမ်းစိုက်ဧက လေးသောင်းကျော်၊ ပဲစင်းငုံဧကသုံးသောင်းကျော်၊ ပဲလွန်း ၇၃ ဧက၊ မတ်ပဲ ၆၉၆ ဧကနှင့် ဘိုကိတ် ၈၉ ဧက စိုက်ပျိုးကြသည်ဟုသိရသည်။

နေဦးမောင်(ပခုက္ကူ)

သမိုင်းဝင်အညာသီဟတော စေတီတော်မြတ်ကြီး ရင်ပြင်တော်ရှိ နဂါးရုံမြတ်စွာဘုရား ဌာပနာတော်သွင်း၍ ဗုဒ္ဓါဘိသေက အနေကဇာတင်

ခင်ဦး ၊ ဩဂုတ် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၊ သီဟတောကျေးရွာ သမိုင်းဝင် အညာသီဟတော စေတီတော်မြတ်ကြီး ရင်ပြင်တော်၌ ပတ္တမြားဆရာတော်ဦးသုန္ဒရနှင့် ဒါယကာ၊ ဒါယိကာမများ စုပေါင်းတည်ထားသော နဂါးရုံမြတ်စွာဘုရား ဌာပနာတော်သွင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ဩဂုတ် ၂၄ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

မင်္ဂလာအချိန်တွင်အလှူရှင်များလှူဒါန်းသော ဓာတ်တော်မွေတော်များ၊ စိန်၊ ရွှေ ရတနာပစ္စည်းများကို ပတ္တမြားဆရာတော် ဦးသုန္ဒရ၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးသာအေးနှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးသိန်းအောင်တို့က နဂါးရုံမြတ်စွာဘုရား ဌာပနာတော်များကို သွင်းလှူပူဇော်ပြီး ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးခဲ့သည်။

ထို့နောက် ပတ္တမြားဆရာတော်နှင့် ဒါယကာ၊ ဒါယိကာမများက သစ်သီး ပန်းမန်နှင့် သောက်တော်ရေချမ်းများ၊ ဆီမီးများကပ်လှူပူဇော်ကြပြီး ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူသည်။ ဆက်လက်ပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တသုဇာတထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အလှူရှင်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပတ္တမြားဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ် လှူဒါန်းခဲ့သည်။

ခင်ဦးစိုးဝေ

UK Teaching Qualifications in Myanmar

SIS Education Services

Diploma in TESOL (4th Batch)

London Teacher Training College

ပုဂ္ဂလိကဆေးရုံအတွက်
B.Pharm (မ) (၂)ဦး
အမြန်အလိုရှိသည်။
ဖုန်း-၀၉-၃၂၁၄၃၃၃၇

အမြန်ရောင်းမည်
မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ရုံလမ်းမကြီးပေါ်ရှိ ပထမထပ် တိုက်ခန်း။
Ph: 09-73084763,
09-420121978

မြေကွက်ရောင်းမည်(ပွဲစားမလို)
* ဒဂုံအရှေ့၊ (၁၂၁)အင်းဝလမ်းမ၊ ကျောကပ် သိန်း ၄၅၀
* ဒဂုံဆိပ်ကမ်း၊ (၇၉)၊ မြနန္ဒာလမ်းမကျောကပ် သိန်း ၅၅၀
* ဒဂုံအရှေ့၊ (၁၁၈)ဦး မြူလမ်းမတည့်ဆင်း သိန်း ၆၀၀
* ဒဂုံဆိပ်ကမ်း၊ (၆၁)အဝေရာလမ်းမ ကျောကပ် ၂ကွက်၊ သိန်း ၁၅၀၀
ဖုန်း-၀၉-၅၁၃၄၆၁၀၊ ၀၉-၃၁၅၅၉၇၅၅
(မြတ်တော်ဝင်)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉/ဘီ)၊ မြေကွက်အမှတ်(၅၁၃)၊ အကျယ်အဝန်း ပေ(၄၀ × ၆၀)၊ ဧရိယာ(၀.၀၅၅)ဧကရှိ ပါမစ်မြေနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါသည်

ဖော်ပြပါမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၉)ရပ်ကွက်၊ နတ်မောက်လမ်း၊ အမှတ်(၅၁၃)ဟုခေါ်တွင်သည့် ဥပစာနှင့် ပတ်သက်၍ မူလအမည်ပေါက်ပိုင်ရှင်ထံမှ စာချုပ်အဆက်စပ်နှင့် ဝယ်ယူထားသည့် ဒေါ်ခင်မာမာဝေ(၉/မရမ(နိုင်)၀၉၁၉၆၆)ထံမှ ကျွန်ုပ်၏ မိတ်ဆွေမှ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ(စရန်)ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါမြေ၊ အိမ်တို့နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ယနေ့မှစ၍ (၇)ရက်အတွင်း အရောင်းအဝယ်ကိစ္စအား ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ရောင်းချခြင်းအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်အေးနန္ဒာဝင်း (စဉ်-၁၀၁၂၆) LL.B,D.B.L,D.M.L,
ဒေါ်သီတာလွင် (စဉ်-၂၅၇၁၀) LL.B,D.B.L,D.M.L,D.I.L
ဒေါ်မိတင်ဇာလင်း (စဉ်-၃၀၄၉၁) LL.B,D.B.L,D.M.L,D.I.L
တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ
အမှတ်(၉/၁၁)၊ အခန်း(၁၀၂/ဘီ)၊ ၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၅၀၈၂၇၁၄

တီးတိန်မြို့တွင် ၂၄ နာရီ လျှပ်စစ်မီးရရှိတော့မည်ဟု ဒေသခံပြည်သူများ မျှော်လင့်

တီးတိန်၊ ဩဂုတ် ၂၇

ချင်းပြည်နယ်ရှိ မြို့ကြီးများသို့ နိုင်ငံတော်အစိုးရ၏ စီစဉ်မှုဖြင့် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်မှ သွယ်တန်းသည့် မဟာဓာတ်အားလိုင်းမှာ တီးတိန်မြို့ကို ဖြတ်သန်းသောကြောင့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် တီးတိန်မြို့ပေါ်၌ ၂၄ နာရီ လျှပ်စစ်မီးလုံလောက်စွာရရှိ အသုံးပြုနိုင်တော့မည်ဟု ဒေသခံပြည်သူများက မျှော်လင့်နေကြကြောင်း သိရသည်။

အဆိုပါ မဟာဓာတ်အားလိုင်းသည် တီးတိန်မြို့ကို အမှန်တကယ်ဖြတ်သန်းမည်ဆိုပါက စက်ရုံတည်နေရာအဖြစ် လေးလုမ်းရပ်ကွက် ပိုးချည်စက်ရုံအထက်ဘက်ခြမ်း မြေနေရာကို လျာထားလျက်ရှိရာ မြေကွက်ပိုင်ဆိုင်သူများထံမှလည်း သဘောတူညီခွင့်ပြုချက်ရရှိပြီးဖြစ်ကြောင်း၊ ယခု လက်ရှိအခြေအနေတွင် လျှပ်စစ်မီးတစ်ရက်ခြားသာရရှိကြောင်း၊ ထိုသို့လျှပ်စစ်မီးလုံလောက်စွာရရှိပါက သဘာဝပတ်ဝန်းကျင် သစ်တောထိန်းသိမ်းမှုလုပ်ငန်းဖြစ်သည့် ထင်းနှင့် မီးသွေးအစားထိုး လျှပ်စစ်မီးသုံးစွဲနိုင်မည့်အပြင် အဝတ်လျှော်စက်မှအစ ရေခဲသေတ္တာအဆုံး လျှပ်စစ်မီးအသုံးပြုသည့် စီးပွားရေးလုပ် ငန်းများတွင် ပိုမိုအဆင်ပြေစေမည်ဖြစ်ပြီး တီးတိန်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုမှာလည်း သိသိသာသာ ပိုမိုမြန်ဆန်လာမည်ဟု မျှော်လင့်နေကြကြောင်း ဒေသခံမြို့မိမြို့ဖတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ထို့အပြင် ချင်းပြည်နယ်၏ ဝေးလံခေါင်သီသည့် ကျေးလက်ဒေသများ၊ မြို့ငယ်များတွင် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များရှိနေရာ နိုင်ငံတော်အစိုးရက ကျပ်သန်းငါးသောင်းအကုန်အကျခံ၍ တီးတိန်မြို့နယ် ဘယ်လ်တာန်ရေအားလျှပ်စစ် ၁၅၀၀ ကီလိုဝပ် တည်ဆောက်ရေးအပါအဝင် ချင်းပြည်နယ်ဒေသ ၁၁ ခု၌ ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(နိုဟေဇာ)

ပြည်သူ့အကျိုးပြုလုပ်ငန်း ဖျာပုံတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်

ဖျာပုံ၊ ဩဂုတ် ၂၇

ဖျာပုံခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများမှ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ခြင်း အခမ်းအနားကို ဩဂုတ် ၂၅ ရက် နံနက် ၁၀ နာရီက ဖျာပုံမြို့နယ် ဖျာပုံတမံကျေးရွာတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က အဖွင့်အမှာစကားပြောကြားပြီး၊ ခရိုင်ဥပဒေအရာရှိ ဦးဆန်းအောင်က 'ဥပဒေအကြောင်းသိကောင်းစရာများ'၊ ခရိုင်လဝကဦးစီးမှူး ဦးကံကောင်းက 'နိုင်ငံသား ဥပဒေအကြောင်းသိကောင်းစရာများ'၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုရဲအုပ်ငယ်ငယ်ထွေးက 'လူကုန်ကူးမှု ကာကွယ်ရေးနှင့် ပတ်သက်သည့် သိကောင်းစရာများ'၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးဝင်းကျော်ဖြိုးက 'တောင်သူလယ်သမားအကျိုးစီးပွား ကာကွယ်သည့် ဥပဒေ'၊ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးမောင်မောင်သွင်က 'သီးနှံကာကွယ်ရေး သိကောင်းစရာများ'ကိုအသိပေးပြောကြားခဲ့ကြသည်။

ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ဒေါ်စိန်စိန်က' ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများ' နှင့် သမဝါယမဦးစီးအရာရှိ ဦးမျိုးအောင်က 'သမဝါယမ ချေးငွေလုပ်ငန်းအကြောင်း သိကောင်းစရာများ'ကို ပြည်သူများအား အသိပေးရှင်းလင်း တင်ပြရာ တက်ရောက်လာကြသည့် ပြည်သူများကလည်း သိလိုသည်များမေးမြန်းကြပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

ယင်းနောက် ဖျာပုံခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ ဖျာပုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇေယျအုန်းနှင့် ခရိုင်နှင့်မြို့နယ်ဌာနအသီးသီးမှ တာဝန်ရှိသူများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်နွယ်နွယ်ဝင်းနှင့် အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင်လျက် ဖျာပုံခရိုင်ဆေးရုံအုပ်ကြီးဦးဆောင်၍ အထူးကုဆရာဝန်ကြီးများပါဝင်သော ဆေးကုသရေးအဖွဲ့များက လူနာများအား ဆေးဝါးအခမဲ့ကုသပေးခြင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့်(၆) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်း၊ စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာလုပ်ငန်းသုံးစက်များကို အခမဲ့ပြင်ဆင်ပေးခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံကာကွယ်ရေး ပညာပေးပြခန်းပြသခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးခြင်း၊ မြေစာရင်းဦးစီးဌာနမှ 'တောင်သူလယ်သမား အကျိုးစီးပွားကာကွယ်သည့် ဥပဒေ' စာအုပ်ဝေငှပေးခြင်း စသည့် ပြည်သူ့အကျိုးပြု လုပ်ငန်းများကို တစ်ပြိုင်နက်တည်း စနစ်တကျ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

(၅၈၅)

ဟန်းဆက်ဈေးကွက် မန္တလေးတွင် စက်ဘီးများနှင့် ဈေးကွက်ထိုးဖောက်

မန္တလေး၊ ဩဂုတ် ၂၇

တန်ဖိုးနည်းဖုန်းများ ပြည်သူ့လက်တွင်း များပြားစွာကိုင်တွယ်လာနိုင်ပြီးနောက်ပိုင်း ဟန်းဆက်ဈေးကွက်ကို နည်းအမျိုးမျိုးဖြင့် စိတ်ဝင်စားအောင် လုပ်ကိုင်လာကြသည်။ ဈေးချင်းတူလျှင် ဝန်ဆောင်မှုကောင်းများဖြင့် ဝယ်သူကို စွဲဆောင်လာကြသည်။ လက်ရှိကာလတွင် လူတိုင်းဖုန်းကိုင်လာနိုင်သည့်အတွက် ဟန်းဆက်များ အရောင်းသွက်လာကြသည်။

ဟန်းဆက်ဈေးကွက်တွင် တန်ဖိုးနည်းဟန်းဆက်ကီးပတ်များအသုံးပြုမှုနည်းသွားပြီး နောက်ဆုံးပေါ် နည်းပညာမြင့်ဖုန်းများကို လူငယ်တို့ အသုံးများလာခဲ့ကြသည်။ ဟန်းဆက်ကောင်းကောင်းကို အသုံးပြုကာ ဂိမ်းကစားခြင်း၊ အင်တာနက်အသုံးပြုခြင်း၊ ဖေ့စ်ဘုတ်အသုံးပြုခြင်းများ လူကြီးလူငယ်မရွေး အသုံးပြုလာကြသည်။

ယခုအခါ စက်ဘီးမြို့တော်ဖြစ်ခဲ့ဖူးသော မန္တလေးမြို့ကို စက်ဘီးများဖြင့် လူစိတ်ဝင်စားအောင် ဟန်းဆက်ဈေးကွက် ပြုလုပ်လာသည်။ ထိုသို့ဈေးကွက် ဖောက်ခြင်းများမှာ စက်ဘီးမြို့တော်မန္တလေးမြို့သူမြို့သား များ အထူးနှစ်သက်ကာ စိတ်ဝင်တစားကြည့်ရှုကြသည်။ လက်ရှိဈေးကွက်ဖောက်နေသော ဟန်းဆက်အမျိုးအစားမှာ vivo ကုမ္ပဏီကထုတ်သော vivo Hi-Fi & smat အမျိုး အစားပင်ဖြစ်သည်။ ထိုကုမ္ပဏီမှ မြို့ခံများ စိတ်ဝင်စားအောင် ဈေးကွက်ထိုးဖောက်ပုံမှာ ကုမ္ပဏီမှ ဖြန့်ချိထား သော ဟန်းဆက်အရောင်းဆိုင်များကို တူညီဝတ်စုံများ ဝတ်ကာ စက်ဘီးဖြင့်ပတ်ခြင်းပင်ဖြစ်သည်။ အထူးသဖြင့် ကျုံးဘေးတွင် ကုမ္ပဏီတံဆိပ်ပါ စာတန်းများကိုထောင်ထားသော လှပသည့် အရောင်တူ စက်ဘီးများ တန်းစီစီးသွားခြင်းကို အထူးအဆန်းဖြစ်ကာ သဘောကျကြသည်။ လက်ရှိ ကာလတွင် စက်ဘီးမြို့တော် မန္တလေးကို စက်ဘီးဖြင့် ဈေးကွက်ဖောက်သောနည်းစနစ်ဖြစ်သည်။

(တိမ်တမန်)

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆/ရှေ့)၊ မြေကွက်အမှတ်(၁၂၄၈)၊ မြေကွက်တည်နေရာအမှတ်(၁၂၄၈)၊ ရှုခင်းသာလမ်းမကြီး၊ (၆)ရပ်ကွက်၊ သာကေတမြို့နယ်ရှိ ၁။ဦးသန်းမောင်၊ ၂။ ဦးမောင်မောင်အုန်း အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဦးသန်းမောင်(ဖခင်/ယောက္ခထီး)နှင့် ဒေါ်ခင်သိန်း(မိခင်/ယောက္ခမ)နှင့် သားတစ်ဦးဖြစ်သူ ဦးမြစိန်(ခင်ပွန်း)ကွယ်လွန်သဖြင့် သား၊ သမီး၊ ချွေးမနှင့် ဇနီးတော်စပ်သူများဖြစ်သော ၁။ဦးမောင်မောင်အုန်း[၁၂/သကတ(နိုင်)၀၂၇၃၃]၊ ၂။ဒေါ် သန်းငွေး[၁၂/သကတ(နိုင်)၀၈၀၆၃၄] ၃။ဒေါ်ခင်ခင်သန်း[၁၂/သကတ(နိုင်)၀၅၅၁၉၀]၄။ ဦးမြတ်စိုး[၁၂/သကတ(နိုင်)၀၆၇၆၁၇]၊ ၅။ဒေါ်ခင်သန်းဝင်း[၁၂/သကတ(နိုင်)၀၂၉၂၄၅]တို့မှ သေစာရင်း ကျမ်းကိုန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝန်ထမ်းအလိုရှိသည်

ကားစတစ်ကာကပ်ကျွမ်းကျင်

ကားဝါယာရိန်းကျွမ်းကျင်

ဆက်သွယ်ရန်

ဖုန်း-၀၉၅၅၀၅၉၀၅၊ ၀၉-၅၀၁၆၄၁၃





ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

၁။ စမ်းချောင်းလမ်းသန့် ၁၂½'× ၅၀' ၅ လွှာ 470L

ပြင်ပြီး၊ ဘိုထိုင်၊ ကိုရီးယား PK ခင်း၊ ကြွေခင်း/ကပ်

၂။ စမ်းချောင်း၊ လမ်းသန့် ၁၂½'× ၅၀' ၅ လွှာ 470L

ပြင်ပြီး၊ ကိုရီးယား PK ခင်း၊ ကြွေခင်း/ကပ်

၃။ စမ်းချောင်း၊ လမ်းသန့် ၁၂½'× ၅၀' ၃ လွှာ 465L

ပြင်ပြီး၊ ကိုရီးယား PK ခင်း၊ ကြွေခင်း/ကပ်

၄။ စမ်းချောင်း၊ ပန်းတနော်လမ်း၊ ၁၂½'×၅၀' မြေညီ950L

၅။ မုဒိတာ 1 Condo 650 sqft RC ခင်း၊ 1BR၄လွှာ550L

၆။ Star City Condo 622 sqft ၆လွှာ 900L

၇။ စမ်းချောင်း၊ လမ်းသန့် မြေ ၂၅'× ၅၀'ပါမစ် 4500L

၈။ အရှေ့ဒဂုံ (၁၃၈) ရပ်ကွက်၊ ၄၀' ×၆၀' ပါမစ် 250L

ဆက်သွယ်ရန်- ၀၉၂၅၄၃၉၈၃၈၇

ဆိပ်ဖြူတွင် ကုန်သည်များနှင့် တောင်သူများအား တွေ့ဆုံဆွေးနွေး အသိပညာပေး

ဆိပ်ဖြူ၊ ဩဂုတ် ၂၇

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ပုဂ္ဂလိကလုပ်ငန်းရှင်ကုန်သည်များနှင့် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ကြသော တောင်သူများအား အသိပညာပေးဆွေးနွေးပွဲကို မြို့နယ်ရှိ ကုန်ဆည်ဒိုင် အဆောက်အအုံတွင် ဩဂုတ် ၂၅ ရက် နံနက် ၁၀ နာရီကကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် ခရိုင်ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးမှူး ဦးသန်းဦးက ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနသုံးခုအကြောင်း ဦးစွာရှင်းလင်းပြောကြားပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ပုဂ္ဂလိက ကုန်သွယ်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရေး အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ခရိုင်ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဦးမြင့်ဦးက ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲပုံ သုံးစွဲနည်းများရှင်းလင်းဆွေးနွေးပြီး တိုင်းဒေသကြီး ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများကလည်း စားသုံးသူအကျိုးစီးပွားကာကွယ်ရေးအကြောင်း လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

ယင်းနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ဌေးဌေးအေးက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် မျိုးစေ့များကိုလည်း ရှာဖွေ ဆက်သွယ်ကူညီချိတ်ဆက် ပေးသွားမည်ဖြစ်ကြောင်းနှင့် မြို့နယ်စီမံကိန်း ဦးစီးအရာရှိ ဒေါ်လှဌေးမြင့်က ဒေသန္တရစီမံကိန်းရေးဆွဲရာတွင် စီးပွားရေးလုပ်ငန်းရှင်များမှလည်း တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် အသီးသီးရှင်းလင်းဆွေးနွေးပြောကြားကြသည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်လာကြသည့် ကုန်သည်များနှင့် တောင်သူများကလည်း သိရှိလိုသည်များကို မေးမြန်းရာ ပြန်လည်ရှင်းလင်း ဆွေးနွေးကြကြောင်း သိရသည်။

(ကြေးမုံ)

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်တွင် စပ်မျိုးကောင်းမျိုးချောင်းနှင့် နွားမေထုန်မဲ့သားစပ်ခြင်းသင်တန်းဖွင့်

ကနီ၊ ဩဂုတ် ၂၇

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြရာ ၎င်းတို့လုပ်ငန်းခွင်တွင် အသုံးပြုကြသော ခိုင်းနွားနှင့် ကျွဲများရှားပါးလာမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် စပ်မျိုးကောင်း မျိုးချောင်းနှင့် နွားမေထုန်မဲ့သားစပ်ခြင်းသင်တန်းများကို ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

စပ်မျိုးကောင်း မျိုးချောင်းနှင့် နွားမေထုန်မဲ့သားစပ်ခြင်းသင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၄ ရက်က စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျန်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ယင်းမာပင်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်ကြည်ဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များများကို ရှင်းလင်းပြောကြားခဲ့သည်။

နွားမေထုန်မဲ့သားစပ်ရာတွင်အသုံးပြုသော စပ်မျိုးချောင်းကို နိုက်ထရိုဂျင် ၃ ဒသမ ၆ လီတာပါ အိုးတွင် အအေး(၂၃၂ °C)ဖြင့် ထိန်းသိမ်းထားသိုနည်း၊ အသုံးပြုနည်းများကိုလည်းရှင်းလင်း ပြောကြားခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီများ၊ အထောက်အကူပြုကော်မတီများ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဝန်ထမ်းများနှင့် ကျေးရွာများမှ သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်းသိရသည်။

သန်းဌွေးအောင်(ကနီ)

အခြေခံအိမ်တွင်းမှု သင်တန်းနှင့်အဆင့်မြင့် စက်ချုပ်သင်တန်းဖွင့်

ရေး၊ ဩဂုတ် ၂၇

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ရေးမြို့နယ်အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၄၉)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၃၉)ဖွင့်ပွဲကို ဩဂုတ် ၂၅ ရက် နံနက် ၈ နာရီတွင် ပြုလုပ်သည်။

အခမ်းအနားတွင် နယ်လှည့်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မြင့်ဦးက သင်တန်းသူများအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်နှင့် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းဖြင့် အသက်မွေးနိုင်သည်အထိ ကြိုးစားသင်ယူကြစေရန်အမှာစကား ပြောကြားသည်။တက်ရောက်လာသူများက ဆန်၊ ဆီ၊ ကြက်သွန်နီနှင့် အလှူငွေများပေးအပ်လှူဒါန်းခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ မြစိမ်းရောင်ကျေးရွာများသို့ သွားရောက်ကြည့်ရှု

မြင်းခြံ ၊ ဩဂုတ် ၂၇

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်နှင့်အတူ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ ခရိုင်ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းနောင်၊ မြို့နယ်ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကံချွန်နှင့် ဝန်ထမ်းများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များလိုက်ပါပြီး ဩဂုတ် ၂၄ ရက်က မြစိမ်းရောင်ကျေးရွာများသို့ သွားရောက် ကြည့်ရှုခဲ့ကြောင်း သိရသည်။

မြစိမ်းရောင် ကျေးရွာများဖြစ်သော တည်ပင်ကျေးရွာ၊ ပျိုးကန်ကျေးရွာ၊ ကန်စွယ်ကျေးရွာများမှ မြစိမ်းရောင်ကျေးရွာကော်မတီဝင်များ၊ စိုက်ပျိုးရေး ၊ မွေးမြူရေး၊ ကုန်သွယ်မှု ၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ လုပ်ဆောင်နေသော မြစိမ်းရောင် ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံ၍ စာရင်း များ မှန်ကန်စွာရေးသွင်း ထားရှိမှု၊ စိုက်ပျိုးရေး လုပ်ငန်းများ လုပ်ဆောင်ထားရှိမှု၊ သိုးမွေးမြူရေး၊ ဆိတ်မွေးမြူရေး၊ နွားမွေးမြူရေး ၊ ဝက်မွေးမြူရေးအခြေအနေ၊ ကုန်သွယ်မှု၊ ကုန်ထုတ်လုပ်မှုအခြေအနေများကိုကြည့်ရှု၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

မြစိမ်းရောင် ကျေးရွာကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများမှလည်း လုပ်ဆောင်နေမှုများကို တင်ပြခဲ့ပြီး ခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့မှ ပြန်လည်ရှင်းလင်းပြောကြားပြီး လုပ်ဆောင်ထားသော လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးကာ အားပေးခဲ့ကြောင်းသိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)



ပိုင်ရှင်ကိုယ်တိုင်

ပေ(၂၂၀×၆၀)၊ သုနန္ဒာပတ်လမ်း၊ မြောက်ဥက္ကလာပ၊
အထပ်မြင့်ဆောက်ရန်နေရာကောင်း
ဖုန်း-၀၉-၂၅၄၀၃၄၉၈၇၊ ၀၉-၃၁၂၇၇၆၈၅

ဖောင်းကြွပျောက်

လျှောက်ထားခြင်း

ယာဥ်အမှတ် ၉ဃ/၈၉၉၄ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကားရောင်းမည်

1. CC-66...(Taxi)
(Engine)-2c (Diesel), Super Roof (Van), Model-98,
Colour-Green (ကားကောင်းကားသန့်)၊ ပိုင်ရှင်အမည်ပေါက်
2. Sky Line
(NISSAN SALOON), Colour -GRAY, Model-2002, Engine-2.4

ဆက်သွယ်ရန်ဖုန်း-၀၉-၂၅၉၂၅၈၉၈၈၊ ၀၉-၂၅၉၂၅၈၉၈၉





ကျောင်းသားကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေး နေ့စဉ်ဆောင်ရွက်

ညောင်ဦး၊ ဩဂုတ် ၂၇

ညောင်ဦးမြို့(မြို့မ) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများကို ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ဆရာ၊ ဆရာမများက နေ့စဉ်ဆောင်ရွက်နေကြောင်း သိရသည်။

ကျောင်းဆင်းချိန်များဖြစ်သည့် နေ့လယ် ထမင်းစားကျောင်းဆင်းချိန်နှင့် ညနေကျောင်းဆင်းချိန်များတွင် မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်စီးနင်းသူများ စည်းကမ်းရှိစွာ မောင်းနှင်စေရန်နှင့် ယာဉ်အန္တရာယ်မဖြစ်စေရန် ယာဉ်ရပ်တန့်ရေးကြိုးများဖြင့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းစွာသွားလာနိုင်ရန်အတွက် ဂရုတစိုက် ကြပ်မတ်ဆောင်ရွက်နေကြောင်း သိရသည်။

ရဲသူရအောင် (ညောင်ဦး)

ကနီမြို့၌ ကျောင်းကျန်းမာရေးစစ်ဆေးခြင်းနှင့် ပညာပေးဟောပြော

ကနီ၊ ဩဂုတ် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့ အ. မ. က(၂) တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လုပ်ငန်းစဉ်များ ကွင်းဆင်းဆောင်ရွက်မှုကို ဩဂုတ် ၂၅ ရက်က မြို့နယ် ကျန်းမာရေးဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျောင်းကျန်းမာရေးစစ်ဆေးခြင်းတွင် ကျောင်းအုပ်ဆရာကြီးဦးဆယ်ဝင်းနှင့် အတန်းပိုင် ဆရာများက ကြီးကြပ်၍ ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းစီအား အရပ်အမောင်းနှင့် ကိုယ်အလေးချိန်တို့အတွက် အရပ်တိုင်းပေးခြင်း၊ ပေါင်ချိန်ခြင်းများ ဆောင်ရွက်ပေးပြီး တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် လက်သည်းညှပ်ပေးခြင်းနှင့် ဆံပင်ညှပ်ပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ကျန်းမာရေး ဝန်ထမ်းများမှ ကျောင်းသား၊ ကျောင်းသူများအား ပညာပေးဟောပြောခဲ့သည်။

သန်းဌွေးအောင်(ကနီ)

ဖတ်စရာ

စာတွေဖတ်ရင်း ဘဝကိုဖြတ်သန်းကြမယ်

à aeOifjZmfreftmif

ကျွန်တော်တို့တစ်တွေ ငယ်စဉ်ကတည်းက စာတွေဖတ်ဖြစ်ကြတယ်။ တေဇ၊ ရွှေသွေး၊ မိုးသောက်ပန်း စသည့် စာတွေဖတ်နေရာမှ ဆယ်တန်းစာမေးပွဲဖြေအပြီးမှာ ကျောင်းတွေ ပိတ်ထားသောအခါ အချစ်ဝတ္ထုများကိုဖတ်တတ်လာသည်။ မောင်သာပြည့်၊ မောင်စိန်ဝင်း၊ မောင်သာရစသည့် စာရေးဆရာများ၏ အချစ်ဝတ္ထုများ ဖြစ်သည်။ အရွယ်ကြောင့် ကြိုက်နှစ်သက်တာလည်းဖြစ်နိုင်သည်။

ကျွန်တော်နှင့်ပေါင်းသောသူငယ်ချင်းတစ်ယောက်က ကဗျာဆရာရူး တစ်ယောက်ဖြစ်သည်။ မောင်စိန်ဝင်းကို အားကျသည့်သူဖြစ်သည်။ သူကဗျာတွေကို ရေးသည်။ မော်ဒန်ကဗျာဆိုလားဘာလား။ သူ့ကဗျာတစ်ပုဒ် ထိုအချိန် ကနာမည်ကြီး မဂ္ဂဇင်းတစ်စောင်မှာပါလာတော့ သူငယ်ချင်းထခုန်တော့သည်။ ကျွန်တော်အဲဒီအချိန်က စာဖတ်တာကိုသာဝါသနာပါသူတစ်ယောက်အဖြစ် သူ့ရဲ့ခံစားချက်ကိုနားမလည်ခဲ့။ ကျွန်တော်စာရေးတော့ ဆောင်းပါးတစ်ပုဒ်စပါလာသည့်နေ့ အိပ်လို့တောင်မပျော်ဖြစ်ခဲ့ရသည်။

တက္ကသိုလ်တက်ဘွဲ့တစ်ခုရအပြီး အပြင်စီးပွားရေးလုပ်တော့လည်း စာဖတ်မပြတ်ခဲ့။ ထိုအချိန်ဖတ်သောစာများက တက်ကျမ်းတွေ၊ သုတစာပေတွေ၊ ဝတ္ထုတိုတွေ၊ ရသစာပေတွေဖတ်ဖြစ်လာသည်။ လောကကြီးမှာကျင်လည်နေကြတဲ့ လူတွေရဲ့အကြောင်းကို ရေးထားတဲ့စာတွေကို ဖတ်ဖြစ်လာတယ်။ ဒါပေမယ့် သေချာမဖတ်ဖြစ်ခဲ့။

ကျွန်တော် စာဖတ်နာသည့်သူတစ်ယောက် မဟုတ်တာတော့သေချာသည်။ ဖတ်ပြီး မှတ်မိခြင်း၊ မှတ်သားထားခြင်းမျိုးမရှိခဲ့။ ထူးခြားတာကတော့ တချို့စာများကို သေချာမှတ်မထားဘဲ မှတ်မိနေတတ်သည်။ တချို့စာအုပ်များထဲက အကြောင်းအရာ၊ ခံစားချက်တချို့ကို လိုက်ပါခံစားသည်။

စာဖတ်ခြင်းကြောင့် အကြောင်းအရာတော်တော်များများကိုသိခွင့်ရသည်။ သတင်းစာဖတ်လျှင် နေ့စဉ်ဖြစ်ပျက်နေတဲ့ အကြောင်းအရာတွေကိုသိနိုင်သလို၊ ဂျာနယ်တွေကိုဖတ်ဖြစ်ပါက တစ်ပတ်အတွင်း ဖြစ်ပျက်ခဲ့သော အကြောင်းအရာများ၊ ဂျာနယ်အတွင်းမှာရေးသားထားတဲ့ သုတ၊ ရသစာပေတွေကိုဖတ်ဖြစ်သည်။ ကျန်းမာရေး ဂျာနယ်ဖတ်ဖြစ်ပါက နေ့စဉ်စားသောက်နေထိုင်ပုံတွေ၊ ကျန်းမာရေး ကောင်းအောင်လိုက်နာရမည့် အချက်အလက်များကိုသိခွင့်ရမည်။ ဒါတွေသည်စာ ဖတ်ခြင်းရဲ့အကျိုးကျေးဇူးတွေပင်။ အတန်းထဲကစာတွေက ကျွန်တော်တို့ အသိဉာဏ်တွေကို တစ်ဆင့်ချင်းမြှင့်တင်ပေးပြီးဘဝမှာ အသက်မွေးဖို့ လမ်းကြောင်းလေးတွေ ချပေးခဲ့သည်။ အပြင်ဘက်က စာတွေကတော့ အတန်းထဲက မရနိုင်သောရသများ၊ ဗဟုသုတများကိုထပ် လောင်းဖြည့်ဆည်းပေးတာမျိုးဖြစ်သည်။ ဒါဖြင့်ကျွန် တော်တို့ စာဖတ်သည်က ဦးနှောက်ထဲမှာ အသိဉာဏ်တွေ ပြည့်နေဖို့ဖြစ်သည်။

ဒီနေ့ခေတ်လူငယ်တွေစာဖတ်အားနည်းသည်။ စာဖတ်ဖို့ထက်အင်တာနက်တို့၊ ဂိမ်းတို့ကစားဖို့ကိုအားသန်ကြသည်။ ကျောင်းမှာသင်တဲ့ အတန်းပညာတွေကိုတတ်ရင်လောကကြီးမှာရပ်တည်နိုင်ပြီလို့ ယူဆသူကျောင်းသားများရှိနေသည်။ ဒါပေမယ့် မြန်မာစာဂုဏ်ထူးထွက်တဲ့ကျောင်းသားတစ်ယောက်ဟာ ကျောင်းမှာသင်တဲ့ အလွတ်ကျက်မှတ်တာနဲ့ ဂုဏ်ထူးထွက်တာမဟုတ်ဘူးဆိုတာတော့ သေချာသည်။ မြန်မာစာဂုဏ်ထူးရှင်များသည် အနည်းဆုံးတော့ အပြင်စာများဖြစ်သည့်ဂုဏ်ထူးဆုရ စာစီစာကုံး စာအုပ်များကိုတော့ ဖတ်ကြသည်။ အဖွဲ့အစည်းတစ်ခုမှာပဲဖြစ်ဖြစ်၊ ဌာနတစ်ခုမှာပဲဖြစ်ဖြစ် ပါဝင်သောသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များတွင် လုပ်ဆောင်နေကြသူများထဲတွင် စာဖတ်သောသူနှင့် စာမဖတ်သောသူ အလွန်ကွာဟသည်ကို မြင်နိုင်သည်။

ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးသည် ရွှေနှင့်ပတ်သက်သည့် သတင်းကိုတော့ နေ့စဉ်တိုင်းလိုလို ဖတ်နေလေ့လာနေရမည်။ ဒါမှသာမိမိဘယ်အချိန်မှာ ဘာလုပ်သင့်သည်၊ ရောင်းသင့်သည့် ဝယ်သင့်သည့်အချိန်များကို စာဖတ်မှ သိနိုင်မည်။ ရွှေဆိုင်လုပ်ငန်းရှင်များလိုပဲ မည်သည့် လုပ်ငန်းရှင်မဆို စာဖတ်သင့်သည်။ ရွှေနှင့်ပတ်သက်သည့် စာတစ်ခုတည်းကိုမဟုတ်ဘဲ ဘာစာမျိုးပဲဖြစ်ဖြစ်ဖတ်ကို ဖတ်နေသင့်သည်လို့ ကျွန်တော်ထင်မြင်မိသည်။ နောက်ကျမှသာမိမိနဲ့ လိုက်ဖက်သောမိမိနဲ့သင့်တော်သော စာမျိုးတွေကိုဖတ်နိုင်လာမည်။

စာတွေက မျိုးစုံရှိသည်။ အကြောင်းအရာမျိုးစုံပါသည်။ ကဏ္ဍများစွာရှိသည်။ ငယ်စဉ်မှ သေသည့်တိုင်အောင်လည်း စာတွေဖတ်ခဲ့၊ဖတ်ဆဲ၊ ဖတ်ကြရဦးမည်။ သေချာသည်ကတော့ စာထဲကတစ်ခုခုကို လိုချင်၍ ဖတ်တာ ထင်ရှားသည်။ အပျင်းပြေ ဖတ်ဖတ်၊ ရည်ရွယ်၍ ဖတ်ဖတ် တစ်ခုခုကို လိုချင်၍ ဖတ်တာဖြစ်သည်။ ဘာခံစားရမလဲ၊ ဘာတွေဗဟုသုတ ရမလဲ၊ ဘယ်သူ့အကြောင်းတွေ သိရမလဲဆိုသည့် အတွေးမျိုးနှင့် ဖတ်တာဖြစ်သည်။ မဖတ်ခင်နှင့် ဖတ်နေဆဲမှာတော့ သည်အတွေးမရှိ။ ရှိလျှင်လည်း စာဖတ်ပြီး ဘာမှမရ။ အဘယ်ကြောင့်ဆိုသော် ဘာရမလဲဆိုသော အတွေးကြီးက လွှမ်းမိုးနေလျှင် တကယ်ဖတ်လျှင် ဘာမှမရတော့တာ ကျွန်တော့ကိုယ်တွေ့ သိခဲ့ဖူးသည်။စာကိုစာလို ဖတ်၊ ပြီးမှတွေးတောဆင်ခြင်၊ သည်လိုလုပ်မှ စာရေးသူ၏ အာဘော်ကိုကျက်မိကာ နောက်ဆို သူ့စာပဲဖတ်တော့မည်ဆိုပြီး စာကို ရွေးဖတ်ကာ ဘာမရလဲဆိုသည့်မေးခွန်းကို ဖြေပြီးသားဖြစ်သွားတတ်သည်။ စာရေးသူပေးတာနှင့် မိမိလိုချင်တာ ကိုက်ပြီဆိုလျှင် ဘယ်သူက ဘာကိုဖတ်ပါဟု ပြောစရာမလိုတော့။ ကိုယ့်ဘာသာသိလာသည်။ ဘယ်သူက ဘာတွေရေး၍ ဘာတွေပေးနေသည်။ ဘယ်စာအုပ်ဖတ်လျှင် အကျိုးမရှိ။ သည်လို သိသွားပြီး စာထဲက ဘာရမလဲဆိုသော အတွေးက အလိုလိုပျောက်သွားသည်။

ကျွန်တော်တို့အသင်းအဖွဲ့တစ်ခုထဲကို ရောက်ခါစက အသင်းမှာ အမြင့်ဆုံးနေရာလောက်က တာဝန်ယူထားသည့် ကျွန်တော်တို့ စံနမူထားလောက်သည့် ပုဂ္ဂိုလ်တစ်ယောက်ကျွန်တော်တို့တတွေကို တွေ့တိုင်းစာဖတ်ဖို့ အမြဲပြောသည်။ ထိုအချိန်က စာကိုအပျင်းပြေဖတ်ဖို့လောက်သာ သိခဲ့သောကျွန်တော်သည် စာဖတ်လို့ဘာအကျိုးကျေးဇူးရမှာလဲ။ ငွေရှာနိုင်ရင်ပြီးတာပဲ။ စာဖတ်လို့ပေးရမယ့် အချိန်တွေမှာ ငွေတွေရအောင်ရှာရင်ရောမဖြစ်နိုင်ဘူးလားဆိုတဲ့ အတွေးကျွန်တော့မှာရှိခဲ့ပါတယ်။

ဒီလိုနဲ့အချိန်များစွာကို ဖြတ်သန်းခဲ့တယ်။ ဖြတ်သန်းခဲ့တဲ့အချိန်တွေမှာလည်း လူကြီးကစာဖတ်ဆိုလို့သာ ဖတ်ရတယ်။ စာဖတ်တော့ဘာဖြစ်လာသလဲပေါ့။ အချိန်များစွာကြာမြင့်လာတော့ စာဖတ်ခြင်းကြောင့် စိတ်တွေပြောင်းလာတယ်။ အတွေးအခေါ်အယူအဆတွေ ပိုရင့်ကျက်လာတယ်။ သူများမတွေးနိုင်တာကို တွေးလာနိုင်တယ်။ ကိုယ်လုပ်တဲ့စီးပွားရေးလုပ်ငန်းမှာသာမက အသင်းအဖွဲ့တွေ၊ လူမှုရေး လုပ်ငန်းတွေမှာပါ စာဖတ်ခြင်းကရတဲ့ဗဟုသုတတွေနဲ့အသုံးချလာနိုင်ခဲ့တယ်။

လူတောထဲမှာ လူတွေနှင့် နေသည်။ အမှားနည်းအောင်ထိန်းကျောင်း သွန်သင်ဖို့ မိဘ၊ ဆရာသမားနှင့် ရဟန်းသံဃာတွေရှိသည်။ စာအုပ်ဖတ်လျှင်တော့ ထိုသူတွေက ဘာမျှမပြောလည်း ကိုယ့်ဘာသာ နားလည်သွားသည်။ ဘယ်သူနှင့်ဆို၊ ဘယ်လို နေရမည်။ ဘယ်လို ဆက်ဆံရမည်။ ဘဝကိုတိုးတက်အောင် ဘယ်လို ကြိုးစားရမည်။ နောက်ဘဝကူး ကောင်းစေချင်သည်။ စသည်ဖြင့် စာစုံလျှင်စုံသလို ကိုယ့်ကိုယ်ကိုယ် အနည်းနှင့်အများ ထိန်းကျောင်းသွားနိုင်သည်။ တစ်ခုတော့ရှိသည်။ ထိုသို့ဖြစ်ဖို့ စာအုပ်ကောင်းတွေ ပိုဖတ်ဖို့တော့ လိုမည်။

ဒါလည်း ထူးထူးထွေထွေ ဘာမျှ မလုပ်ရ။ စားများများဖတ်လာလျှင် စာအုပ်တွေကပင် မိမိကို လမ်းညွှန်သွားလိမ့်မည်ဟု တင်ပြရင်း ကျွန်တော်တို့တစ်တွေ စာဖတ်ကြပါစို့။

ဖခင် အမည်မှန် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ အထကခွဲ၊ သဝန်းတောကျောင်း နဝမတန်းကျောင်းသူ မခင်သဲစုအေး၏ ဖခင်အမည်မှန်မှာ ဦးစန်းတင်[၁၂/တတန(နိုင်)၀၉၅၃၇၉]ဖြစ်ပါကြောင်း။

ဖခင် အမည်မှန် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ အထက(ခွဲ)သဝန်းတော၊ ဒသမတန်း ကျောင်းသား မောင်သက်ဝေဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမြဝင်း [၁၂/တတန(နိုင်)၀၉၄၆၃၈]ဖြစ်ပါကြောင်း။

မိခင် အမည်မှန် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ အထက(ခွဲ) သဝန်းတော ဒသမတန်းကျောင်းသား မောင်ဝေယံထွန်း၏မိခင်အမည်မှန်မှာ ဒေါ်စန်းစန်းခင် [၁၂/တတန(နိုင်)၀၉၅၀၂၀]ဖြစ်ပါကြောင်း။

သွေးသည် အသက်



ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်ရှိ မြို့ကြီးများနှင့် ကျေးရွာများအား ဈေးသင်္ဘောဖြင့် ပစ္စည်းများရောင်းချမည်

ကနီ၊ ဩဂုတ် ၂၇

လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ချင်းတွင်းမြစ်ကမ်းတစ်လျှောက်ရှိ မြို့ကြီးများနှင့် ကျေးရွာ ဆိပ်ကမ်းများသို့ ချင်းတွင်းဈေး သင်္ဘောဖြင့် ရောင်းချမည်ဖြစ်ကြောင်းလည်း သိရသည်။

ယင်းသို့ ဈေးသင်္ဘောဖြင့်သွားရောက်ရောင်းချရခြင်းသည်စက်မှုဝန်ကြီးဌာန၏ စီစဉ်ညွှန်ကြားချက်ဖြင့် စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သော ထုတ်ကုန်ပစ္စည်းများအားဈေးနှုန်းချိုသာစွာဖြင့် လူတန်းစားမရွေး ဝယ်ယူအသုံးပြုနိုင်ရန်နှင့် ပြည်သူများ လက်ဝယ်သို့ တိုက်ရိုက် ရောက်ရှိစေရန်ရည်ရွယ်ကြောင်းသိရသည်။

ဈေးသင်္ဘောသည် စက်တင်ဘာ ၁ ရက်မှစ၍ မုံရွာဆိပ်ကမ်းမှထွက်ခွာလာမည်ဖြစ်ပြီး ကနီမြို့သို့ မွန်းလွဲ ၁ နာရီတွင် ဆိုက်ကပ်မည်ဖြစ်သည်။

အဆိုပါ ချင်းတွင်းဈေးသင်္ဘောတွင်အဝတ်အထည်၊ ဆေးဝါးနှင့်စားသောက်ကုန်များ၊ လျှပ်စစ်ပစ္စည်းများ၊ ရေစုပ်စက်နှင့် ဇရာ(၂)ထွန်စက်များ တင်ဆောင်ကာ ၁၉ ရက်ကြာ ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် ဟုမ္မလင်းမြို့အထိ အစုန်အဆန် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းဌေးအောင်(ကနီ)**

ဓမ္မစကူးလ်ဖောင်ဒေးရှင်း၏ (၁၈၆) ကြိမ်မြောက် ဆရာဖြစ်သင်တန်း သင်တန်းသား ၆၀ တက်ရောက်မည်

ရန်ကုန်၊ ဩဂုတ် ၂၇

ဓမ္မစကူးလ်ဖောင်ဒေးရှင်း၏ (၁၈၆) ကြိမ်မြောက် ဆရာဖြစ်သင်တန်းကို ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတိဂုံဘုရားလမ်းပေါ်ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဓမ္မာရုံတွင် ဩဂုတ် ၂၆ ရက် နံနက် ၈ နာရီက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဓမ္မစကူးလ် ဆရာဖြစ်သင်တန်းကို သင်တန်းနည်းပြ ဆရာမ ဒေါ်ငွေရည်ဦးက စီစဉ်ဖွင့်လှစ်ခြင်းဖြစ်ပြီး နောင်လာမည့် မျိုးဆက်သစ်ကလေးများ ဗုဒ္ဓဓမ္မအသိများ ကိန်းအောင်းခြင်းဖြင့် အပြစ်ကင်းသော လူနေမှုဘဝပိုင်ရှင်လေးများ ဖြစ်လာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ဆရာမ ဒေါ်ငွေရည်ဦးအနေဖြင့် စီစဉ်ဖွင့်လှစ်သော ဓမ္မစကူးလ် ဆရာဖြစ်သင်တန်းမှာ ယခုအကြိမ်သည် ဒုတိယအကြိမ်ဖြစ်ကြောင်း သိရသည်။

ဓမ္မစကူးလ်ဖောင်ဒေးရှင်း ပေါ်ပေါက်ခဲ့သော နှစ်နှစ်ကျော်ကာလအတွင်း ဆရာဖြစ်သင်တန်းအား ၁၈၆ ကြိမ်အထိ ဖွင့်လှစ်ပို့ချခဲ့ကြောင်း၊ ယခုအချိန်အထိ ပထမတန်းမှ ပဉ္စမတန်းကလေးငယ်များနှင့် သင့်လျော်သော သင်ရိုးညွှန်းတမ်းများကို ရေးဆွဲကာ သင်ကြားပေးလျက်ရှိကြောင်း၊ ဆက်လက်၍ ဆဋ္ဌမတန်းမှ ဒသမတန်း ကျောင်းသားများအတွက် သင်ကြားနိုင်သော သင်ရိုးညွှန်းတမ်းများကိုလည်း ဆရာတော်သံဃာတော်များ၊ ကျွမ်းကျင်သော အတတ်ပညာရှင်များနှင့် အကြိမ်ကြိမ်ဆွေးနွေးတိုင်ပင်ညှိနှိုင်း၍ ရေးဆွဲလျက်ရှိကြောင်းနှင့် ယခုသင်တန်းတွင် သင်ကြားပို့ချပေးမည့် နည်းစနစ်မှာ ကလေးဗဟိုပြု ချဉ်းကပ်နည်း (CCA) ကို စာတွေ့လက်တွေ့သင်ကြား ပို့ချပေးမည်ဖြစ်ကြောင်း ဓမ္မစကူးဖောင်ဒေးရှင်းမှ အတွင်းရေးမှူး ဆရာတော် ဒေါက်တာ အရှင်ဉာဏဝံသက ဩဝါဒကထာ မိန့်ကြားသည်။

ဆက်လက်၍ ဆရာတော် အရှင်ဥတ္တမက မျိုးဆက်သစ်ကလေးငယ်များ ကိုယ်စိတ်နှလုံး သုံးပါးလုံး ယဉ်ကျေး သိမ်မွေ့ နူးညံ့စေရန် ဓမ္မစကူးလ်ပညာရေးစနစ် စတင်ခဲ့ကြောင်း၊ ယခုအချိန်အထိ ဆရာဖြစ်သင်တန်း ၁၈၀ ကျော်ဖွင့်လှစ်နိုင်ပြီး ဆရာ၊ ဆရာမ ၇၅၀၀ ကျော် သင်တန်းပို့ချ ပေးနိုင်ခဲ့ကာ ဓမ္မစကူးလ် ကျောင်းပေါင်း ၂၅၀၀ ကျော်ပေါ်ပေါက်လာခဲ့ပြီဖြစ်ကြောင်း၊ သို့ပါ၍ ဆရာတစ်ဦးလျှင် ကျောင်းသား ၄၀ ကျော်ကို သင်ကြားနိုင်သဖြင့် ကျောင်းသားပေါင်း ငါးသိန်းကျော်သင်ကြားပြသ လမ်းညွှန်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယူနက်စကို၏ မှတ်တမ်းအရ မြန်မာနိုင်ငံတွင် မူလတန်းကလေးငယ် ငါးသန်းရှိကြောင်း သိရသဖြင့် အဆိုပါ ကလေးငယ်များအတွက် ဓမ္မစကူးလ်ကျောင်းများ ဆက်လက်ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မိန့်ကြားသည်။

ထို့နောက် ဓမ္မစကူးဖောင်ဒေးရှင်းမှ ဘဏ္ဍာရေးမှူး ဆရာလေး ဒေါ်ခေမာစာရီက ဓမ္မစကူးလ်ကျောင်းများ ဖွင့်လှစ်ပေးခဲ့သည့်အတွက် ကလေးငယ်များ၏ စိတ်ထားများပြောင်းလဲသွားကာ သီလတည်းဟူသော ဓမ္မတို့ကို သိရှိရုံမျှမက လိုက်နာကျင့်ကြံတတ်လာသော ကောင်းကျိုးများကို မြင်တွေ့ရသဖြင့် ယနေ့ သင်တန်းတက်ရောက်ကြသော ဆရာ၊ ဆရာမများအနေဖြင့် ကလေးများကို အမှန်တကယ် နားလည်တတ်မြောက်ပြီး လိုက်နာကျင့်ကြံနိုင်သည့် အဆိုပါ ကလေးဗဟိုပြု သင်ကြားနည်း(CCA) အား သေချာစွာသင်ယူကြဖို့လိုကြောင်း ပြောကြားသည်။

ယခုသင်တန်းတွင် သင်တန်းသား ၆၀ တက်ရောက်မည်ဖြစ်ကြောင်း၊ အဆိုပါ သင်တန်းသားများအနက် ၁၁ ဦးမှာ ဧရာဝတီတိုင်းဒေသကြီးမှဖြစ်ကြောင်း၊ သင်တန်းတက်ရောက်သူများတွင် သံဃာတော် ခုနစ်ပါး ပါဝင်ကြောင်း၊ ဖွင့်လှစ်ပို့ချဆဲ ဓမ္မစကူးလ်မှာ ကိုးကျောင်းရှိကာ တိုးချဲ့အတန်းများ ဆက်လက်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သင်တန်းစီစဉ်သူ သင်တန်းနည်းပြဆရာမ ဒေါ်ငွေရည်ဦးက ပြောသည်။

ယင်းနောက် ဒေါ်ငွေရည်ဦးက သင်တန်းဆိုင်ရာများကို လျှောက်ထားပြီး ဆရာတော် ဒေါက်တာအရှင်ဉာဏဝံသက သင်တန်းကို ဖွင့်လှစ်ပေးသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၆၀ ကို သင်တန်းနည်းပြ ဆရာမ ဒေါ်ငွေရည်ဦးအပါအဝင် ဆရာ၊ ဆရာမလေးဦးတို့မှ သင်တန်းဖွင့်လှစ်သည့် နေ့မှစတင်ကာ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ခုနစ်ရက်တာ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

သင်တန်းနည်းပြ ဆရာမ ဒေါ်ငွေရည်ဦးသည် အဆိုပါ ဓမ္မစကူးလ်ဆရာဖြစ်သင်တန်းအပြင် သံသရာလမ်းညွှန် အဘိဓမ္မာသင်တန်းကိုတည်ထောင်ကာ အဘိဓမ္မာသင်တန်းများကို နှစ်စဉ်စဉ်ဆက်မပြတ်သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။ **သားကြီး**

စားသောက်ကုန်ပစ္စည်းများ ကျန်းမာရေးနှင့်ညီညွတ်ရန် စစ်ဆေး

ဝိုင်းမော်၊ ဩဂုတ် ၂၇

စားသောက်ကုန်ပစ္စည်းများကို ဝယ်ယူစားသုံးသူပြည်သူများကျန်းမာရေး အန္တရာယ်မဖြစ်စေရန်ကွင်းဆင်း ဆောင်ရွက်ခြင်းကို ဩဂုတ် ၂၄ ရက်က ဝိုင်းမော်မြို့နယ် မြို့ မဈေးသို့ တာဝန်ရှိသူများ သွားရောက်၍ စစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းသို့ သွားရောက်စစ်ဆေးရာတွင် ဝိုင်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကြီးကြပ်မှုအောက်ရှိ မြို့မဈေး၌ရောင်းချလျက်ရှိသော အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ အသီးအနှံများနှင့် အခြားစားသောက်ကုန်ပစ္စည်းများတွင် ဓာတုဆေးဝါးများ ပါဝင်မှု၊ ကျန်းမာရေးနှင့်ညီညွတ်မှုရှိ-မရှိကို မြို့မစည်ပင်သာယာဈေးအတွင်း ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။

ယင်းသို့ ကွင်းဆင်းဆောင်ရွက်ရခြင်းမှာ စားသောက်ကုန်ပစ္စည်းများသည် ကျန်းမာရေးနှင့်ညီညွတ်မှုရှိစေရန်ဖြစ်ပြီး မွေးမြူရေးနှင့်ကုသရေးဦး စီးဌာန၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီမှတာဝန်ရှိသူများနှင့် ဈေးကော်မတီဝင်များ လိုက်ပါခဲ့ကြောင်းသိရသည်။ **မြို့နယ်ပြန်/ဆက်**

မြို့ပေါ်ရပ်ကွက်ရှိ အလှူရှင်များမှ ဆေးပစ္စည်းများလှူ

ကလေး၊ ဩဂုတ် ၂၇

ကလေးမြို့ ပြည်သူ့ဆေးရုံကြီး ကလေးကုသဆောင်တွင် တက်ရောက်ဆေးကုသသော လူနာများအတွက် မြို့ပေါ်ရပ်ကွက်ရှိ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းနှင့်ဆေးဆိုင်ပိုင်ရှင်များမှ I.V Cannula No 22 ၄၀၀၀ ချောင်း၊ I.V Cannula No 24 ၅၀၀ချောင်း၊ P Set (JMS) ၂၀၀ ချောင်းကို စေတနာထက်သန်စွာ လှူဒါန်းကြကြောင်းသိရသည်။ ယင်းလှူဒါန်းပွဲသို့ ကလေး ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့်ကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌနှင့် ဖိတ်ကြားထားသော ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များ၊ ဆရာမများနှင့် အလှူရှင်များတက်ရောက်ခဲ့သည်။ **ဂျိုးနက်**







ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃)ရပ်ကွက်၊ ဆည်မြောင်းလမ်း၊ မြေကွက်အမှတ်(၅၈၂)အရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ ဆည်မြောင်းလမ်း၊ မြေကွက်အမှတ်(၅၈၂)၊ ပေ(၄၀×၆၀)ကျယ်သော ဦးဇော်မြင့်(AB-၀၁၅၇၆၅)အမည်ပေါက်သည့် ပါမစ်မြေကွက်ကို ကတိစာချုပ်အဆက်ဆက်ဖြင့် လက်ဝယ်ပိုင်ဆိုင်ကြောင်း၊ ဝန်ခံကတိပြုသူ ဦးဝေလင်းဖြိုး[၁၂/တမန(နိုင်)၁၀၀၀၈၂]ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် (စရန်ငွေ)ပေးချေ ခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်မာသော အထောက်အထားမူရင်းဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါကဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကြင်စိန် **B.Sc(MATHS) R.L**
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၆၀)
ဖုန်း-၀၉-၂၅၄၁၇၉၆၄၅၊ ၀၁-၇၀၇၂၈၁
အမှတ်-၂၀၆/၂၊ (၁၁)လမ်း၊ ၁၄/၁ရပ်ကွက်(မြင်သာ)၊ တောင်ဥက္ကလာပမြို့နယ်

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၆)ရပ်ကွက်၊ (၂၉)လမ်း၊ အမှတ်(၆၄)၊ အခန်းအမှတ်(၄၀)၊ ပေ(၁၂×၅၀) လူနေတိုက်ခန်းနှင့်ဆက်နွှယ်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ခိုင်က မူလပိုင်ဆိုင်သူ ဦးအောင်နိုင်ထံမှ ၂၈-၂-၂၀၁၄ရက်စွဲဖြင့် ကတိစာချုပ်ချုပ်ဆိုကာ ဝယ်ယူပိုင်ဆိုင်ထားခဲ့ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ လူနေတိုက်ခန်းကို ဦးကျော်ခိုင်တစ်ဦးတည်းမှသာ တရားဝင်ပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်မြင့်**(LL.B,H.G.P)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၂၄)
အမှတ်(၁၆)၊ ကျိုက္ခမီလမ်း၊ ကွင်းရပ်၊ မော်လမြိုင်မြို့
ဖုန်း-၀၅၇-၂၃၃၈၆၊ ၀၉-၈၇၀၀၇၄၉

ကျန်းမာရေးဆောင်းပါး

ငှက်ပျောသီးတစ်လုံး နေ့စဉ်သုံး

à a&Vifynfk

အမိမြန်မာပြည်၏ နေရာအတော်များများတွင် မြို့ပြသာမက ကျေးလက်ဒေသတွင်ပါ မြင်တွေ့နေရသော မြန်မာ့အစားအစာ သစ်သီးဝလံတွင် ငှက်ပျောသီးကိုတွေ့ရသည်။ 'အစာလည်းဆေး၊ ဆေးလည်းအစာ' ဖြစ်သကဲ့သို့ လူသားတစ်ဦးချင်းစီ၏ ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်ရန် နေ့စဉ်ငှက်ပျောသီးကို စားသုံးသင့်သည်။

မြန်မာနိုင်ငံတွင် ထောပတ်၊ ရခိုင်၊ နံ့သာပု၊ သီးမွှေး၊ ဖီးကြမ်း၊ သူငယ်စာ၊ ပျားရည်ဆမ်း၊ ရသာရုံ၊ ဆင်အံ၊ မယားမန်၊ ငှက်ပျောချဉ်၊ ရွှေနီ၊ ဝက်မလွတ်နှင့် တောငှက်ပျောမျိုးတို့မှာ ထင်ရှားသည်။ ငှက်ပျောသီးမှည့်ကို သကြားဖြူး၍ နေပူတွင် အခြောက်လှန်းပြီး တာရှည်ခံသော ငှက်ပျောခြောက်အဖြစ်ပြုလုပ်၍ အချိုတည်းသော အစားအစာအဖြစ် စားသုံးကြသည်။

ငှက်ပျောသီးတွင်ပါဝင်သော အမိုင်နိုအက်စစ်၊ ပိုတက်စီယမ်၊ မဂ္ဂနီစီယမ်၊ ဗီတာမင် A,B,C,B6 သံဓာတ်၊ မဂ္ဂနီစ်၊ အမျှင်ဓာတ်၊ ကယ်လိုရီ၊ သတ္တုဓာတ်၊ အကျိုးပြုဓာတ် Antioxidants တို့က ကျန်းမာရေးကို အဓိကအထောက် အပံ့ဖြစ်စေသည်။ ပိုတက်စီယမ်၊ အမျှင်ဓာတ်များက နှလုံးသွေးကြောနှင့်ဆိုင်သော အဖွဲ့အစည်းများအတွက် အကျိုးပြုသည်။ ပိုတက်စီယမ်ဓာတ်က နှလုံးလုပ်ဆောင်မှုအတွက် အကူအညီပေးသည်။ သွေးကြောကျဉ်းမှု၊ ရုတ်တရက်လေဖြတ်မှုကို အကာအကွယ်ပေးသည်။

ငှက်ပျောသီးတွင် ရေဓာတ် ၇၅ ရာခိုင်နှုန်းပါဝင်ပြီး ၎င်းတွင်ပါဝင်သော အမိုင်နိုအက်စစ်က ပင်ပန်းနွမ်းနယ်သော စိတ်ဖိစီးမှုကို သက်သာစေသည်။ အသားအရေနှင့် ဆံကေသာကိုအကျိုးပြုသည်။ မွဲခြောက်ခြောက်အရေပြားကို လှပစေသော ဗီတာမင်အေ၊ ပိုတက်စီယမ်က ငှက်ပျောသီးတွင်ပါဝင်သည်။ လူ့ခန္ဓာကိုယ်မှ အရေပြားကို နူးညံ့စေသည်။ အသားကို စိုပြည်စေသည်။ ငှက်ပျောသီးကို ခွက်တစ်ခွက်တွင် ပျစ်ပျစ်ကလေးချေပြီး သကြားတစ်ဇွန်းရောကာ အရေပြားပေါ် သုတ်လိမ်းပါ။ အရေပြားရှိဆဲလ်အသေများကို ဖယ်ရှားပြီး အရေပြားအစိုဓာတ်ကို ပေးနိုင်စွမ်းသည်။ ငှက်ပျောသီးအမှည့်ကို ဒိန်ချဉ်တစ်ခွက်တွင်ရောပြီး ဆံကေသာ တွင်သုတ်လိမ်း၍ မိနစ်အနည်းငယ်ကြာလျှင် ရေဆေးကြောပါ။ ဆံပင်သားများကို လှပစေသည်။

ပိုတက်စီယမ်က သွေးတိုးကိုလျှော့ချသည်။ ဦးနှောက်အတွင်းသို့ အောက်ဆီဂျင်ပိုမိုစီးဝင်စေသည်။ စဉ်းစားဉာဏ်ကောင်းမွန်စေသည်။ စိတ်ဓာတ်ကျရောဂါမဖြစ်အောင် တားဆီးပေးသည်။ ကိုလက်စထရောပမာဏကို ထိန်းညှိပေးနိုင်သည်။ ငှက်ပျောသီးသည် အစာလမ်းကြောင်းနှင့် မြူကပ်လွှာမှာ မျက်နှာပြင်ပျက်စီးမှုကို ကာကွယ်ပေးသည်။ အစာအိမ်အက်စစ်ဓာတ်ရန်မှ ကာကွယ်ပေးသည်။ အရည်အပျစ်များထုတ်လုပ်ရန် လှုံ့ဆော်သည်။ အရိုးဖွဲ့စည်းမှုကို ကောင်းမွန်စေသည်။ အရိုးအဖွဲ့အစည်းတွင် လိုအပ်သော ကယ်လ်ဆီယမ်၊ မဂ္ဂနီစီယမ်ဓာတ်ကို တိုးပွားစေသည်။ ကျောက်ကပ်နှင့် လုပ်ငန်းဆောင်ရွက်မှုများ မပျက်စီးအောင် ကာကွယ်ပေးသည်။ ငှက်ပျောသီးပုံမှန် စားသုံးခြင်းက ကျောက်ကပ်ကင်ဆာရောဂါကို ၄၀ ရာခိုင်နှုန်းလျော့နည်းစေသည်။

ငှက်ပျောသီးက သွေးဖိအားကို ပုံမှန်ဖြစ်စေနိုင်သောကြောင့် သွေးတွင်း အဆီဓာတ်လွန်ကဲ၍ သွေးလွှတ်ကြောကျဉ်းခြင်း၊ ရုတ်တရက်နှလုံးခုန်ရပ်ခြင်း၊ လေဖြတ်ခြင်းကို ကာကွယ်ပေးသည်။ ငှက်ပျောသီးမှ ဗီတာမင် B6 ဓာတ်က ရောင်ရမ်းမှုကို တားဆီးပေးသည်။ ဆီးချို မဖြစ်အောင်ကူညီသည်။ ဗီတာမင် C က ခန္ဓာကိုယ်မြင့်မားမှုအတွက် ကူညီပေးသည်။ ဆဲလ်များ ပျက်စီးမှုကိုလည်းဟန့်တား နိုင်သည်။ ဗီတာမင် A,B,C က အာရုံကြောအားနည်းမှု၊ အသားရည်ခြောက်ခန်းမှုမဖြစ်အောင် စွမ်းဆောင်နိုင်သည်။

ငှက်ပျောသီး နေ့စဉ်မှီဝဲစားသုံးခြင်းက မျက်စိစွမ်းဆောင်မှုကို အားဖြည့်ပေးသည်။ အသက်အရွယ်ကြီးရင့်ခြင်းကြောင့် မျက်စိအမြင်အာရုံချို့ယွင်းမှုကို ကာကွယ်ပြီး အာရုံခံအလွှာမှာ မက်ကျူလာ နေရာပျက်ယွင်းခြင်းကို လျော့နည်းစေသည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးများ အော့အန်လိုမှုကို တားဆီးပေးသည်။ လေတစ်ခြမ်းဖြတ်ခြင်း၊ ခြေထောက် ကြွက်တက်ခြင်း အန္တရာယ်ကို ကာကွယ်ပေးသည်။ ခန္ဓာကိုယ်တွင် ယားယံမှု၊ အဖုအပိန့်ပေါက်ခြင်းကို ငှက်ပျောခွံဖြင့်ပွတ်တိုက်က ပျောက်ကင်းနိုင်သည်။ အရက်နာကျခြင်း၊ ဆေးလိပ်ဖြတ်ခြင်းကိုလည်း ငှက်ပျောသီးက အထောက်အကူပြုသည်။ ငှက်ပျောသီးဖျော်ရည်ထဲသို့ ပျားရည်အနည်းငယ်ထည့်၍ သုံးစွဲပါက အစာအိမ်ရောဂါကို သက်သာစေသည်။ အမျိုးသမီးတို့အတွက် ဆံကေသာအလှနူးညံ့ပျော့ပျောင်းမှုကို ဖြစ်ပေါ်စေသည်။ အရေပြား အမည်းစက်၊ ဝက်ခြံနှင့် အမာရွတ်များသက်သာစေရန်အတွက် အထောက်အကူပြုသည်။

ငှက်ပျောသီးက ကိုယ်အလေးချိန် အချိုးအစားကို ပြုပြင်ပေးသည်။ လှပစေသည်။ ခြေထောက်အက်ကွဲပါက ငှက်ပျောသီးကို ကွဲအက်နေရာတစ်ဝိုက်တွင် ၁၀ မိနစ်ခန့် သုတ်လိမ်းပေးပါ။ ငှက်ပျောသီးတွင် ပင်ကိုယ်သဘာဝကပင် အဆီမပါ၍ လူကြီးလူငယ် အရွယ်မရွေးစားသင့်သည့် သစ်သီးဝလံဖြစ်သည်။ အရသာရှိပြီး စားသုံးသူအဖို့ အချိန်မရွေး သင့်မြတ်သည်။ အစာမရှိမီ ကယ်လိုရီကြွယ်ဝစေခြင်းကြောင့် ခန္ဓာကိုယ်ပိုဝလာနိုင်သည်။ လူ့ခန္ဓာကိုယ်ကို ကျန်းမာစေနိုင်သည်။ ဗိုက်ကိုလည်းဝစေပြီး ကျန်းမာရေးအတွက် အကျိုးပိုမိုဖြစ်ထွန်းစေနိုင်သည်။ လူတို့အတွက်စားသုံးရာ၌ အရသာပြည့်စုံကောင်းမွန်၍ အလွန်အနှစ်သာရ ပြည့်စုံကာ အာဟာရဓာတ်အပြည့်အဝ ဖြည့်စွမ်းပေးသော ငှက်ပျောသီးကို နေ့စဉ်စားသုံးခြင်းဖြင့် မိမိခန္ဓာကိုယ် ကျန်းမာရေးကို မြှင့်တင်ကြပါစို့။

သတင်းတို

မော်တင်စွန်းဘုရားရှိ ဖောင်တော်ဦး စေတီတော်ထီးတင်

ဟိုင်ကြီးကျွန်းမြို့၊ မော်တင်စွန်းဘုရားရှိ ဖောင်တော်ဦးစေတီတော် ထီးတင်ပွဲအခမ်းအနားကို ဩဂုတ် ၂၄ ရက်နံနက်၉ နာရီက ကျင်းပပြု လုပ်ခဲ့ကြောင်းသိရသည်။ အခမ်းနားသို့ ဒုတိယ ဗိုလ်မှူးကြီး မိုးဟိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်ထက်အောင် အလှူရှင် ဒေါ်ထားထားနွယ် (ရန်ကုန်)၊ ဌာနဆိုင်ရာများ၊ဘုရားဂေါပက၊ ဧည့်ပရိသတ်များ ၇၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဟိုင်းကြီး ပြန်/ဆက်**

ကျွန်းလှမြို့၌ သီတဂူ စက္ခုဒါနဆေးရုံဝင်း အတွင်း သစ်ပင်စိုက်ပျိုးခြင်းနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့၌ မကြာမီဖွင့်လှစ်တော့မည့် သီတဂူစက္ခုဒါနဆေးရုံဝင်းတွင် IBEC နာယကဆရာတော် ဦးသောဘိတ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးကျော်ညွှန့်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီများ၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊မြို့နယ်စည်ပင်သာယာရေးဌာနမှဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်ကျေးရွာနေ ပြည်သူများ၊ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ဆေးရုံဝင်းအတွင်းနှင့် နားနေဆောင် လမ်းတစ်လျှောက်တွင်စိုက်ပျိုးထားသော ကျွန်း၊ခရေ၊ အာသောက ပျိုးပင်တို့ကိုစိုက်ပျိုးကြပြီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)







ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃)ရပ်ကွက်၊ ဆည်မြောင်းလမ်း၊ မြေကွက်အမှတ်(၅၈၂)အရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ ဆည်မြောင်းလမ်း၊ မြေကွက်အမှတ်(၅၈၂)၊ ပေ(၄၀×၆၀)ကျယ်သော ဦးဇော်မြင့်(AB-၀၁၅၇၆၅) အမည်ပေါက်သည့် ပါမစ်မြေကွက်ကို ကတိစာချုပ်အဆက်ဆက်ဖြင့် လက်ဝယ်ပိုင်ဆိုင်ကြောင်း၊ ဝန်ခံကတိပြုသူ ဦးဝေလင်းဖြိုး[၁၂/တမန(နိုင်)၁၀၀၀၈၂]ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်(စရန်ငွေ)ပေးချေ ခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်မာသော အထောက်အထားမူရင်းဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါကဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကြင်စိန် **B.Sc(MATHS) R.L**
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၆၀)
ဖုန်း-၀၉-၂၅၄၁၇၉၆၄၅၊ ၀၁-၇၀၇၂၈၁
အမှတ်-၂၀၆/၂၊ (၁၁)လမ်း၊ ၁၄/၁ရပ်ကွက်(မြင်သာ)၊ တောင်ဥက္ကလာပမြို့နယ်

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၆)ရပ်ကွက်၊ (၂၉)လမ်း၊ အမှတ်(၆၄)၊ အခန်းအမှတ်(၄၀)၊ ပေ(၁၂×၅၀) လူနေတိုက်ခန်းနှင့်ဆက်နွယ်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ခိုင်က မူလပိုင်ဆိုင်သူဦးအောင်နိုင်ထံမှ ၂၈-၂-၂၀၁၄ရက်စွဲဖြင့် ကတိစာချုပ်ချုပ်ဆိုကာ ဝယ်ယူပိုင်ဆိုင်ထားခဲ့ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ လူနေတိုက်ခန်းကို ဦးကျော်ခိုင်တစ်ဦးတည်းမှသာ တရားဝင်ပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်မြင့်**(LL.B,H.G.P)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၂၄)
အမှတ်(၁၆)၊ ကျိုက္ခမီလမ်း၊ ကွင်းရပ်၊ မော်လမြိုင်မြို့
ဖုန်း-၀၅၇-၂၃၃၈၆၊ ၀၉-၈၇၀၀၇၄၉

PEP မှ ကျေးဇူးတင်လွှာ

ကျွန်တော်များ Red Horse Dairy Industries Limited. PEPပက်(ဝ်)နို့မှုန့် ထိပ်စီးပြိုင်ပွဲကြီး နိုင်ငံကျော်မျက်လှည့်ပညာရှင်Mr.Topဆရာမျက်လှည့်မျက်လှည့်ဖျော်ဖြေပွဲများကိုတိုင်း ဒေသကြီးများနှင့်ပြည်နယ်များရှိ မြို့အသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။

ထိုကဲ့သို့ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပံ့ပိုးကူညီပေးခဲ့ကြပါသော တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ အစိုးရ အဖွဲ့များ၊ သက်ဆိုင်ရာမြို့နယ် အသီးသီးမှ ဌာနဆိုင်ရာများ ၊ အဖွဲ့အစည်း အသီးသီးမှပုဂ္ဂိုလ်များ၊ မျက်လှည့်ဖျော်ဖြေရန် ကွင်းနေရာများအား ငှားပြုပေးကြသော အဖွဲ့အစည်းများ၊ ချစ်ခင်စွာကြွရောက်အားပေးကြပါသော PEPပက်(ဝ်)နို့မှုန့် ချစ်သူမိတ်ပြည်သူများ၊PEPပက်(ဝ်)ကိုဖြန့်ဖြူးရောင်းချပေးကြသောအရောင်းကိုယ်စားလှယ်ကြီးများ၊ ဝယ်ယူအားပေး ကြပါသောPEPပက်(ဝ်)နို့မှုန့် ချစ်သူမိတ်ပြည်သူများ အားလုံးနှင့် ကျေးဇူးတင် ထိုက်သူများအားလုံးကို အထူးကျေးဇူး တင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

PEP

Red Horse Dairy Industries Limited.

PEPပက်(ဝ်) မိသားစု + Mr.Top နှင့်အဖွဲ့

ရောင်းရန်(တိုက်ခန်း)
(ပွဲစားမလို)

စမ်းချောင်းမြို့နယ်၊ ဇလွန်လမ်း၊ 6.F (၇လွှာ)၊ ပေ(၂၅×၅၀)၊ ပါကေး၊ ကြွေပြား၊ သံပန်း၊ ဆန်းရှိတ်၊ အိပ်ခန်းကျယ်(၂)ခန်း၊ ရေ၊ မီးစုံ၊ ရှေ့/နောက်ဝရံတာပါ၊ ပြင်ဆင်ပြီး၊ အသင့်နေ၊ ဦးရာလူကို ရောင်းမည်။
(၆၁၅) သိန်း။
ဖုန်း-၀၉-၈၇၄၁၉၈၆

အမည်တစ်ဦးတည်းဖြစ်ကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အထက (၁၃)၊ ပဥ္စမတန်း(A)တွင် ပညာသင်ကြားနေသော အဖဦးဆန်းဝင်း[၉/ပဗသ(နိုင်)၀၀၇၇၀၂]၏သား မောင်မြင့်ဇော်ဝင်း(ခ)မောင်ဖိုးလမင်းမှာ အမည်တစ်ဦးတည်းဖြစ်ပါကြောင်း။

TAXI ငှားမည်

CE VAN ဒီဇယ်
8A/---
ဖုန်း-၀၉-၇၃၀၆၃၄၆၇

အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ ကြယ်တံခွန်ကိုယ်ပိုင်အထက်တန်းကျောင်း၊ (၁၀)တန်း(က)မှ မသက်မြတ်နိုးအား ယနေ့မှစ၍ ယွန်းပွင့်လွှာဟုပြောင်းလဲခေါ်ဆိုပါရန်။
ယွန်းပွင့်လွှာ

မီးစက်ရောင်းမည်

250 KVA-OPEN TYPE
CHINA MADE
(လက်ရှိအသုံးပြုနေသော)
ဖုန်း-၀၉-၇၃၁၁၅၃၂၉

တောင်ကြီးမြို့မြေရောင်းလိုသည်

တောင်ကြီးမြို့၊ ဖရဲငွေတောင်ရပ်၊ သက်စေ့ရန်အောင်ဘုရားအနီး၊ စံပယ်လမ်း၊ ပေ(၅၀×၅၀)၊ ရေရရှိပြီး၊ ခြံဝင်းခတ်ပြီး၊ ရောင်းချလိုပါသည်။ ရောင်းဈေး သိန်း(၅၅၀) အကျိုးဆောင်များလည်း ဆက်သွယ်နိုင်ပါသည်။

ဖုန်း-၀၉-၃၃၂၀၁၉၆၆၊ ၀၉-၅၀၀၅၉၂၅၊ ၀၉-၄၄၂၀၇၅၈၈၅

မြေရှင်ဒေါ်ခင်စန်းနှင့်အများသိစေရန်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်(၂)လမ်း၊ အမှတ်(၂၇) မြေပိုင်ရှင်ဖြစ်သူ ဒေါ်ခင်စန်းနှင့်ဦးဇော်ဦးတို့သည် ၂၂-၂-၂၀၁၁ရက်တွင် အခန်းပေးအခန်းယူစနစ်ဖြင့် ကန်ထရိုက်တိုက်ဆောက်လုပ်ရန် သဘောတူစာချုပ် ချုပ်ဆိုခဲ့ပါသည်။ မြေရှင်ဒေါ်ခင်စန်းမှ ဦးဇော်ဦးအပေါ်တွင် လှိုင်မြို့နယ်တရားရုံးတော်၌ တရားစွဲဆိုရာ ဦးဇော်ဦးမှ အမှုတွင် ရှုံးနိမ့်မှုမရှိခဲ့ပါ။ သို့သော်လည်း မြေရှင်ဒေါ်ခင်စန်းမှ ဦးဇော်ဦး၏ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် သက်ဆိုင်ရာ ဌာနဆိုင်ရာများတွင် ကန့်ကွက်စာများ တင်သွင်းထားခြင်းအား ရုပ်သိမ်းမှုမရှိသောကြောင့် ဦးဇော်ဦးအနေဖြင့် ဒေါ်ခင်စန်းပိုင်မြေပေါ်တွင် အဆောက်အအုံဆောက်လုပ်ခြင်းအား ဆောက်လုပ်ခွင့်မရ၍ ဆက်လက်မဆောက်လုပ်ရခြင်းဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ဦးဇော်ဦးနှင့် ဒေါ်ခင်စန်းတို့၏ ၂၂-၂-၂၀၁၁ရက်စွဲပါစာချုပ်သည် ပျက်ပြယ်ခြင်း မရှိသေးသောကြောင့် အဆိုပါမြေကွက်အား ဦးဇော်ဦး၏ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ လွှဲပြောင်းပေးအပ်ခြင်း၊ အခြား ကန်ထရိုက်များနှင့် အဆောက်အအုံဆောက်လုပ်ခြင်းတို့ကို မပြုလုပ်နိုင်ပါရန် တားမြစ်အသိပေးအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မာလာ(LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)
တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။
ဖုန်း-၀၉-၅၁၈၁၈၂၀

ခေါင်းရန်ရှိသည်

AUTO SERVICE CENTER သုံးပစ္စည်းများရောင်းမည်။

- Computer Wheel Alignment (1 Set)
- Lift များ
- Diagnostic စက်

09-421128445, 09-254205816, 09-73014462

ကန့်ကွက်နိုင်ကြောင်းအသိပေးကြော်ငြာချက်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ မြေကွက်အမှတ် ၄၅၄၁/၂၊ အကျယ် ပေ(၂၀×၁၃၀)၊ စတုရန်းပေ (၁၂၀၀)၊ ဧရိယာ (၀. ၀၂၇၅) ဧကရှိ ဒေါ်အုန်းသူ (N/OKA-085431) နှစ်(၆၀)မြေငှားဂရန်မြေနှင့် (၁)ထပ်အိမ်အပါအဝင် ရေ၊ မီး၊ မီတာ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်အုန်းသူထံမှ ၇-၁၁-၂၀၁၂ရက်စွဲပါ အထူးကိုယ်စားလှယ် အမှတ်-၁၇၈၀၈/၂၀၁၂ အရ လက်ခံရရှိလွှဲပြောင်းရောင်းချနိုင်ခွင့်ရှိသူ ဦးညီညီထွေး [၉/မသန(နိုင်)၀၈၁၇၇၁]ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပါဝင်သော ဤပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ တစ်ဦးတစ်ယောက်အနေဖြင့် ထိုအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်အား ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်ချိုချို[၁၂/ဥကမ(နိုင်)၀၃၁၁၂၄]
အမှတ်(၆၆၅)၊ ခေမာသီလမ်း၊ (စျ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၁၈/က)၊ မြေကွက်တည်နေရာအမှတ်(၁၈/က)၊ ကျော်သူ(၂၅)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဒေါ်ခင်စီ၊ ဦးတင်မောင်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် မိခင်(ဒေါ်ခင်စီ)၊ ဖခင်(ဦးတင်မောင်) သား(ဦးခင်မောင်မြင့်)တို့ အသီးသီးကွယ်လွန်သဖြင့် ဦးဇော်ဝင်း [၁၂/ဥကတ(နိုင်)၀၂၈၀၂၄]၊ ဒေါ်သန်းသန်းဌေး[၁၂/ဥကတ(နိုင်)၀၂၁၅၁၆]၊ ဦးမျိုးဇင်[၁၂/ဥကတ(နိုင်)၀၂၃၃၈၆]၊ ဒေါ်ခင်ဖြူဖြူ [၁၂/ဥကတ(နိုင်)၀၂၄၄၀၆]၊ ဒေါ်တင်တင်နွယ်[၁၂/ဥကတ(နိုင်)၀၂၁၅၁၃]၊ ဒေါ်သန်းသန်းအေး[၁၂/ဥကတ (နိုင်)၀၂၂၈၇၈]၊ ဒေါ်စန်းစန်းဖြင့်[၁၂/ဥကတ(နိုင်) ၁၃၇၄၉၉]တို့က သား၊ သမီး၊ ချွေးမတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်စွန့်လွှတ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၅)ရပ်ကွက်၊ တောင်ငူလမ်း၊ မြေကွက်အမှတ်-သကမ-၁၄/၅၁၉(က)၊ မြေအကျယ်ပေ(၂၀×၆၀)နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံတို့ကို ဦးမောင်စိုး အမည်ပေါက် မြေချပါမစ်ဖြင့် ပိုင်ဆိုင်လက်ရှိထားသူ ဦးမောင်မောင်[၁၂/လမန(နိုင်)၀၃၀၆၀၅]ထံမှ ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဦးကြည်ဝင်း[၁၂/လသယ(နိုင်)၀၂၈၈၃၃]နှင့်ဇနီး ဒေါ်စောထင်ရည် [၁၂/သလန(နိုင်)၀၇၅၃၆၀]တို့က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက အထောက်အထားမူရင်း စာရွက်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်သိန်း (စဉ်-၂၂၀၁၉)
အထက်တန်းရှေ့နေ
တိုက်-၂၊ အခန်း-၁၀၁၊ ဗိုလ်အောင်ကျော်အိမ်ရာ၊ (၇)ရပ်ကွက်၊
လှိုင်သာယာမြို့နယ်။ ဖုန်း-၀၉ ၅၁၈၆၇၉၈

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်ကျောင်းဒါယိကာမကြီး

ဒေါ်ခင်သန်းနွဲ့(ကျောက်တံခါး)

အသက်(၆၇)နှစ်

(ဦးထင်ကျော်)၏ဇနီး၊ ဗိုလ်မှူးချုပ်တေဇကျော်(တပ်မမှူး)-ဒေါ်ညိုတူးမာတို့၏မိခင် မောင်အောင်ကောင်းသန့်ကျော်၏ အဘွားဒေါ်ခင်သန်းနွဲ့သည် ၂၄-၈-၂၀၁၄(တနင်္ဂနွေနေ့)တွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ အနိစ္စ ကောင်းရာသုဂတိလားပါစေ။

ကိုဝေ-သီဂီ၊ ကိုဝင်းချို-ပြုံး၊ ကိုမင်းသိမ်းတင့်-သင့်သင့်၊ ကိုရဲ-ဥမ္မာ၊ ကိုဝင်းမော်-ဆွေဆွေ၊ မေသူ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးမျိုးမင်းကျော်

အသက်(၅၀)

ဦးမျိုးမင်းကျော် (ဒုတိယညွှန်ကြားရေးမှူး)၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန(နေပြည်တော်)သည် ၂၂-၈-၂၀၁၄ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မန္တလေးဌာနခွဲမှဝန်ထမ်းများ
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးချန်ဒရာဒေးပရာကပ်ရှ်(ခ)C.D.Prakash(ခ)ဦးမောင်မောင်

ဉက္ကဋ္ဌ(ရွှေစူပါလိုက်ကုမ္ပဏီ)

အသက်(၆၆)နှစ်

ဦးမောင်မောင်ဦး-ဒေါ်ဟေမာ၊ ဒေါက်တာထွန်းထွန်းဝင်း-ဒေါ်ကီရန်၊ ကိုညဏ်ဝင်း-ဒေါ်ရာသာ၊ ကိုဇော်ဝင်းတို့၏ ဖခင်ကြီး ဒေါ်စန်းမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ဦးမောင်မောင်(ဉက္ကဋ္ဌ၊ ရွှေစူပါလိုက်ကုမ္ပဏီ)သည် ၁၇-၈-၂၀၁၄ရက် နံနက် ၁၁း၅၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံလုံးဆိုင်ရာတမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်မြမြ

အသက် (၈၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဗိုလ်ဆွန်ပက်လမ်းနေ ဒေါက်တာငွေအောင်-ဒေါ်မြင့်မြင့်လှိုင်တို့၏ မိခင်ကြီးဖြစ်သူ ဟင်္သာတမြို့နယ်၊ ရုံးကြီးရပ်၊ ဦးရွှေတွင်းလမ်း၊ အမှတ်-၂၆၃နေ ဒေါ်မြမြ (၈၃)နှစ်သည် ၂၂-၈-၂၀၁၄ရက်(သောကြာနေ့) နံနက် ၆း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

လှိုင်ထိပ်ခေါင်အအေးခန်းမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးချန်ဒရာဒေးပရာကပ်ရှ် (ခ) C.D.Prakash (ခ)

ဦးမောင်မောင်

ဉက္ကဋ္ဌ (ရွှေစူပါလိုက်ကုမ္ပဏီ)

အသက် (၆၆) နှစ်

သနာတနဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ်၊ ဇနကလျာဏအသင်း၊ မင်္ဂလာဓမ္မ ရိပ်သာနှင့် လူငယ်ဖွံ့ဖြိုးရေးအစရှိသော လိုအပ်ချက်များကို ပါဝင်လှူဒါန်းသောအလှူရှင်သည် ၁၇-၈-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိပါ၍ ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ကော်မတီများအဖွဲ့
သနာတနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်
ဇနကလျာဏအသင်း
ကျိုက်အင်းကျေးရွာ၊ သန်လျင်မြို့နယ်။

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးချန်ဒရာဒေးပရာကပ်ရှ်(ခ)C.D.Prakash(ခ)ဦးမောင်မောင်

ဉက္ကဋ္ဌ(ရွှေစူပါလိုက်ကုမ္ပဏီ)

အသက်(၆၆)နှစ်

ဦးမောင်မောင်ဦး-ဒေါ်ဟေမာ၊ ဒေါက်တာထွန်းထွန်းဝင်း-ဒေါ်ကီရန်၊ ကိုညဏ်ဝင်း-ဒေါ်ရာသာ၊ ကိုဇော်ဝင်းတို့၏ ဖခင်ကြီး ဒေါ်စန်းမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ဦးမောင်မောင်(ဉက္ကဋ္ဌ၊ ရွှေစူပါလိုက်ကုမ္ပဏီ)သည် ၁၇-၈-၂၀၁၄ရက် နံနက် ၁၁း၅၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဟိန္ဒူမိသားစုဝင်များ ဆီမီး(၅၀၀၀)အဖွဲ့

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးချန်ဒရာဒေးပရာကပ်ရှ်(ခ)C.D.Prakash(ခ)ဦးမောင်မောင်

ဉက္ကဋ္ဌ(ရွှေစူပါလိုက်ကုမ္ပဏီ)

အသက်(၆၆)နှစ်

